# ကြေးမုံ

The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်ထုတ်ဝေသည်။

Established in 1957

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့၊ (13-7-2015) (၈၂၆၀)


## ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်

ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသောရည်ရွယ်ချက် ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့ အကျိုး၊ အဲဒီလို တူညီတဲ့ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုး ဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ်ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*

# ကျောက်တန်းဒေသကို စိုက်ပျိုးရေးသာမက အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်သည့်ဒေသဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်

ရန်ကုန် ဇူလိုင် ၁၂

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာနှင့် ပန်းချောင်းကျေးရွာသို့ မော်ဝန်းချောင်းကို ဖြတ်သန်းတည်ဆောက်ထားသည့် မော်ဝန်းတံတားဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါတံတားအနီးရှိ ယာယီမဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်ဝန်းတံတားပေါ် သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နိုင်ငံတော်သမ္မတအနေဖြင့် ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လာမည့်နှစ်များတွင်လည်း ဆက်လက်အကောင်အထည်ဖော်ပေးစေလို။**




# ကြက်ပျံမကျတိုးမပေါက်အောင် စည်ကားသိုက်မြိုက်ခဲ့သည့် မော်ဝန်းတံတားဖွင့်ပွဲကြားက ဝမ်းသာပီတိစကားသံများ

တွေ့ဆုံမေးမြန်း-ဝင်းဝင်းမော်၊ နေလင်း
ဓာတ်ပုံ - ဇော်မင်းလတ်၊ ရဲထွဋ်

**ကြက်ပျံမကျစည်ကားသိုက်မြိုက်သည့် မြင်ကွင်းမျိုးကို မြင်တွေ့နိုင်ရန်မှာ အလွန်ပင်ခက်ခဲလှသည်။ ထိုသို့ ကြက်ပျံမကျစည်ကားသည့် မြင်ကွင်းကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ရှိ မော်ဝန်းတံတားဖွင့်ပွဲ အခမ်းအနားတွင် အံ့သြဘနန်းမြင်တွေ့လိုက်ရသည်။**

မော်ဝန်းတံတား ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို နိုင်ငံတော်သမ္မတကြီးဦးသိန်းစိန် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီးသည်နှင့် ကျောက်တန်းမြို့၏ ဟိုမှာဘက်ကမ်း တောင်ဘက်ခြမ်း ကျေးရွာများနှင့် သည်မှာဘက်ကမ်း မြောက်ဘက်ခြမ်းကျေးရွာများရှိ သောင်းနှင့်ချီသော ဒေသခံပြည်သူများသည် တံတားကြီးပေါ်တွင် တိုး၍မပေါက်အောင် ပိတ်ဆို့သွားသည်။


ဦးမြင့်စိုး။

ဤမော်ဝန်းတံတား ဖွင့်လှစ်နိုင်ခြင်းသည် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်နှင့် ဆက်စပ်ကျေးရွာအုပ်စုများအတွက် ကြီးမားကျယ်ပြန့်သော ဖွံ့ဖြိုးတိုးတက်မှု၏ ကနဦးအစ ဖြစ်ပေလိမ့်မည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဒေသခံပြည်သူများအား နှုတ်ခွန်းဆက်အမှာစကားတွင် ဤဒေသ၏ ကြီးမားသော အခွင့်အလမ်းနှင့် အနာဂတ် မျှော်မှန်းချက်များကို ထည့်သွင်း ပြောကြားခဲ့ပေသည်။ သို့ဖြင့် မော်ဝန်းတံတားဖွင့်ပွဲအခမ်းအနားတွင် ဒေသခံပြည်သူများ၏ ဝမ်းသာပီတိ စကားသံများကို ကောက်နုတ်စုစည်း တင်ပြလိုက်ပါသည်။

**ဦးမြင့်စိုး**
**(ချောင်းဝကျေးရွာ-အုပ်ချုပ်ရေးမှူး)**

ကျွန်တော်က လယ်ယာလုပ်ငန်း လုပ်ကိုင်ပါတယ်။ အခုဒီတံတားကြီး ဆောက်လုပ်ပြီးချိန်က စပြီးတော့ ကျေးရွာလူတွေက ရန်ကုန်ကို


ဦးအောင်ကျော်ခင်။

ကားနဲ့သွားပြီး ဈေးဝယ်လို့ရပြီ။ အရင်တုန်းကတော့ စက်လှေတွေ အသုံးပြုပြီး သွားလာရတယ်။ ရေလမ်းဆိုတော့ အခက်အခဲတော့ရှိပါတယ်။ ကိုယ်သွားချင်တိုင်း သွားလို့မရဘူး။ အခုဆိုရင် ကားလမ်းတွေဖောက်တဲ့အခါ ချောင်းဝကနေ ကျောက်တန်းကို ဆိုင်ကယ်နဲ့သွားသွား၊ ကားနဲ့သွားသွား သွားလို့ရတယ်။ ဒီတံတားကြီး ဆောက်လုပ်တဲ့အတွက် ရန်ကုန်အရောက် တိုက်ရိုက်သွားနိုင်ပြီး ကျေးရွာပြည်သူတွေအတွက် အလွန်ပဲ အကျိုးကျေးဇူးရှိပါတယ်။ မြန်မြန်ဆန်ဆန်နဲ့ အဆင်ပြေပြေ သွားလာနိုင်ပါပြီ။ အရင်ကဆို သီးနှံ၊ ဆန်စပါးတွေ ပို့မယ်ဆိုရင် ကျောက်တန်းကို စက်လှေနဲ့အရင် ပို့ရတယ်။ ကျောက်တန်းကနေတစ်ဆင့် သန်လျင်နဲ့ ရန်ကုန်ကို တစ်ဆင့်ထပ်ပို့ရတယ်။ အခုတော့ ကားနဲ့သန်လျင် ပို့မလား၊ ရန်ကုန်ပို့မလား ကြိုက်တာ ပို့လို့ရနေပါပြီ။ ချောင်းဝက တံတားကြီးနဲ့ ၂၅ မိုင်လောက်ဝေးပါတယ်။ အရင်က ဒီဘက်ကို လာချင်ရင် သုံးခွဘက်ကပတ်ပြီး လာရတယ်။


ဆရာမဒေါ်ဌေးရီ။

ရန်ကုန်နဲ့ သန်လျင်ကို ဘုရားကုန်းလမ်းဆုံကနေခွဲပြီးသွားရတယ်။ အခု ဒီတံတားဖွင့်တာကြောင့် လွယ်လင့်တကူသွားလို့ရပြီ။

**ဦးအောင်ကျော်ခင်**
**(ကျောက်တန်း**
**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**

အရင်တုန်းက ဒီကျောက်တန်းဒေသဟာ ချောင်းမြောင်းတွေလည်းပေါတယ်။ နောက်ပြီး မိုးလည်းများတယ်။ သွားလာရခက်ခဲတဲ့ဒေသပါ။ အခုတော့ တံတားကြီးတည်ဆောက်လိုက်တော့ ဒေသခံတွေ အတိုင်းမသိဝမ်းသာရပါတယ်။ အိပ်မက်တွေ အကောင်အထည်ဖော်နိုင်တဲ့ အိပ်မက်တံတားလို့တောင် ပြောလို့ရပါတယ်။ အရင်က ရေလမ်းပဲ အသုံးပြုသွားနေရတာ။ ရေလမ်းဆိုတာက မော်ဝန်းချောင်းကို အဓိကထားတယ်။ ခရီးစဉ်တစ်ခုကို သွားရင် တစ်နာရီ၊ နှစ်နာရီလောက် အချိန်ယူရတယ်။ တံတားမြို့နယ်ဝန်းကျင်မှာရှိတဲ့ ကျေးရွာတွေ၊ ကျောက်တန်း၊ ရန်ကုန်၊ သန်လျင် သွားမယ်ဆိုရင် ရေလမ်းမှာရေတက်


ဦးကြည်ဝင်း။

ရေကျ စောင့်ပြီးမှသွားရတယ်။ အခုဆိုရင်တော့ တံတားမြို့နယ်သွားမယ်ဆိုရင် နာရီဝက်၊ ၄၅ မိနစ်လောက်ဆိုရောက်ပြီ။ နောက်ဒေသက ထွက်တဲ့ ကောက်ပဲသီးနှံတွေ ဆန်စပါးတွေ ပို့ဆောင်တဲ့အခါ ဒီတံတားကြီးကို အသုံးပြုပြီး အချိန်တိုတိုနဲ့သွားလာနိုင်ပြီ။ ပညာရေးနဲ့ပတ်သက်လာရင်လည်း ကျောင်းသား ကျောင်းသူတွေ၊ နည်းပညာတက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ သမဝါယမတက္ကသိုလ်တွေကို အချိန်တိုအတွင်း သွားလာတက်ရောက်နိုင်ပြီဖြစ်တယ်။ ဒေသအတွက် အများကြီးအကျိုးရှိပါတယ်။ ဖွံ့ဖြိုးမှုအတွက်လည်း အလွန်ပဲ အထောက်အကူပြုပါတယ်။ အရင်ကဆို တံတားမြို့နယ်အပါအဝင် အနီးအနားကျေးရွာတွေက သုံးခွကနေ ရန်ကုန်-သန်လျင်ကို မိုင် ၃၀ ခရီး သွားရတယ်။ နှစ်နာရီ၊ သုံးနာရီသွားရတယ်။ အခုဆို သုံးခွဘက် ပတ်နေစရာမလိုတော့ဘူး။ ဒီတံတားပေါ်ကနေ ကျောက်တန်း၊ သန်လျင်ကို သွားလို့ရပြီ။ ဒါကြောင့် နိုင်ငံတော်ကို အများကြီး ကျေးဇူးတင်ပါတယ်။ အစိုးရသစ်လက်ထက်မှာ ဒေသဖွံ့ဖြိုးအောင် ဖော်ဆောင်ပေးတဲ့အတွက် တကယ်ကို ကျေးဇူးတင်ပါတယ်။ အရင်ကလည်း ဒီတံတားနေရာမှာ လမ်းအူကြောင်းရှိထားတယ်။ အခု


ကိုသန်းဌေး။

အစိုးရသစ်လက်ထက်မှာ နိုင်ငံတော်ရဲ့ငွေကြေးတွေ အကုန်အကျခံပြီး တည်ဆောက်ပေးခဲ့တဲ့အတွက် ဒေသခံပြည်သူတွေကိုယ်စား နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။

**ဆရာမဒေါ်ဌေးရီ**
**အလယ်တန်းကျောင်းအုပ်**
**(ကျောက်တန်း)**

တံတားလည်းထိုး၊ လမ်းလည်းကောင်းသွားတော့ ကျောင်းသားကျောင်းသူတွေနဲ့ ဝန်ထမ်းတွေအတွက် သွားရေးလာရေး အဆင်ပြေသွားတယ်။ အချိန်မီအစည်းအဝေးတွေ တက်နိုင်တယ်။ သတင်းပို့လိုက်တာနဲ့ ချက်ချင်းသွားနိုင်လာနိုင်တယ်။ အရင်တုန်းက ဒီဘက်ကသွားရေးလာရေး အဆင်မပြေဘူး။ ဒီဘက်ကနေ ကျောက်တန်းသွားမယ်ဆို စက်လှေနဲ့သွားရတယ်။ ပညာသင်ကြားနေတဲ့ ကလေးတွေအတွက်လည်း သွားရေးလာရေး အရမ်းခက်ခဲတယ်။ အခုလို အချိန်တိုအတွင်းမှာ လမ်းတွေကောင်းပြီး တံတားကြီးဆောက်ပေးလိုက်တော့ အားလုံးအတွက် သွားရေးလာရေး အဆင်ပြေသွားပါတယ်။

**ဦးကြည်ဝင်း**
**(လယ်သမား-ပုတ္တလုပ်ကျေးရွာ)**

အရင်က ဒီကနေ ကျောက်တန်းကို သွားမယ်ဆို ရေလမ်းခရီးက ခြောက်နာရီလောက် ကြာအောင် မော်တော်စီးသွားရတယ်။ မိုးရာသီဆိုရင် မော်တော်နဲ့သွားရတော့ မိုးကရွာ၊ လေကထန်တော့ အသက်အန္တရာယ်တောင် စိုးရိမ်ရတယ်။ စပါးတွေကိုလည်း မော်တော်နဲ့ ကျောက်တန်းကိုပို့၊ ကျောက်တန်းကနေ ရန်ကုန်ကိုပို့ အဆင့်ဆင့်ဖြစ်ပြီးတော့ အချိန်လည်းကုန် လူလည်းပန်းပေါ့။ အခု လမ်းကလည်းကောင်းသွားပြီ။ တံတားလည်းပြီးသွားပြီဆိုတော့ ကျောက်တန်းနဲ့ ရန်ကုန်ကို ကားနဲ့ အချိန်တိုအတွင်း တိုက်ရိုက်သွားလို့ရသွားပြီ။ လယ်သမားတွေ စပါးဈေးကွက်ကအစ ဈေးကွက်အခြေအနေကို ချက်ချင်းသိနိုင်ပါပြီ။

**ကိုသန်းဌေး(မင်္ဂလွန်းရွာ)**

ရန်ကုန်ကိုသွားရင် သုံးခွဘက်ကနေသွားရင်သွား၊ မသွားရင် ဒီကနေ စက်လှေစီးပြီး ကျောက်တန်းကိုသွား၊ ကျောက်တန်းကနေတစ်ဆင့် ရန်ကုန်ကို သွားရတယ်။ အခု တံတားတည်ဆောက်ဖွင့်လှစ်ပေးတော့ ဖြတ်လမ်းသဘောဖြစ်သွားပြီး ခရီးကတအားနီးသွားတယ်။ နေ့ညအချိန်မရွေး သွားလို့ရသွားတယ်။ ဒီဘက်မှာက မိုးစပါးစိုက်တယ်။ နွေကျမှ ပဲစိုက်တယ်။ ကုန်စည်ပို့ဆောင်ရေးက ရေလမ်းကိုပဲအားကိုးရတာ။ ရေလမ်းကတစ်ဆင့် မော်တော်နဲ့သယ်ရတာ။ ရန်ကုန်ကို တိုက်ရိုက်ပို့ဖို့ခက်ခဲတယ်။ အခုကျ ကားနဲ့တစ်ခါတည်းပို့လို့ရသွားပြီ။



မော်ဝန်းတံတားဖွင့်ပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများကို တွေ့ရစဉ်။ (သတင်းစဉ်)

# မက္ကစီကို ထိပ်တန်းမူးယစ်ရာဇာ အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်

**မက္ကစီကိုစီးတီး ဇူလိုင် ၁၂**

မက္ကစီကိုနိုင်ငံ၏ထိပ်တန်းမူးယစ်ရာဇာ ဂျိုရာကွင် ဂုတ်ဇ်မန်သည် လုံခြုံရေးတင်းကျပ်လျက်ရှိသည့် အကျဉ်းထောင်တစ်ခုမှ ထပ်မံထွက်ပြေးလွတ်မြောက်သွားပြီ ဖြစ်ကြောင်း အာဏာပိုင်များက ဆိုသည်။

ဂျိုရာကွင် ဂုတ်ဇ်မန်ကို အတီပလက်နိုအကျဉ်းထောင်တွင် ရေချိုးနေစဉ် ဇူလိုင် ၁၁ ရက်ညက နောက်ဆုံးတွေ့မြင်ခဲ့ရကြောင်း မက္ကစီကို အမျိုးသားလုံခြုံရေးကော်မရှင်က ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ပါရှိသည်။

ဂျိုရာကွင်သည် အမေရိကန်နိုင်ငံသို့ မူးယစ်ဆေးဝါးများကို မှောင်ခိုတင်သွင်းရောင်းချသော ကမ္ဘာ့အင်အားအကြီးဆုံး ဆီနာလိုရာအဖွဲ့ခေါင်းဆောင်တစ်ဦး ဖြစ်သည်။ အမေရိကန်နိုင်ငံသို့ တင်သွင်းသော မူးယစ်ဆေးဝါးလေးပုံတစ်ပုံကို ဆီနာလိုရာအဖွဲ့က တင်သွင်းကြောင်း သိရသည်။

မက္ကစီကိုစီးတီးအနီးရှိ အတီပလက်နိုအကျဉ်းထောင်တွင် တာဝန်ရှိသူများက ဂျိုရာကွင်၏အိပ်ခန်းသို့သွားရောက်စစ်ဆေးရာ ၎င်းထွက်ပြေးလွတ်မြောက်သွားကြောင်း သိခဲ့ရသည်။ အကျဉ်းထောင်အနီးဝန်းကျင်ရှိ တိုလူကာ လေဆိပ်လေကြောင်းလိုင်းများကို ယာယီဆိုင်းငံ့ထားပြီး အဝေးပြေးကားလမ်းများတွင် အာဏာပိုင်များက လွတ်မြောက်အကျဉ်းသားအား ရှာဖွေမှုများ လုပ်ဆောင်လျက်ရှိသည်။

၁၉၉၃ ခုနှစ်တွင် ဂျိုရာကွင်ကို ဂွါတီမာလာတွင် အာဏာပိုင်များက လက်ရဖမ်းဆီးခဲ့ပြီး ထောင်ဒဏ်နှစ် ၂၀ ချမှတ်ခဲ့သည်။ သို့သော် ၂၀၀၁ ခုနှစ်တွင် တာဝန်ကျဝန်ထမ်းများကို လာဘ်ထိုးပြီး အဝတ်လျှော်ခြင်းတောင်းထဲတွင် ပုန်းအောင်းကာ အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ၎င်းအား မက္ကစီကိုအာဏာပိုင်များက ပြန်လည်ဖမ်းဆီးနိုင်ခဲ့မှုမှာ အောင်ပွဲတစ်ရပ်ဖြစ်သည်။ အမေရိကန်နိုင်ငံက ဂျိုရာကွင်ကို မူးယစ်ဆေးဝါးမှောင်ခိုတင်သွင်းမှုဖြင့် စွဲချက်တင်ထားသည်။

**ဆင်ဟွာ။**



၂၀၁၄ ခုနှစ်က အာဏာပိုင်များက မူးယစ်ရာဇာ ဂျိုရာကွင်ကို ပြန်လည်ဖမ်းမိခဲ့သည်ကို တွေ့ရစဉ်။

# ဗြိတိန်၌ အီးစီးကရက်မီးအန္တရာယ် သတိပေးချက်ထုတ်ပြန်ထား

**လန်ဒန် ဇူလိုင် ၁၂**

ဗြိတိန်နိုင်ငံတစ်ဝန်းတွင် အီးစီးကရက် အားသွင်းစက်ပေါက်ကွဲခြင်းကြောင့် ဖြစ်ပွားသော မီးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း ယင်းသို့ပေါက်ကွဲသဖြင့် မီးလောင်မှုအကြိမ် ၁၀၀ ကျော်ခဲ့ကြောင်း မီးသတ်ဌာနမှ ပြောကြားသည်ဟု ယနေ့သတင်းများတွင် ဖော်ပြသည်။

မီးသတ်နှင့်ကယ်ဆယ်ရေးအာဏာပိုင် ၄၉ ဖွဲ့ကို ကိုယ်စားပြုသည့် ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်းအရုံး (အဲလ်ဂျီအေ)က အီးစီးကရက်ထုတ်လုပ်သူများအနေဖြင့် ဘူးများပေါ်တွင် အန္တရာယ်သတိပေးသောစာများ ရေးသားပေးစေလိုသည်။

မီးလောင်မှုအများဆုံးဖြစ်ရသည်မှာ မှားယွင်းသည့် အားသွင်းစက်များကို အသုံးပြုခြင်းကြောင့်ဟု မီးသတ်ဌာနအကြီးအကဲများက ပြောသည်။

အီးစီးကရက်ကိရိယာနှင့် ကိုက်ညီမှုမရှိသော အားသွင်းစက်ကို အသုံးပြုမိခဲ့လျှင် ဘက်ထရီအတွင်း လျှပ်စစ်ဓာတ်အမြောက်အမြား စီးဝင်သွားကာ လိုအပ်သည်ထက်ပိုမိုပူလာပြီး ပေါက်ကွဲမှုဖြစ်ပွားသည်ဟုဆိုသည်။

ဗြိတိန်တွင် အီးစီးကရက် သောက်သုံးသူ နှစ်သန်းကျော်ရှိသည်ဟု ခန့်မှန်းသည်။ အီးစီးကရက်သည် နီကိုတင်းအရည်ကို အငွေ့အဖြစ် ပြောင်းလဲစေသော်လည်း ဆေးရွက်ကြီးပါဝင်ခြင်းမရှိသကဲ့သို့ မီးခိုးငွေ့လည်း မထွက်ပေ။

အီးစီးကရက် သောက်သုံးသူများသည် သင့်လျော်မှုမရှိသော သို့မဟုတ် တန်ဖိုးနည်းသော အားသွင်းစက်များကို အသုံးပြုကြသည်ဟု အဲလ်ဂျီအေက ပြောသည်။

ငွေကြေးအနည်းငယ်သက်သာရန် အန္တရာယ်ရှိသော သို့မဟုတ် မသင့်လျော်သော အားသွင်းစက်များကို ဝယ်ယူသုံးစွဲခြင်းဖြင့် ၎င်းတို့၏ အသက်အား အန္တရာယ်ပေးသည်ဟု အဲလ်ဂျီအေက ထပ်မံပြောကြားသည်။

မီးသတ်ဌာနများ အဆိုအရ ၂၀၁၂ ခုနှစ်တွင် အရေးပေါ်ဌာနများသည် အီးစီးကရက်နှင့်ပတ်သက်သည့် မီးလောင်မှုဖြစ်ပွား၍ ဖုန်းခေါ်ဆိုမှု ရှစ်ကြိမ် လက်ခံခဲ့ရသည်။ ၂၀၁၃ ခုနှစ်တွင် ဖုန်းခေါ်ဆိုမှု အကြိမ် ၄၀ ကျော်သို့တိုးလာပြီး ၂၀၁၄ ခုနှစ်တွင် ၆၀ ကျော်ခဲ့သည်။

အချို့သော အီးစီးကရက်အားသွင်းစက် မီးလောင်မှုများကို သတင်းပေးပို့ခြင်းမရှိဟု အဲလ်ဂျီအေက ပြောသည်။

**ရိုက်တာ။**

# ရှေ့နေအချို့ကို ဖမ်းဆီးထားသည်ဟု တရုတ်နိုင်ငံပိုင်မီဒီယာ ထုတ်ပြန်

**ပေကျင်း ဇူလိုင် ၁၂**

တရုတ်အာဏာပိုင်များသည် ရှေ့နေအချို့ကို ဖမ်းဆီးထိန်းသိမ်းထားသည်ဟု တရုတ်နိုင်ငံပိုင်မီဒီယာက ထုတ်ပြန်ကြေညာသည်။

တရုတ်အာဏာပိုင်များသည် လူ့အခွင့်အရေးလှုပ်ရှားသည့် ရှေ့နေများနှင့် စီးပွားရေးအကျိုးဆောင်ရှေ့နေများကို နိုင်ငံတစ်ဝန်းလုံးတွင် လွန်ခဲ့သည့် ကြာသပတေးနေ့ကတည်းက ဖမ်းဆီးထိန်းသိမ်းခြင်း သို့မဟုတ် ယာယီခေါ်ဆောင်သွားခြင်းများပြုလုပ်ခဲ့သည်။ ဖမ်းဆီးထိန်းသိမ်းခံထားရသူရှေ့နေများတွင် နာမည်ကျော်ရှေ့နေအမျိုးသမီး ဝမ်ယုလည်း တစ်ယောက်အပါအဝင်ဖြစ်သည်။ သတင်းများ၏အဆိုအရ ဖမ်းဆီးထိန်းသိမ်းခံထားရသူ ရှေ့နေ ၅၀ ခန့်ရှိသည်ဟု သိရသည်။

တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက အဆိုပါဖမ်းဆီးမှုသတင်းကို တနင်္ဂနွေနေ့တွင် ပထမဆုံးအကြိမ်ထုတ်ပြန်ကြေညာခဲ့ပြီး ဖမ်းဆီးမှုကို တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ဦးဆောင်ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဝမ်အလုပ်လုပ်သည့် စီးပွားရေးကုမ္ပဏီသည် လူ့အဖွဲ့အစည်းကို လမ်းမှားရောက်စေနိုင်သည့် ပြစ်မှုကြီးတစ်ခုကျူးလွန်ခဲ့သည်ဟုယူဆရပြီး ၂၀၁၂ ခုနှစ် ဇူလိုင်လကတည်းက လက်ခံနိုင်ဖွယ်မရှိသည့် ပြစ်မှု ၄၀ ကျော်ကို လှုံ့ဆော်ထားသည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လေ့လာစောင့်ကြည့်သူများက ယခုဖမ်းဆီးမှုသည် အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများကို နှိမ်နင်းခြင်းနှင့် ပြည်သူ့အခွင့်အရေးများကို ကာကွယ်သည့် လုပ်ဆောင်ချက်များဖြစ်သည်ဟု ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

၀၀၀

## ယီမင် အပစ်အခတ်ရပ်စဲရေး ချိုးဖောက်

**ဆာနား(ယီမင်) ဇူလိုင် ၁၂**

ယီမင်နိုင်ငံတွင် ကုလသမဂ္ဂက ကြားဝင်စေ့စပ်၍ ရရှိခဲ့သော လူသားချင်းစာနာထောက်ထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် အာဏာသက်ဝင်ပြီးနောက်မကြာမီ ကျိုးပေါက်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြသည်။

မြို့တော် ဆာနားကို ဆော်ဒီဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း ဒေသခံများကပြောသည်။ နိုင်ငံ၏ အနောက်တောင်ပိုင်း တာဇစ်မြို့တွင်လည်း တိုက်ပွဲများဖြစ်ပွားသည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။

ဇူလိုင် ၁၀ ရက် ညသန်းခေါင်အချိန်မှ စတင်သော ခြောက်ရက်ကြာ အပစ်အခတ်ရပ်စဲခြင်းကို သက်ဆိုင်ရာအဖွဲ့အားလုံးက လိုက်နာကြရန် ကုလသမဂ္ဂက တိုက်တွန်းလျက်ရှိသည်။

အပစ်အခတ်ရပ်စဲလင့်ကစား ဇူလိုင် ၁၁ ရက် အစောပိုင်းမှစ၍ တိုက်ပွဲများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတောင်ပိုင်းရှိ တာဇစ်မြို့နှင့် အေဒင်မြို့များတွင်လည်း လေကြောင်းတိုက်ခိုက်မှုများရှိသည်ဟု သတင်းများက ဆိုသည်။

ယီမင်နိုင်ငံအတွင်း ဒုက္ခရောက်နေသော ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့နိုင်ရေးအတွက် အပစ်အခတ်ရပ်စဲခဲ့ခြင်းဖြစ်သည်။

**ရိုက်တာ။**

# ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က ယီမင်နိုင်ငံတွင်း၌ ဗုံးကြဲတိုက်ခိုက်

**ဆာနား ဇူလိုင် ၁၂**

ယီမင်နိုင်ငံ၏မြို့တော် အပါအဝင် နိုင်ငံတွင်းရှိ အခြားမြို့ကြီးများကို ဆော်ဒီအာရေဗျနိုင်ငံက ဦးဆောင်သော ညွန့်ပေါင်းလေတပ်ဖွဲ့က ကုလသမဂ္ဂဦးဆောင်သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် သက်ရောက်မှု နှစ်နာရီကြာအတွင်း ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ဒေသခံများက ပြောကြားသည်။

ယီမင်နိုင်ငံမြို့တော် ဆာနား၏ အရှေ့ဘက်ရှိ စစ်ရေးအခြေစိုက်စခန်းများနှင့် ၎င်းနိုင်ငံ၏ တတိယအကြီးဆုံးမြို့တာဇစ်ရှိ စစ်အခြေစိုက်စခန်းများကို ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

အာရပ်ညွန့်ပေါင်းနိုင်ငံများ အဖွဲ့က အီရန်နိုင်ငံ၏ ထောက်ခံအားပေးမှုရရှိထားသည့် ဟူသီသူပုန်အဖွဲ့၏ လှုပ်ရှားမှုများအား ယခုနှစ် မတ်လနှောင်းပိုင်းမှစတင်ကာ တိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီး ယင်းတိုက်ခိုက်မှုများ၏ ဦးတည်ချက်မှာ အာဏာလက်လွှတ်ဖြစ်ခဲ့ရသည့် ယီမင်နိုင်ငံ ခေါင်းဆောင်ဟောင်း သမ္မတ အဗ်ရာဘူဟန်ဆောဟာဒီ အာဏာပြန်လည်ရရှိရေးဖြစ်သည်။

အာဏာစွန့်လွှတ်ခဲ့ရသည့် ယီမင်သမ္မတဟောင်းသည် ၎င်း၏ အာဏာပြန်လည်စိုးမိုးရေးအတွက် မြို့တော် ဆာနားအပါအဝင် တာဇစ်နယ်မြေများကို ပြန်လည်ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေသည်။ **ရိုက်တာ။**



# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

**သင်ရရှိသည့်အခွင့်အရေးကို လက်လွှတ်မခံပါနှင့်**

**မဲပေးနိုင်ရန် မဲစာရင်းကြေညာသည့်အခါ သွားရောက်ကြည့်ရှုပါ။**



## ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်

**စစ်တွေ ဇူလိုင် ၁၂**

နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှလှူဒါန်းသော ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ထောက်ပံ့ရေးပစ္စည်းများကို ဇူလိုင် ၁၂ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ တပ်မတော်လေယာဉ်ဖြင့် သယ်ဆောင်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် စစ်တွေလေဆိပ်သို့ရောက်ရှိပြီး တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ထောက်ပံ့ရေးပစ္စည်းများကို လေယာဉ်ပေါ်မှ မော်တော်ယာဉ်များပေါ်သို့ သယ်ယူရွှေ့ပြောင်းကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ လတ်တလောလိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို စစ်တွေလေဆိပ်ရှိ ဧည့်ခန်းမဆောင်၌ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြပြီး နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစံရွှေအောင်နှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအတွက် စားဆီ ၁၆ ပီပါ၊ ဆန်အိတ် ၂၀၀၀၊ ပဲအိတ် ၁၂၀၊ စောင်အထည် ၄၀၀၀၊ ခြင်ထောင် အလုံး ၄၀၀၀၊ Family Case အထုပ် ၇၀၀၊ ဆိုလာမီးအိမ် အစုံ ၇၀၀ တို့ကို ရခိုင်ပြည်နယ်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးကျော်သိန်းထံသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## အနည်းဆုံးအခကြေးငွေ လုပ်ခရရှိရေး လှိုင်သာယာတွင် အလုပ်သမားများ ဆန္ဒဖော်ထုတ်

**ရန်ကုန် ဇူလိုင် ၁၂**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် စက်မှုဇုန်များရှိ အလုပ်သမားများက အနည်းဆုံးအခကြေးငွေ တစ်ရက်လုပ်ခ ကျပ် ၄၀၀၀ ရရှိရေးအတွက် ဇူလိုင် ၁၂ ရက်နံနက် ၈ နာရီခွဲက လှိုင်သာယာမြို့နယ်အတွင်း ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အလုပ်သမားတွေအနေနဲ့ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး အမျိုးသားကော်မတီက သတ်မှတ်တဲ့ အဆိုပြုနှုန်းထား ကျပ် ၃၆၀၀ ကနည်းလို့ ကျပ် ၄၀၀၀ တောင်းတာပါ။ ကြားဝင်ရပ်ပေးတဲ့ အစိုးရရဲ့ စေတနာကို မလေးစားတာမဟုတ်ပါဘူး။ အလုပ်သမားတစ်ယောက်အနေနဲ့ လူတန်းစေ့နေနိုင်ဖို့ ကျပ် ၃၆၀၀ ဆိုတဲ့ငွေကြေးက မလောက်လို့ပါ။ ကန့်ကွက်လွှာကိုလည်း ၁၄ ရက်အတွင်း တင်သွားမှာပါ။ တစ်ဖက်ကလည်း လှုပ်ရှားမှုအနေနဲ့ တရားဝင်ခွင့်ပြုချက်ယူပြီး ဆန္ဒဖော်ထုတ်ကြတာပါ"ဟု စံကောင်းပီနံအိတ်စက်ရုံမှ အလုပ်သမားသမဂ္ဂအဖွဲ့ဝင် ကိုအောင်စိုးမင်းကပြောသည်။

ဆန္ဒပြအလုပ်သမားများသည် လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်းရှိ မီးခွက်ဈေး အောက်ထိပ်မှတ်တိုင်မှ ရန်ကုန် - ပုသိမ်လမ်းမကြီးအတိုင်း၊ ထိုမှတစ်ဆင့် တပင်ရွှေထီးလမ်း၊ ရန်ကုန်-ညောင်တုန်းလမ်းမှ မြို့နယ်အားကစားကွင်းအထိ အနည်းဆုံးအခကြေးငွေ ကျပ် ၄၀၀၀ ရရှိရေး ဗီနိုင်းများကိုင်ဆောင်ကာ နံနက် ၈ နာရီခွဲမှ မွန်းလွဲ ၁၂ နာရီခွဲ အထိ လမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

"စက်ရုံတွေပိတ်သွားရင် အလုပ်သမားတွေရရှိမယ့် နစ်နာကြေးတွေကို အစိုးရအနေနဲ့ အလုပ်သမားတွေ ထိခိုက်နစ်နာမှုမရှိဘဲ လွယ်လင့်တကူရရှိအောင် ကူညီဆောင်ရွက်ပေးစေချင်ပါတယ်။ အရင်တုန်းကဖြစ်ခဲ့ဖူးတဲ့ ပြဿနာတွေလို ထပ်မဖြစ်ချင်တော့ပါဘူး။ အနည်းဆုံးအခကြေးငွေကိုလည်း ကျပ်၄၀၀၀ တော့သတ်မှတ်ပေးပါလို့ တောင်းဆိုချင်ပါတယ်" ဟု ရက်စ်သကြားလုံးစက်ရုံမှ ကိုဝေဖြိုးမောင်က ပြောသည်။

အဆိုပါ အနည်းဆုံးအခကြေးငွေကျပ် ၄၀၀၀ သတ်မှတ်ရေး ဆန္ဒဖော်ထုတ်ပွဲကို သက်ဆိုင်ရာ မြို့နယ်သို့ တရားဝင်ခွင့်ပြုချက်ရယူပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများကွန်ရက်မှဦးဆောင်၍ လှိုင်သာယာမြို့နယ်အတွင်းရှိ စက်ရုံများမှ အလုပ်သမား ၃၀၀ ကျော်ခန့် ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

**သတင်း-သီသီမင်း၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



**လှိုင်သာယာမြို့နယ်အတွင်း အလုပ်သမားများဆန္ဒဖော်ထုတ်နေမှုကို တွေ့ရစဉ်။**

## ရေဘေးသင့်ပြည်သူများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေပေးအပ်

**စစ်တွေ ဇူလိုင် ၁၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းထောက်ပံ့ပေးအပ်ခြင်း၊ စစ်တွေခရိုင်၊ မြောက်ဦးခရိုင်၊ မောင်တောခရိုင်၊ ကျောက်ဖြူခရိုင်၊ သံတွဲခရိုင်များအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေများပေးအပ်ခြင်းနှင့် လူမှုစောင့်ရှောက်ရေးနှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်များ မွမ်းမံသင်တန်းအမှတ်စဉ်(၁၂/၂၀၁၅)ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီခွဲက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ရခိုင်ပြည်နယ် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးကိုကိုနိုင်တို့က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူတို့က ရခိုင်ပြည်နယ်အတွင်း ဘူးသီးတောင်၊ အမ်း၊ သံတွဲ၊ ဂွ၊ တောင်ကုတ်၊ မောင်တောမြို့နယ်တို့မှ ရေဘေးသင့်ပြည်သူများ အသုံးပြုရန်အတွက် စောင်အထည် ၅၀၀၊ ခြင်ထောင်အလုံး ၁၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းများကို သက်ဆိုင်ရာမြို့နယ်များမှ ကိုယ်စားလှယ်များထံ ထောက်ပံ့ပေးအပ်ပြီး စစ်တွေခရိုင်၊ မြောက်ဦးခရိုင်၊ မောင်တောခရိုင်၊ ကျောက်ဖြူခရိုင်နှင့် သံတွဲခရိုင်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေများ ပေးအပ်သည်။

ရခိုင်ပြည်နယ်တွင် ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေနှင့် ခရိုင်ငါးခရိုင်အတွင်း စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေစုစုပေါင်းမှာ ငွေကျပ်သိန်း ၁၅၀၀ ကျော်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

## ရခိုင်ပြည်နယ်တွင် မိုးလျော့နည်းနေမည်

နေပြည်တော် ဇူလိုင် ၁၂

**ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များ**မှာ ရေးမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ မိုးမိတ်မြို့နှင့်သထုံမြို့တို့တွင် ၂ ဒသမ ၃၂ လက်မစီ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၁၂ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ဇောင်းတူမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ မာန်အောင်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၁ ဒသမ ၆၈ လက်မနှင့်စစ်တွေမြို့တွင် ၁ ဒသမ ၆၅ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် အများအားဖြင့် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ။** ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ ရခိုင်ပြည်နယ်တွင် မိုးလျော့နည်းနေမည်။

# လူပြောများသော အမှားများ

ကေကေ ( မဟာဝိဇ္ဇာ )

**(ယမန်နေ့မှ အဆက်)**

ဤသို့တရားဝင် ဖျက်မထားသော အကြောင်းအရင်းများအနက် စိတ်ဝင်စားဖွယ်ကောင်းသော အကြောင်းပြချက်တစ်ခုမှာ ၎င်းတို့၏ မိသားစုဝင် ကွယ်လွန်သူကို အိမ်ထောင်စုစာရင်းမှ ထုတ်မပစ်ရက်ခြင်း၊ လူမရှိတော့သော်လည်း နာမည်ကိုဆက်လက်ရှိနေစေလိုခြင်းဖြစ်ပါ၏။ ကွယ်လွန်သူ၏ ဓာတ်ပုံထောင်ထားပြီး အမွှေးနံ့သာ ထွန်းညှိပေးသော လူမျိုးခြားဓလေ့တစ်ခု၏ အငွေ့အသက်သည် အိမ်ထောင်စုဇယားအထိ ကူးစက်လာသည်ဟု ယူဆရပေသည်။

**မည်သို့ဖြစ်စေ . . . ကွယ်လွန်သူကို အိမ်ထောင်စုစာရင်းမှ မဖျက်သော်လည်း (ဤအထောက်အထားမရရှိသော်လည်း) ကာယကံရှင် မိသားစုဝင်တစ်ယောက်က ပုံစံ ၄ ဖြည့်ပြီး ဝန်ခံလက်မှတ် ရေးထိုးလျှင် မဲဆန္ဒရှင်စာရင်းမှ အလွယ်တကူဖျက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေလျှော့ပေးထားပြီးဖြစ်ကြောင်း သိရှိရပါသည်။**

ဤအမှား၏ ဇာစ်မြစ်သည် ကာယကံရှင်မဲဆန္ဒရှင်နှင့် သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့ကြားတွင် လုပ်ဆောင်ရမည့်အလုပ်ကို လုပ်မထားသော ပျက်ကွက်မှုဖြစ်သော်လည်း အခြေခံမဲဆန္ဒရှင်စာရင်းပြုစုရသော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဗဟိုကော်မရှင်ဖြစ်သည့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အထိ တက်၍ ဝေဖန်အပြစ်တင်သည်မှာ ဓမ္မဓိဋ္ဌာန်မကျဘဲ ပုဂ္ဂလဓိဋ္ဌာန်ကျနေပြီလားဟု သံသယဖြစ်ဖွယ် ကောင်းသည်။

**မဲဆန္ဒရှင်စာရင်းတစ်ခုတွင် အမည်မပါခြင်း၊ အချက်အလက်မှားခြင်း၊ မပါသင့်သူ ပါခြင်းဟူသော အမှားသုံးမျိုးသာရှိနိုင်ပေသည်။ အမည်မပါခြင်းမှာ မဲဆန္ဒရှင်၏ အခွင့်အရေးဆုံးရှုံးခြင်းဖြစ်၍ အရေးကြီးသည်။ ဦးစားပေး ပြုပြင်ရမည့်အမှားဖြစ်သည်။ သို့ရာတွင် ပုံစံ -၃တိုင်းကို မျက်စိမှိတ်လက်ခံရန် မဆိုလိုပေ။ ဥပဒေပုဒ်မ ၆၊ ပုဒ်မ ၇ မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် အချက်အလက်ထည့်သွင်းခြင်း လက်စွဲစာစောင်တို့နှင့် ညီ၊ မညီစိစစ်ရန်လိုအပ်သည်။ ညီညွတ်မှုလက်ခံထည့်ပေးပြီး မညီညွတ်က ငြင်းပယ်ရပေမည်။**

အချက်အလက်မှားခြင်းမှာ မဲပေးခြင်းကို မထိခိုက်သည့်အပြင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ မဲရုံမှူးတို့ကိုပင် ပြင်ဆင်ခွင့်ပေးထားသောကြောင့် အမှားငယ်ဟု ဆိုအပ်သည်။ မပါသင့်သူပါနေခြင်းမှာလည်း အထိုက်အလျောက် အရေးကြီးသည်။ ကွယ်လွန်သူက မဲလာမပေးနိုင်သော်ငြား မဲပေးခွင့်မရှိသော အသက်ရှင်နေသူက မဲလာပေးလျှင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် ဥပဒေပုဒ်မ ၇ ကို မလိုက်နာသော စေတနာအမှားဖြစ်သွားသကဲ့သို့ ပါတီအဖွဲ့အစည်း အချို့အနေဖြင့် နစ်နာစရာ ဖြစ်သွားနိုင်ပေသည်။

သို့ဖြစ်၍ ဤအဖြစ်မျိုး မရောက်ရလေအောင် အခြေခံမဲဆန္ဒရှင်စာရင်းကို ပြသကြေညာခြင်း၊ အမည်မပါလျှင် ပုံစံ - ၃ ဖြင့် တောင်းဆိုစေခြင်း၊ အချက်အလက်မှားယွင်းနေလျှင် ပုံစံ ၄(က)ဖြင့် ပြင်ပေးရန် တောင်းဆိုစေခြင်း၊ မပါသင့်သူပါနေလျှင် ပုံစံ - ၄ ဖြင့် ကန့်ကွက်စေခြင်း ဖြစ်သည်။

> **မဲဆန္ဒရှင်များအနေဖြင့် အပြီးသတ်မဲစာရင်းကို ပြသကြေညာချိန်တွင် ပုံစံတင်သွင်းသော အခွင့်အရေးကို ထပ်မံရရှိမည်ဖြစ်သကဲ့သို့ ပြုစုဆဲအခြေခံမဲဆန္ဒရှင်စာရင်းကို သဲကြီးမဲကြီးလိုက်ခဲ့သော ပါတီများအနေဖြင့် ၎င်းတို့ပါတီ၏ ကိုယ်စားလှယ်လောင်းများအတွက် အပြီးသတ်မဲဆန္ဒရှင်စာရင်းတစ်စုံကို ဥပဒေအရ အခမဲ့ကူးယူနိုင်သော အခွင့်အရေးလည်းရရှိမည် . . .**

ဤနေရာတွင် မီဒီယာသမားတစ်ယောက်၏ စကားကို သတိရမိသည်။ ကော်မရှင်က မဲစာရင်းပြုစုရမယ့်သူ တာဝန်ရှိတာကို ပြည်သူတွေကို ပုံစံဖြည့်ခိုင်းပြီး ပြန်ခိုင်းနေတယ်ဟု အရပ်ထဲမှာ ပြောဆိုနေကြောင်းဖြစ်သည်။

ကော်မရှင်၏ မဲဆန္ဒရှင်စာရင်းပြုစုရေးတာဝန်ဆိုသည်မှာ (၁) ပုံစံ ၆၆/၆ ကို အခြေခံ၍ မဲဆန္ဒရှင်စာရင်းပြုစုလိုက်ခြင်း၊ (၂) ယင်းမဲဆန္ဒရှင်စာရင်းကို သတ်မှတ်ရက်အတိုင်းပြသကြေညာ၍ ပုံစံသုံးမျိုးတောင်းခံလွှာ၊ ကန့်ကွက်လွှာများစုဆောင်းရယူခြင်း၊ (၃) ယင်းပုံစံများကို စိစစ်လက်ခံခြင်းနှင့် ပြင်ဆင်ခြင်း၊ (၄) ပြင်ဆင်ပြီး မဲဆန္ဒရှင်စာရင်းထွက်လာခြင်း . . . ဟူသည့် အစိတ်အပိုင်းအားလုံးအကျုံးဝင်သည်။ မဲဆန္ဒရှင်တို့ ပုံစံဖြည့်ခြင်းသည် ကော်မရှင်အဖွဲ့ခွဲက မဲဆန္ဒရှင်စာရင်းပြုစုခြင်း၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်သည်။

လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ပုဒ်မ ၉ တွင် "... မဲစာရင်းများကို ကြေညာပြီးနောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာမဲစာရင်းတွင် မိမိအမည်ပါဝင်ခြင်းရှိ၊ မရှိကို လာရောက်ကြည့်ရှုရန် တာဝန်ရှိသည်။ မိမိအမည်ပါဝင်ခြင်း မရှိသေးပါက မဲစာရင်းတွင်ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ -၃ ဖြင့် သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းနိုင်သည် ..." ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ပြည်သူကို ပြန်ခိုင်းခြင်းမဟုတ်ဘဲ တာဝန်အရ ပူးပေါင်းဆောင်ရွက်ရန် ကြေညာခြင်းမျှသာဖြစ်ပေသည်။

**အထက်ပါ မဲဆန္ဒရှင်စာရင်းပြုစုခြင်းတာဝန်၏ အစိတ်အပိုင်းများအနက် နောက်ဆုံးအစိတ်အပိုင်းဖြစ်သော ပြင်ဆင်ပြီးမဲဆန္ဒရှင်စာရင်းထွက်လာခြင်းမှာ ရွေးကောက်ပွဲ ကော်မရှင်က ရယူလိုသော ရလဒ်ဖြစ်သည်။ ပြုစုပြီးသော မဲဆန္ဒရှင်စာရင်းသည် ဆေးမစားမီပုံဖြစ်၍ ပြင်ဆင်ပြီးသော မဲဆန္ဒရှင်စာရင်းမှာ ဆေးစားပြီးပုံဖြစ်သဖြင့် အထိုက်အလျောက် ပြည့်စုံမှန်ကန်လာသော မဲဆန္ဒရှင်စာရင်းဟု ဆိုနိုင်သည်။**

ဤမဲဆန္ဒရှင်စာရင်းဖြင့် ၂၀၁၅ ရွေးကောက်ပွဲအတွက် အပြီးသတ်မဲဆန္ဒရှင်စာရင်းကို အချောကိုင်ရန် ရည်ရွယ်သော်လည်း ပါတီအဖွဲ့အစည်းတို့၏ ထုတ်ပြန်ပြောဆိုချက်၊ မီဒီယာများ၏ ရေးသားဖော်ပြချက်၊ အမှားရာခိုင်နှုန်းကြောင့် ပုံစံလက်ခံရက်ကို ၁၀-၇-၂၀၁၅ ရက်အထိ အချိန်တိုးပေးခဲ့ရသဖြင့် ယခုထက်တိုင် ပြင်ဆင်ပြီးမဲဆန္ဒရှင်စာရင်းချုပ်ကို မရနိုင်သေးပေ။ ရွေးကောက်ပွဲကော်မရှင်က သူ့အချိန်ဇယား၊ သူ့ခြေလှမ်း၊ သူ့စီမံချက်အတိုင်း သွားနေသည်ကို အပြုသဘောထက် အဖျက်သဘော (မရည်ရွယ်ဘဲ) သက်ရောက်သွားလေသလားဟု အတွေးလွန်မိသည်။

မိမိညွှန်ပြလိုသောအချက်မှာ ရွေးကောက်ပွဲရက်ကြေညာပြီးဖြစ်သဖြင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့သည် ရွေးကောက်ပွဲလုပ်ငန်းစဉ် (Electoral Process) ကို အချိန်ဘောင် (Time Frame) ရေးဆွဲကာ စနစ်တကျ ဆောင်ရွက်ရတော့မည့် အချိန်အခါတိုင်ပြီဟူသော အချက်ဖြစ်သည်။

နည်းဥပဒေ ၁၁ (ဃ)တွင် "သက်ဆိုင်ရာရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသည် နည်းဥပဒေခွဲ (က)တွင် သတ်မှတ်ထားသည့် ကာလအပိုင်းအခြား (မှတ်ချက်။ ၁၄ ရက် ဖြစ်ပါသည်။)ထက် ကျော်လွန်သော တောင်းဆိုလွှာ (သို့မဟုတ်) ပြင်ဆင်လွှာ (သို့မဟုတ်) ကန့်ကွက်လွှာကို လက်ခံခြင်းမပြုရ"ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ ပုံစံလက်ခံခြင်းကို ဖြတ်တန်းကဖြတ်၊ ရပ်တန်းက ရပ်ချိန်တန်ပါပြီဟူသော အချက်ဖြစ်သည်။

**မဲဆန္ဒရှင်များအနေဖြင့် အပြီးသတ်မဲစာရင်းကို ပြသကြေညာချိန်တွင် ပုံစံတင်သွင်းသော အခွင့်အရေးကို ထပ်မံရရှိမည် ဖြစ်သကဲ့သို့ ပြုစုဆဲ အခြေခံမဲဆန္ဒရှင်စာရင်းကို သဲကြီးမဲကြီးလိုက်ခဲ့သော ပါတီများအနေဖြင့် ၎င်းတို့ပါတီ၏ ကိုယ်စားလှယ်လောင်းများအတွက် အပြီးသတ်မဲဆန္ဒရှင်စာရင်းတစ်စုံကို ဥပဒေအရ အခမဲ့ကူးယူနိုင်သောအခွင့်အရေးလည်း ရရှိမည်ဖြစ်သည်။**

မိမိတို့သည် ရွေးကောက်ပွဲရက်သိရှိပြီးဖြစ်ကြသောကြောင့် ရွေးကောက်ပွဲကာလအတွင်း လုပ်ဆောင်ရမည့်လုပ်ငန်းများအပေါ်တွင် အာရုံစူးစိုက်ထားရတော့မည် ဖြစ်သည်။ လူတိုင်း၊ အဖွဲ့အစည်းတိုင်း ရရှိမည့် အခွင့်အရေးများရှိသလို ထိုအခွင့်အရေးရရှိရန် လုပ်ဆောင်ရမည့်တာဝန်များရှိသည်ကိုလည်း သတိချပ်ရပါမည်။

ရွေးကောက်ပွဲ ဝန်ဆောင်မှု (Electoral Service ) ပေးသော ကော်မရှင်အဖွဲ့ခွဲတို့သည် အပြီးသတ်မဲဆန္ဒရှင်စာရင်းကို အခြေခံမဲဆန္ဒရှင်စာရင်းအား အခြေပြုလျက် အတတ်နိုင်ဆုံး ပြည့်စုံမှန်ကန်အောင် ပြုစုရန်နှင့် လိုအပ်သော အုပ်ချုပ်ထောက်ပံ့မှုကိစ္စ ဖြည့်ဆည်းပေးရန်မှာ ရွေးကောက်ပွဲကော်မရှင်၏ တာဝန်ဖြစ်သည်။ အပြီးသတ်မဲဆန္ဒရှင်စာရင်း ပြသကြေညာထားချိန်တွင် ကြည့်ရှုဖြစ်အောင်ကြည့်ရှု၍ လိုအပ်သောပုံစံများတင်သွင်းရန်မှာ မဲဆန္ဒရှင်တို့၏ တာဝန်ဖြစ်သည်။

မိမိတို့ စည်းရုံးထားသော မဲဆန္ဒရှင်များ၏အမည် မဲစာရင်းတွင် ပါဝင်မှ မိမိတို့မဲရမည်ဖြစ်၍ မိမိတို့စည်းရုံးထားသူများ မဲဆန္ဒရှင်စာရင်းကို သွားကြည့်ရန်နှင့်လိုအပ်သော တောင်းဆိုလွှာ၊ ပြင်ဆင်လွှာ၊ ကန့်ကွက်လွှာများ အချိန်မီတင်သွင်းစေရန် စည်းရုံးဖို့မှာ နိုင်ငံရေးပါတီတို့၏ တာဝန်ဖြစ်သည်။ ဤသို့လျှင် သုံးဦး သုံးဖလှယ် တာဝန်ကျေပွန်ကြခြင်းဖြင့် ၂၀၁၅ ပါတီစုံအထွေထွေ ရွေးကောက်ပွဲအတွက် ပြည့်စုံမှန်ကန်သော အပြီးသတ်မဲဆန္ဒရှင်စာရင်းရရှိအောင် ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးအတွက် ဦးစိုးကျော် [အငယ်တန်းအင်ဂျင်နီယာ(၁)သံလမ်းညောင်လေးပင်]နှင့် ဦးဇော်နိုင်လင်း [အငယ်တန်း အင်ဂျင်နီယာ (၃) သံလမ်းဖောင်တော်သီ]တို့ ဦးဆောင်၍ All TM/01 စက်ကြီးဖြင့် ဒိုက်ဦးဘူတာမှ ဖောင်တော်သီဘူတာအထိ (စုန်-ဆန်) ရထားလမ်းအား စက်ပက်ကင်ရိုက်ခြင်းကို ဇူလိုင် ၁၀ ရက်က ဆောင်ရွက်ကြစဉ်။

ကျော်ကျော် (IPRD)

## မိတ္ထီလာကန်ကူးတံတားသစ်ပေါ်မှ စတင်ဖြတ်သန်းသွားလာခွင့်ပြု

**မိတ္ထီလာ ဇူလိုင် ၁၂**

မိတ္ထီလာကန်ကူးတံတားသစ် တည်ဆောက်ပြီးစီး၍ ယနေ့ နံနက်ပိုင်းမှ စတင်ပြီး တံတားသစ်ပေါ်မှနေ၍ ခရီးသွားပြည်သူများ၊ ဒေသခံ ပြည်သူများ၏ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များကို ဖြတ်သန်းသွားလာခွင့်ပြုပြီဖြစ်ကြောင်း တံတားသစ်တည်ဆောက်ရာတွင် ဦးဆောင်ကြီးကြပ် ဆောင်ရွက်သည့် အင်ဂျင်နီယာမှူးကြီး ဦးသိန်းအောင်ထံမှ သိရသည်။

"မိတ္ထီလာကန်ကူးတံတားသစ်ပေါ်ကနေပြီး ဒီနေ့ နံနက် ၅ နာရီ ၄၅မိနစ်က စတင်ပြီး မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်တွေကို ဖြတ်သန်းသွားလာခွင့်ပြုတာပါ။ တံတားအရှည်ပေ ၈၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ နှစ်လမ်းသွားဖြစ်ပါတယ်။ တံတားသစ်ပေါ်က လမ်းအရှည် ပေ ၈၀၀ကို နိုင်လွှန်ကတ္တရာခင်းပေးထားတယ်။ ကန်ကူးတံတားဟောင်းကိုလည်း အလားတူ တည်ဆောက်သွားမှာပါ။ နိုဝင်ဘာလထဲမှာစတင် တည်ဆောက်မှာဖြစ်ပြီး လာမယ့် ၂၀၁၆ မတ်လ အကုန်ပိုင်းမှာ ပြီးစီးအောင် တည်ဆောက်သွားမှာပါ" ဟု ၎င်းကဆက်လက်ပြောသည်။

တည်ဆောက်ပြီးစီးသွားသည့် ကန်ကူးတံတားသစ်ပေါ်မှ ဖြတ်သန်းရာတွင် ကျောက်ပန်းတောင်းမြို့ (ကန်အနောက်ထိပ်)ဘက်မှ မောင်းနှင်သွားလာသူများ ဖြတ်သန်းရမည်ဖြစ်ပြီး မိတ္ထီလာမှ ကျောက်ပန်းတောင်းသို့ မောင်းနှင်သွားလာသူများမှာ တံတားဟောင်းပေါ်မှ ဖြတ်သန်းရမည် ဖြစ်သည်။

မိတ္ထီလာကန်ကူးတံတားသစ်တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ ခရီးသွားပြည်သူများ ယခင်ကထက် လမ်းခရီးအဆင်ပြေချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ပြီး ဒေသခံပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် အမှန်တကယ်လိုအပ်သည့် မိတ္ထီလာကန်ကူးတံတားသစ်တစ်စင်းကို ထပ်မံတည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

## ပြည်တွင်းရေးရာ

❖ **ကျောဖုံးမှ**

သို့အတွက် ဦးစွာပထမ သတင်းဆောင်းပါး အားထုတ်ရေးသူနှင့် နေရာကောင်းပေးထည့်သွင်းသော အယ်ဒီတာကို ကျေးဇူးတင်ရသည်။ မဖတ်ရသေးသော စာဖတ်သူများကိုလည်း သေချာဆက်ဆက် ဖတ်ကြည့်စေချင်ပါသည်။

**ကိုယ်တွေ့ကြုံပန်းခြံ**

ဆောင်းပါးရှင်က ကရဝိက်ဥယျာဉ်ဟု အမည်မှန်ရေးပုံရသော်လည်း ငယ်စဉ်ကတည်းက ပန်းခြံနားရပ်ကွက်တွင်နေခဲ့သောကျွန်တော်တို့အတွက် ကန်တော်ကြီး ပန်းခြံဟုသာ သိထားသည်။ ကျွန်တော်တို့ငယ်ငယ်က မနက်ပိုင်းလေ့ကျင့်ခန်းလုပ်၊ ပြေးလွှားရင်း ပန်းခြံတွင်းရောက်တတ်သည်။ ကြီးကောင်ဝင်လာတော့ မိုးရွာလျှင် ပန်းခြံအထိပြေးလာတတ်ပြီး ဘောလုံးကန်ကြသည်။ အလွန်ပင်လွတ်လပ်ပေါ့ပါးပျော်ရွှင်ခဲ့ရသည်။ မည်သည့်ဝင်ကြေးမှလည်း မပေးရပါ။ ကလေးနှင့် လူငယ်များအတွက် လွတ်လပ်ပျော်ပါးဆော့ကစားရာ ကန်တော်ကြီး ပန်းခြံဖြစ်ခဲ့သည်။

ထို့ထက်ပို၍ တစ်ခါတစ်ရံတွင် မိသားတစ်စု အပန်းဖြေထွက်ရာမှာလည်း ကန်တော်ကြီးပန်းခြံသာဖြစ်သည်။ ကရဝိက်မောင်နှံခြေရင်းက ရေခဲမုန့်ရောင်းသောဆိုင်တွင် တန်းစီဝယ်စားရသော အရသာမှာ ရတောင့်ရခဲဖြစ်သည်။ ကလေးများအတွက် ရေခဲမုန့်မှာ ဆော့ကစားရသည်ထက် အရသာရှိသည်။

ကန်တော်ကြီးသည် ကျွန်တော်တို့အရွယ် ကလေးများကို လွတ်လပ်စေသည်၊ ပေါ့ပါးစေသည်။ ပျော်ရွှင်စေခဲ့သည်။ ကျေးငှက်အသံများကို ကြားရသည်။ ငှက်ကလေးများက ဟိုမှသည်သို့ ခုန်ကူးပြေးလွှားသည်ကို ကျွန်တော်တို့က ချောင်းမြောင်းလိုက်ကြည့်ကြသည်။ ကန်ရေပြင်ကျယ်ကြီးကို ကြောက်ကြောက်လန့်လန့် အံ့အံ့သြသြကြည့်ဖူးခဲ့သည်။ ရေပြင်ကို ဖြတ်တိုက်လာသည့် လေပြည်ညင်းကို မက်မက်မောမော ရှူရှိုက်ခဲ့ကြသည်။ မသိသည်ကို အမေ့ကို မေး၊ အဖေ့ကိုမေးနှင့် အံ့သြစရာတွေများမှများ ဖြစ်ခဲ့သည်။ အသိသစ်များနှင့်လည်း ကြွားကြွားဝင့်ဝင့် ဖြစ်ခဲ့ဖူးကြသည်။

ငယ်ငယ်က ချစ်ခဲ့ဖူးသည့် ကန်တော်ကြီးကို အရွယ်ရောက်၍ လုပ်ငန်းခွင်ထဲ ရောက်လာသည့်အခါလည်း မမေ့ခဲ့ပါ။ တစ်ခါတစ်ရံ အရောက်သွားခဲ့သည်။ ယခုအခါ ကန်တော်ကြီး(ကရဝိက်ဥယျာဉ်)သို့ ဝင်မည်ဆိုလျှင် လူတစ်ဦးကို ငွေကျပ် ၃၀၀ ကောက်ခံ၍ တံဆိပ်ကပ်ခံရသည်။ ကလေးများအတွက် နေရာနည်း၍ လူကြီးများ၏ ဘုံခန်းဝါလို ဖြစ်နေလေသည်။

အထူးသဖြင့် ယောကျ်ားဘသား အမျိုးသားတို့ အရက်သေစာသောက်သုံးရာ၊ ဆူညံအော်ဟစ် ဆွေးနွေးငြင်းခုံရာ၊ မျက်စိစားပွဲထိုင်ရာ နေရာဌာနမျိုးဖြစ်လာသည်။ ငယ်ငယ်က ရေခဲမုန့်ဆိုင်လောက်သာရှိသော နေရာမျိုးတွင် အခိုင်အမာ အုတ်၊ ကျောက်၊ သစ်တို့ဖြင့် ဆောက်လုပ်ထားသော စားသောက်ဆိုင်များစွာရှိနေသည်။ အကြီးအကျယ် ကြော်၊ လှော်၊ ချက်ပြုတ်ရောင်းချကြသလို အမှိုက်သရိုက်နှင့် အညစ်အကြေးများစွာကိုလည်း စွန့်ထုတ်နေကြသည်။ အစားအသောက်နှင့်တွဲဖက်ပြီး အရက်၊ ဘီယာများကိုလည်း ရောင်းချနေကြသည်။

တစ်ခါက ကျွန်တော်ကိုယ်တိုင် တင့်ကားကုန်းနားရှိ ကန်ရေပြင်စပ်က ဆူရှီဘွိုင်းဆိုင်တွင် သူငယ်ချင်းမိတ်ဆွေများနှင့် ထိုင်ရင်းသောက်စားနေစဉ် ဘေးဝိုင်းမှ ဆရာသမားက မူးယစ်ရမ်းကားလေသည်။ အိန္ဒြိယန္ဒြယ်ဖွားချာတိတ် တစ်သိုက် နောက်တီးနောက်ချာလုပ်သည်ကို မြင်သောအခါ အဆိုပါဆရာသမားက အမုန်းစကားများကို ပြောဆို၍ လိုက်လံရိုက်နှက်ထိုးကြိတ်လေသည်။

ထို့ပြင်တဝ ကျေနပ်မှုမပြနိုင်ဘဲ ဆိုင်တွင်းထိုင်နေသရွေ့ နားမချမ်းသာဖွယ်ပြောဆိုဟစ်အော်နေသည်ကို ဘေးဝိုင်းမှ ကျွန်တော်တို့မှာ စိတ်မသက်သာဖွယ် မြင်တွေ့ကြားမှတ်နေရသည်။ မူးယစ်နေသူဖြစ်သည့်အားလျော်စွာ အခန့်မသင့်သော် ရန်လာဖြစ်မည်ကိုလည်း စိုးထိတ်ခဲ့ရသည်။

**ပန်းခြံများကို ကလေးများအား ပေးပါ**

ပန်းခြံကို စည်ပင်သာယာက ပုဂ္ဂလိကအား လုပ်ကိုင်စေသဖြင့် ဆိုင်များမှိုလိုပေါက်ကာ စားသောက်ဆိုင်များ၊ ယမကာဆိုင်များဖြစ်နေသည်မှာ အတော်ကြာပါပြီ။ ကြေးမုံဆောင်းပါးက အချက်အလက် မှန်မှန်ကန်ကန်များဖြင့် ထောက်ပြရေးသားလိုက်သဖြင့် ပန်းခြံအသုံးပြုနေမှုကို ကွက်ကွက်ကွင်းကွင်း ထင်းလင်းစွာ မြင်လိုက်ရသည်။

အမှန်တော့ ပန်းခြံသည် ကလေးများ လွတ်လပ်ပေါ့ပါးပျော်ရွှင်စွာ ပြေးလွှားကစားနိုင်မည့် နေရာမျိုး ဖြစ်သင့်ပါသည်။ ဝင်ကြေးလည်း ပေးစရာမလိုဘဲ ၎င်းတို့ပိုင်ဆိုင်သည့်နေရာ ဖြစ်သင့်ပါသည်။ မြက်ခင်းထူထူများဖြင့် ပြေးလွှားဆော့ကစားရင်းလဲပြုသည့်တိုင် ဒူးမပြဲ၊ လက်မကွဲသည့် မြေပြင်အနေအထားမျိုးဖြစ်သင့်ပါသည်။ ကလေးများ ဆော့စရာ၊ ကစားစရာအထောက်အကူပြု ကလေးကစားကွင်းများကိုလည်း လုံလုံလောက်လောက် ထည့်သွင်းပေးထားသင့်ပါသည်။

ကျွန်တော်သည် လန်ဒန်မြို့တော်တွင် နှစ်အပိုင်းအခြားတစ်ခု နေထိုင်ရင်း အလုပ်လုပ်ကိုင်ခဲ့ဖူးရာ လန်ဒန်မြို့လယ်ရှိ နာမည်ကျော် ဟိုက်ပတ်ပန်းခြံအပါအဝင် ပန်းခြံများစွာကို အလည်အပတ် မကြာမကြာရောက်ပါသည်။ လန်ဒန်ပန်းခြံများသည် မြို့ထဲတွင်ပင်ရှိသော်လည်း အတော်ပင် ကျယ်ဝန်းလှပါသည်။

ပန်းမျိုးစုံ၊ အပင်မျိုးစုံ၊ ရေကန်များ၊ ကျေးငှက်နှင့် ဝမ်းဘဲများ၊ မြက်ခင်းပြင်ကျယ်ကြီးများ၊ ကုန်းကမူများနှင့် အလွန်ပင်လှပပါသည်။ နွေရာသီတွင် အထူးပင် စည်ကားလှပြီး ကလေးသူငယ်များ၏ ပျော်ပါးရာ ဘုံဗိမာန်နန်းလို တင့်တယ်လှပါသည်။ အစိုးရသည် အနာဂတ်ကလေးများအား အလွန်ပင်တင့်တောင့်တင့်တယ်ထားသည်ကို ဂုဏ်ယူအားကျဖွယ် တွေ့မြင်ခဲ့ရသည်။

ရပ်ကွက်တိုင်းတွင်လည်း ပန်းခြံများရှိရာ ထိုပန်းခြံများကိုလည်း အလုပ်အားရက်တွင် ကျွန်တော်သွားလာပါသည်။ လေ့ကျင့်ခန်းလုပ်သူများ၊ မိသားစုလိုက် လာရောက်ဆော့ကစားနေသည်များကို တွေ့ပါသည်။ ကလေးများသည် အထူးပင် အန္တရာယ်ကင်းစွာဖြင့် ကစားနိုင်ကြပါသည်။ မည်သည့်စားသောက်ဆိုင်မျှမရှိပါ။ ပန်းခြံတွင်းတွင် အရက်သေစာ သောက်စားခွင့် မရှိပါ။ ပြင်ပမှ ယူဆောင်လာပြီးလည်း သောက်စားခွင့် မရှိပါ။ မြန်မာပြည်တွင်သာ ထင်သလို ဖြစ်ပျက်နေကြပါသည်။ ပန်းခြံများသည် စီးပွားရှာရာ အကွက်အကွင်းကြီးလို ဖြစ်နေသည်မှာ မြန်မာနိုင်ငံသာ ရှိပါလိမ့်မည်။

ဟိုက်ပတ်တွင် တစ်နှစ်တစ်ခါ အများပြည်သူများအား အခမဲ့ဖျော်ဖြေပွဲများ ကျင်းပပါသည်။ သို့တည်းမဟုတ် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် ထုတ်လွှင့်မှုများ၊ အားကစားပြိုင်ပွဲများကို ဖန်သားပြင်ကျယ်ကြီးဖြင့် တိုက်ရိုက်ကြည့်ရှုနိုင်ရန် နေရာပေးပါသည်။

သို့ရာတွင် ပန်းခြံအနီးအပါးက ရပ်ကွက်နေပြည်သူများ စိတ်မပြိုငြင်စေရအောင်လည်း ဂရုစိုက်ရပါသည်။ အသံကိုထိန်းပြီး လုပ်ဆောင်ရသည်။ ယခုမူ ကန်တော်ကြီး မျှော်စင်ကျွန်းတွင် စတိတ်ရှိုးများကို မကြာခဏဆိုသလို လုပ်ဆောင်ကြသည်။ အသံများကလည်း ဆူညံလွန်းလှသည်။

ပြီးခဲ့သည့် သင်္ကြန်ကာလတွင်း၌ပင် အိုင်းရင်းခရော့စ်တီးဝိုင်းဖြင့် ဖျော်ဖြေခဲ့သည်။ အမှန်တော့ တစ်နှစ်မှတစ်ခါဆိုသလို အများပြည်သူ အခမဲ့ကြည့်ရှုနိုင်သော ဖျော်ဖြေပွဲမျိုးသာ ကျင်းပသင့်ပါသည်။ သာမန် စတိတ်ရှိုးများ၊ ဆူညံစွာဖြင့် ကျင်းပမည့်ပွဲများကို သက်ဆိုင်ရာ အခပေးခန်းမများတွင်သာ ကျင်းပသင့်ပါသည်။ ယခုတော့ ကလေးများ ကစားရာ ပန်းခြံ၊ မိသားစုအပန်းဖြေရာ ပန်းခြံမှာ ဆူညံသံများနှင့် ညံလွန်းလှသည်။

ရန်ကုန်မြို့တွင် ကလေးများအတွက် ပန်းခြံများမှာ နည်းပါးလွန်းလှပါသည်။ မကြာခင်ကမူ ဘဏ္ဍာရေးနှစ်သစ်အစတွင် ပန်းခြံများကို ဝင်ကြေးမကောက်ခံတော့သော်လည်း ကန်တော်ကြီးပန်းခြံကိုမူ ဝင်ကြေးကောက်ခံနေဆဲဖြစ်သည်။ ပန်းခြံတွင်းမှ ဆိုင်များကိုလည်း အခကြေးငွေများရယူငှားထားသဖြင့် အမြတ်များသော အရက်သေစာများကို ရောင်းချ စီးပွားရှာကြခြင်းဖြစ်သည်။

သို့ဖြစ်ရာ အနာဂတ်ခေါင်းဆောင်များ ဖြစ်လာမည့် ကလေးများ၏ ကစားကွင်းများ၊ ပန်းခြံများကို ကလေးများအား ပြန်လည်ပေးအပ်မည့် အစီအမံများကို မကြာမီဆောင်ရွက်သင့်ပါသည်။ ကစားကွင်းများ၊ ပန်းခြံများသည် ကလေးများပိုင် ပစ္စည်းများဖြစ်ပါသည်။

ကျွန်တော်တို့မျိုးဆက်သည် အခွန်အခနှင့် အကျိုးစီးပွားချည်းသက်သက်ရှာပြီး နောက်မျိုးဆက် ကလေးငယ်များအတွက်အမှိုက်များ၊ အညစ်အကြေးများနှင့်ပြည့်နှက်နေသည့် ပန်းခြံမပီတောသည့် အမှိုက်ပုံများ၊ ရေဆိုးကန်များကို မပေးခဲ့သင့်ပါ။ ပန်းခြံတွင်းမှ အရက်သေစာ ရောင်းချမှုများ၊ သောက်သုံး၊ မူးယစ်ရမ်းကားမှုများကို ရပ်ဆိုင်းပေးပါ၊ စိမ်းလန်းစိုပြည် ပန်းခြံများကို ကလေးများကို ပြန်ပေးပါ။ ထိုသို့ လုပ်ဆောင်ပေးမည့် အစိုးရနှင့် နိုင်ငံရေးပါတီများကို ပြည်သူအများက ထောက်ခံခြင်း၊ မဲပေးခြင်းပြုကြပါဟု တိုက်တွန်းလိုက်ပါသည်။

**(မျိုးသာထက်သည် DVB ဒီဘိတ် ရုပ်သံအစီအစဉ် တင်ဆက်သူဖြစ်သည်၊ စာတည်း)။**

- ❑ ကျွန်တော်တို့မျိုးဆက်သည် အခွန်အခနှင့် အကျိုးစီးပွားချည်းသက်သက်ရှာပြီး နောက်မျိုးဆက် ကလေးငယ်များအတွက် အမှိုက်များ၊ အညစ်အကြေးများနှင့်ပြည့်နှက်နေသည့် ပန်းခြံမပီတောသည့် အမှိုက်ပုံများ၊ ရေဆိုးကန်များကို မပေးခဲ့သင့်ပါ။
- ❑ ပန်းခြံတွင်းမှ အရက်သေစာ ရောင်းချမှုများ၊ သောက်သုံး၊ မူးယစ်ရမ်းကားမှုများကို ရပ်ဆိုင်းပေးပါ။
- ❑ စိမ်းလန်းစိုပြည်ပန်းခြံများကို ကလေးများကို ပြန်ပေးပါ။



ကန်တော်ကြီး(ကရဝိက်ဥယျာဉ်)အတွင်းမှ စားသောက်ဆိုင်အချို့ကို တွေ့ရစဉ်။ (ဓာတ်ပုံ-တင်စိုး)



## ပေါ်တော်မူဘုရားလမ်းနှင့် ဦးဘဟန်လမ်းသွယ်ထိပ်အကြား ဗဟိုလမ်းပျက်စီးမှုများပြားနေ၍ ပြင်ဆင်ပေးစေလို

**ရန်ကုန် ဇူလိုင် ၁၂**

မရမ်းကုန်းမြို့နယ် (၂) ရပ်ကွက် မုဒိတာအိမ်ရာဝင်းအနီးရှိ ဗဟိုလမ်း (ပေါ်တော်မူဘုရားလမ်းနှင့် ဦးဘဟန်လမ်းသွယ်ထိပ်တို့အကြား)တွင် လမ်းသားများ ဆိုးရွားစွာပျက်စီးနေပြီး ချိုင့်ကြီး၊ ချိုင့်ငယ်များဖြစ်ပေါ်နေသည်။ ယင်းနေရာတွင် လမ်းဖြတ်ရေမြောင်းကြီးရှိရာ လမ်းပေါ်မှ ရေဖုံးနေသော ချိုင့်ကြီးများကို ယာဉ်များသတိထား ဖြတ်သန်းမောင်းနှင်သွားလာနေရသည်ဟု ယင်းရပ်ကွက်နေသူ တစ်ဦးကဆိုသည်။

မိုးရွာသွန်းသည့်နေ့ရက်များတွင် ယင်းနေရာတွင် ရေပြင်ကျယ်ဖြစ်နေပြီး ဖြတ်သန်းသွားလာသူများ လမ်းပေါ်ရှိ ရေဆိုးရေညစ်များအတွင်း ဖြတ်ကျော်သွားလာနေရသည်ဟု မုဒိတာအိမ်ရာဝင်းသို့ အလုပ်လာဆင်းနေရသည့် ဦးစံမြင့်ကပြောသည်။

(၂)ရပ်ကွက်အတွင်းလမ်းသွယ်များတွင် ကွန်ကရစ်လမ်းခင်းမှုများမြင်တွေ့နေရသည်။ သို့သော်လူနေရပ်ကွက်အတွင်းဖြတ်သန်းထားသော ဗဟိုလမ်းမပေါ်တွင် ချိုင့်ကြီး၊ ချိုင့်ငယ်များဖြင့် လမ်းပျက်စီးနေမှုအပေါ် ပြုပြင်မှု မမြင်တွေ့ရသေးပေ။ မြို့ပတ်ရထားလမ်းဘေး ဗဟိုလမ်းသစ်တစ်လျှောက် လမ်းသစ်ခင်းထားမှုရှိသော်လည်း ယခုမုဒိတာ အိမ်ရာဝင်းအနီးရှိ နေ့စဉ်လူနှင့်ယာဉ်များ ဖြတ်သန်းမှုများသော ဗဟိုလမ်းဟောင်းပေါ်ရှိ လမ်းပျက်စီးမှုအပေါ် ပြုပြင်ပေးမှုမရှိသေး၍ ယင်းနေရာမှ ဖြတ်သန်းသွားလာရာတွင် အခက်အခဲများ နေ့စဉ်ကြုံတွေ့နေရဆဲဖြစ်သည်။ သက်ဆိုင်ရာမှပြုပြင်ပေးစေလိုသည်ဟု ယင်းနေရာဝန်းကျင်နေထိုင်သူများ ဖြတ်သန်းသွားလာသူများက မေတ္တာရပ်ခံပြောဆိုနေသည်။

**(မောင်စေအောင်)**

❑

## ပြည်တွင်းရေးရာ

**●ရွှေဖုံးမှ**

တံတားဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဋ္ဌေးဝင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂမှ ဌာနေကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ဘက်စုံထူးချွန်လူငယ်များ၊ ကင်းထောက်လူငယ်မောင်မယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောက်တန်းမြို့နယ် ရွှေကုန်းရပ်ကွက်မှ အငြိမ်းစား ကျောင်းဆရာ၊ မြို့နယ်စာရေးဆရာအသင်းနာယက ဦးစိုးဝင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကျောက်တန်းဒေသတွင် လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးမြေများသို့ ပင်လယ်ရေငန် ဝင်ရောက်မှုကို ကာကွယ်ပေးနိုင်ရေးတို့အား ဆက်လက် ဆောင်ရွက်ပေးပါရန်၊ နိုင်ငံတော်သမ္မတအနေဖြင့် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လာမည့်နှစ်များတွင်လည်း ဆက်လက်အကောင်အထည်ဖော်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ကျောက်တန်းမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဆဲလုပ်ငန်းများ၊ အနာ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်ဝန်းတံတားဖွင့်ပွဲတွင် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



မော်ဝန်းတံတားကို ဘက်စုံပညာထူးချွန်လူငယ် မောင်သီဟဇော်၊ ကင်းထောက်လူငယ် မသင်းသင်းလှိုင်နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် (၅)ဘာသာဂုဏ်ထူးရှင် မမေရတနာဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ခနောင်ကျေးရွာမှ ရပ်မိရပ်ဖ ဦးမြင့်ဆွေနှင့် ဝဲကြီးကျေးရွာမှ ဒေါ်ဝင်းဝင်းမော်တို့က ရန်ကုန်တိုင်းဒေသကြီးအတွင်း အဓိကဆန်စပါးထုတ်လုပ်ရာဒေသဖြစ်သည့် ကျောက်တန်းမြို့နယ်ရှိ မော်ဝန်းချောင်းကြောင့် တောင်ပိုင်းနှင့်မြောက်ပိုင်းဟု ကွဲပြားပြီး လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် အခြေအနေ၊ တောင်ဘက်ခြမ်းဒေသရှိ ကျေးရွာများအနေဖြင့် ကျောက်တန်းမြို့သို့ သွားရောက်ရန်အတွက် ရေလမ်းခရီးဖြင့်လည်းကောင်း၊ သုံးခွမြို့မှတစ်ဆင့် ကုန်းလမ်းခရီးဖြင့် ၃၇ မိုင်ကိုလည်းကောင်း အဆင့်ဆင့်သွားရောက်နေရသဖြင့် ဒေသ၏ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူမှုစီးပွားအခြေအနေများ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ယခုမော်ဝန်းတံတားတည်ဆောက်ပြီးစီးမှုကြောင့် ကျောက်တန်း၊ သန်လျင်မှတစ်ဆင့် ရန်ကုန်မြို့သို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည့်အတွက်

ဂတ်စီမံချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကျောက်တန်းမြို့နယ်သည် ရန်ကုန်မြို့နေ လူဦးရေ ခုနစ်သန်းခန့်အတွက် စားနပ်ရိက္ခာ အဓိကထုတ်လုပ်ပေးနေသည့် ဒေသဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှေးကွေးနေခဲ့ကြောင်း၊ ထို့ကြောင့် ကျောက်တန်းမြို့နယ် တောင်ဘက်ခြမ်းရှိ ကျေးရွာအုပ်စု ၃၂ အုပ်စု၊ ကျေးရွာပေါင်း ၄၅ ရွာ၊ လူဦးရေ ရှစ်သောင်း၏ လူမှုစီးပွားဘဝနှင့် ပညာရေး၊ ကျန်းမာရေးအခြေအနေများ တိုးတက်မြင့်မားစေရန်အတွက် ယခု မော်ဝန်းတံတားကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ကျောက်တန်းမြို့နယ်တွင် လမ်းပန်းဆက်သွယ်မှု အခက်အခဲအပြင် မိုးရာသီ ရေကြီးရေလျှံမှု၊ ပင်လယ်ဆားငန်ရေဝင်ရောက်မှုများနှင့်လည်း ရင်ဆိုင်နေရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရေတားတမံနှင့် လမ်းအဖြစ် ပူးတွဲအသုံးပြုနိုင်သည့် ပင်လယ်ရေတားတမံကို ကျောက်တန်းဒေသ တောင်ပိုင်း ပင်လယ်ကမ်းခြေ တစ်လျှောက်တွင် တည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း။

ထို့ပြင် ပဲခူးမြစ်မှ ရေချိုကို အသုံးပြုပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လည်း စီမံချက်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားသည် ဒေသတွင်း စိုက်ပျိုးရေးနှင့် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အတွက် အဆင့်မြင့်နည်းပညာသုံး ကျောက်မီးသွေးစက်ရုံကို တည်ဆောက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နောင်ရှာဖွေတွေ့ရှိသည့် သဘာဝဓာတ်ငွေ့များကိုလည်း ပြည်တွင်းလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် အဓိကထားအသုံးပြုသွားမည်ဖြစ်ကြောင်း၊ ကျောက်မီးသွေးအသုံးပြုရာ၌ မိမိဂျပန်ပြည်ခရီးစဉ်တွင် လေ့လာတွေ့ရှိခဲ့သည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် နည်းစနစ်များကို

**စာမျက်နှာ ၉ ကော်လံ ၁ သို့❖**




ဒေသခံပြည်သူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား မော်ဝန်းတံတားဖွင့်ပွဲတွင် လှိုက်လှိုက်လှဲလှဲ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

❖ စာမျက်နှာ ၈ မှ

အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံတွင် ကျောက်မီးသွေးစက်ရုံများ ပတ်ဝန်းကျင်၌ မြို့ရွာများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တည်ရှိပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေဘဲ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေကြောင်း။

မွန်ဂိုလီးယားနိုင်ငံတွင်လည်း မြို့တော် အူလန်ဘာတာ လူနေရပ်ကွက်များအတွင်းတွင် ကျောက်မီးသွေးသုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံသုံးခုရှိပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိ၊ မီးခိုးမထွက်ဘဲ လည်ပတ်နေသည်ကို လေ့လာသိရှိရကြောင်း၊ ကျောက်တန်းဒေသကို သီလဝါအထူးစီးပွားရေးဇုန်နှင့်လည်းကောင်း၊ စစ်တောင်းမြစ်ကိုဖြတ်ပြီး မွန်ပြည်နယ်နှင့်လည်းကောင်း ဆက်စပ်ပြီး စိုက်ပျိုးရေးသာမက အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်သည့်ဒေသဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မှော်ဝန်းတံတားကို ဘက်စုံပညာထူးချွန်လူငယ် မောင်သီဟဇော်၊ ကင်းထောက်လူငယ် မသင်းသင်းလှိုင်နှင့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် (၅)ဘာသာဂုဏ်ထူးရှင် မမေရတနာဦးတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မှော်ဝန်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် တာဝန်ရှိသူများသည် တံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မှော်ဝန်းတံတားသည် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျောက်တန်း-ဝဲကြီး-သုံးခွကားလမ်းပေါ်တွင်တည်ရှိပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဆောက်လုပ်ရေး အထူးအဖွဲ့(၁၆) က စတင်တည်ဆောက်ခဲ့သည်။

တံတားအမျိုးအစားမှာ သံကူကွန်ကရစ် ဘိုးပိုင်နှင့် တံတားကိုယ်ထည်နှင့် တံတားအပေါ်ထည်မှာ အာရ်စီ ကွန်ကရစ်တံတားဖြစ်ပြီး တံတားအရှည်ပေ ၉၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ၃ ပေ ၆ လက်မ၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၉၀ နှင့် အမြင့် ၁၅ ပေ၊ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားမဖွင့်လှစ်မီက တံတားမြို့နှင့် ကျောက်တန်းမြို့နယ် တောင်ဘက်ခြမ်းရှိ မုတ္တမပင်လယ်ကွေ့မှ ကျေးရွာပေါင်း ၄၅ ရွာ အိမ်ထောင်စုပေါင်း ၂၀၄၂၄ စု၊ လူဦးရေ ၈၁၄၇၈ ဦးတို့သည် ကျောက်တန်းမြို့နှင့် သန်လျင်မြို့တို့ကို သွားရောက်နိုင်ရန် မှော်ဝန်းချောင်းကြီးခြားနေသဖြင့် သုံးခွမြို့မှတစ်ဆင့် ၃၇ မိုင်ကျော်ကို ကွေ့ပတ်၍ သွားလာခဲ့ရပြီး ယခုတံတားဖွင့်လှစ်နိုင်သောကြောင့် ၁၅ မိုင်ခန့်ဖြင့် အချိန်တိုအတွင်း သွားလာနိုင်တော့မည်ဖြစ်သည်။

ထို့အတူ အဆိုပါကျေးရွာများမှ ဒေသခံပြည်သူများသည် ယခင်က ရန်ကုန်မြို့သို့သွားလျှင် သုံးခွမြို့ကို ဖြတ်၍အချိန် လေးနာရီခန့် သွားလာခဲ့ရပြီး ယခုအခါ မှော်ဝန်းတံတားပေါ်မှ တစ်ဆင့် ရန်ကုန်မြို့သို့ နှစ်နာရီခန့် အတွင်း သွားလာနိုင်တော့မည်ဖြစ်သည်။

ထို့ပြင် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး အဆိုပါဒေသရှိ စိုက်ပျိုးမြေ ၁၂၇၇၁၂ ဧကတို့မှ လယ်ယာထွက်ကုန်များနှင့် ငါး၊ ပုစွန်မွေးမြူရေး ၁၁၄၅၂ ကန်တို့မှ သားငါး၊ပုစွန်စသည့် ရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်မြို့နှင့် ဆက်စပ်မြို့များသို့ သယ်ယူပို့ဆောင်စရိတ်သက်သာစွာဖြင့် အချိန်တိုအတွင်းတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မှော်ဝန်းတံတားဖွင့်ပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။**

(သတင်းစဉ်)



**မှော်ဝန်းတံတားဖွင့်ပွဲတွင် ကျောက်တန်းမြို့ ရွှေကုန်းရပ်ကွက်မှ ဦးစိုးဝင်း ကျေးဇူးတင်စကား ပြောကြားစဉ်။**

(သတင်းစဉ်)




**မှော်ဝန်းတံတားဖွင့်ပွဲတွင် ကျောက်တန်းမြို့နယ် ခနောင်ကျေးရွာမှ ဦးမြင့်ဆွေ ကျေးဇူးတင်စကား ပြောကြားစဉ်။**

(သတင်းစဉ်)



**မှော်ဝန်းတံတားဖွင့်ပွဲတွင် ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာမှ ဒေါ်ဝင်းဝင်းမော် ကျေးဇူးတင်စကား ပြောကြားစဉ်။**

(သတင်းစဉ်)




**✻ မကွေးမှ**

**(သုဝဏ္ဏကွင်း)**
**မကွေး - တစ်ဂိုး**
**(ဆယ်လာ)**
**ချင်းယူနိုက်တက် - ဂိုးမရှိ**

MNL အသင်းနှစ်သင်းတွေ့ဆုံသောပွဲဖြစ်၍ အပြန်အလှန်ရှိခဲ့ပြီး မကွေးအသင်းက ပွဲပြီးခါနီးတွင် သွင်းယူခဲ့သည့်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ MNL အမှတ်ပေးပြိုင်ပွဲတွင် တတိယနေရာ၌ ရပ်တည်နေသည့် မကွေးအသင်းမှာ ရှုံး/ထွက် ပြိုင်ပွဲတွင်လည်း ကွာတားအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

MNL တွင် ကစားပုံမာကျောသည့် နှစ်သင်း တွေ့ဆုံခြင်းဖြစ်၍ မကွေးရော ချင်းယူနိုက်တက်ပါ လူစုံထုတ်သုံးခဲ့သည်။ မကွေးအသင်းက ခြေသာသယောင်ရှိခဲ့သော်လည်း ဂိုးသွင်းခွင့်တွင် နှစ်သင်းစလုံး အပြန်အလှန်ရရှိခဲ့သည်။ ချင်းယူနိုက်တက်မှ ဆောင်လမန်နှင့် မက်သယူး၊ မကွေးအသင်းမှမောင်မောင်စိုးနှင့် ဆယ်လာတို့ အပိုင်အခွင့်အရေးများရရှိခဲ့သော်လည်း အသုံးမချနိုင်၍ ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။

ဒုတိယပိုင်းတွင် မကွေးအသင်းက အနိုင်ဂိုးရရှိရေးအတွက် တိုက်စစ်အားမြှင့်လာခဲ့ပြီး ချင်းအသင်းမှာ ခံစစ်ကိုအသားပေးကစားခဲ့ရသည်။ ချင်းယူနိုက်တက်အသင်းမှာ မကွေးတိုက်စစ်ကို ၇၅ မိနစ်ကျော်အထိ တောင့်ခံနိုင်ခဲ့သော်လည်း ၇၉ မိနစ်တွင် ဂိုးပေးခဲ့ရသည်။ မကွေးအသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို တိုက်စစ်မှူး ဆယ်လာက သွင်းယူခဲ့ခြင်းဖြစ်သည်။

**(အောင်ဆန်းကွင်း)**
**GFA- တစ်ဂိုး**
**(မိုက်ကယ်)**
**ရန်ကုန်ယူနိုက်တက် - ဂိုးမရှိ**

MNL အမှတ်ပေးပြိုင်ပွဲတွင် ပထမအကျော့၌ ၁၁ ပွဲစလုံးအနိုင်ရရှိထားသည့် ရန်ကုန်အသင်းမှာ ပထမတန်းကလပ် GFA ကို မထင်မှတ်ဘဲရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခဲ့ရပြီဖြစ်သည်။ GFA အတွက် အနိုင်ဂိုးကို ၅၉ မိနစ်တွင် မိုက်ကယ်က သွင်းယူပေးခဲ့သည်။

**(ယနေ့ပွဲ)**
**(အောင်ဆန်းကွင်း)**
**ဇွဲကပင် - ဧယျာရွှေမြေ**
**(သုဝဏ္ဏ)**
**တက္ကသိုလ်လက်ရွေးစင် - ရာဝတီ**

## ပင်စင်စားမိဘပြည်သူများသို့ ပန်ကြားချက်

ပင်စင်စားမိဘပြည်သူများအတွက် နိုင်ငံတော်မှ (၄/၂၀၁၅)မှစ၍ ခွင့်ပြုပေးခဲ့သည့် တိုးမြှင့်ပင်စင်လစာများအား မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ပေးလျက်ရှိရာ ပင်စင်ခံစားခွင့်ရှိသူ ၆၅၁၁၅၈ ဦးရှိသည့်အနက် ၁၀-၇-၂၀၁၅ ရက်နေ့အထိ ၄၇၃၈၅၇ ဦး ထုတ်ပေးပြီးဖြစ်ပါကြောင်းနှင့် တိုးမြှင့်ပင်စင်လစာများထုတ်ယူရန် ကျန်ရှိသောပင်စင်စား မိဘပြည်သူများအနေဖြင့် မိမိတို့ထုတ်ယူနေသော မြန်မာ့စီးပွားရေးဘဏ်ခွဲများသို့ ဆက်သွယ်ထုတ်ယူကြပါရန် နှိုးဆော်အပ်ပါသည်။

ပင်စင်စားမိဘပြည်သူများအနေဖြင့် ပင်စင်လစာများထုတ်ယူရာတွင် အခက်အခဲများတွေ့ရှိပါက သက်ဆိုင်ရာ ဘဏ်ခွဲမန်နေဂျာများနှင့် ဘဏ်ဝန်ထမ်းအားလုံးကို ကိုယ်တိုင်တိုက်ရိုက်တွေ့ဆုံ၍ အကူအညီတောင်းခံနိုင်ပါသည်။

**(မြန်မာ့စီးပွားရေးဘဏ်)**

## ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးမည်

**ရန်ကုန် ဇူလိုင် ၁၂**

(၆၂)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်ညီလာခံဖြစ်မြောက်ရေးကော်မတီသည် ဆေးနှင့်ဆေးပစ္စည်းကိုယ်စားလှယ်များနှင့်တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ပြုလုပ်မည်ဖြစ်ရာ ဆေးကိုယ်စားလှယ်များအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

**(ကြေးမုံ)**

## ကွက်ကျားမိုး

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**✻ မယ်ကမ္ဘာမှ**

ကြိုးစားသွားမယ့်အပြင် ပရဟိတလုပ်ငန်းတွေကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာပါ”ဟု မန္တလေးမှ လာရောက်ယှဉ်ပြိုင်ပြီး Miss Myanmar World 2015 ဆုရှင် ခင်ရတနာသိန်းမြင့်က ပြောသည်။

နိုင်ငံတကာမယ်ကမ္ဘာအလှမယ်ပြိုင်ပွဲများကို ၁၉၅၂ ခုနှစ်မှ စတင်ကျင်းပလာခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ဆိုလျှင် (၆၅) ကြိမ်တိုင်ခဲ့ပြီ ဖြစ်သောကြောင့် ကမ္ဘာ့အလှမယ်ပြိုင်ပွဲများတွင် သက်တမ်းအရှည်ဆုံးပြိုင်ပွဲတစ်ခု ဖြစ်သည်။

၂၀၁၅ ခုနှစ်အတွက် မယ်ကမ္ဘာအလှမယ်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၉ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Sanya ပြည်နယ်ရှိ Beauty Crown Grand ကဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ဒုတိယအကြိမ် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

❒

# ပျိုရွယ်သူတို့၏ ကျန်းမာရေးအစီအစဉ်

ခင်မောင်ဌေး
(ပညာရေး)

ကျန်းမာခြင်းသည် ချမ်းသာခြင်းမည်၏။ (Health is Wealth) ကျန်းမာခြင်းတွင် ကိုယ်ကျန်းမာခြင်းနှင့် စိတ်ကျန်းမာခြင်းဟူ၍ နှစ်မျိုးပါဝင်သည်။ ကိုယ်ကျန်းမာမှ စိတ်ချမ်းသာနိုင်ပါသည်။ သို့ဖြစ်၍ ဘဝတွင် ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာစွာနေထိုင်နိုင်ရေးသည် အရေးအကြီးဆုံးပင် ဖြစ်ပေလိမ့်မည်။

လူတိုင်းတွင် ကျန်းမာရေးအသိလည်း ရှိဖို့လိုနေပါသေးသည်။ ကလေးများအတွက် ကျန်းမာရေးအသိပညာရရှိနိုင်သည်မှာ အနီးကပ်ဆုံးရှိသည့် မိသားစုထဲမှ မိဘများပင်ဖြစ်သည်။ ထို့ပြင် ကလေးသူငယ်များ ပညာဆည်းပူးရာ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်ကောလိပ်များမှလည်း ရရှိနိုင်ပါသည်။

မိသားစုအတွင်း အသိပညာပေးရမည်မှာ မိခင်များပင်ဖြစ်၏။ အထူးသဖြင့် အရွယ်ရောက်စမိန်းကလေးများအား မိခင်၏ ပွင့်လင်းစွာပြောဆိုမှုက အရေးအပါဆုံးဖြစ်၏။ သို့သော်လည်း အကြောင်းအမျိုးမျိုးတို့ဖြင့် ပြောဆိုရှင်းပြမှုမရှိ။ အထူးသဖြင့် မျိုးပွားခြင်းဆိုင်ရာကိစ္စများပင်ဖြစ်၏။

ယခုအခါတွင် ပျိုရွယ်သူတို့၏ ကျန်းမာရေးအစီအစဉ်နှင့် ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ရှိ တက္ကသိုလ်နှင့် အခြေခံပညာအထက်တန်းကျောင်းများတွင် ပြုလုပ်လျက်ရှိသည်။ ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းရှစ်ကျောင်းခန့်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းအစီအစဉ်ကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဦးစီးပြုလုပ်ခြင်းဖြစ်သည်။ အရွယ်မရောက်သေးသူများနှင့် အရွယ်ရောက်ပြီးသူများအတွက် မျိုးပွားခြင်းဆိုင်ရာအသိပညာပေးသည့် မေးခွန်းများမေးမြန်းခြင်းဆိုင်ရာ အစီအစဉ်ဖြစ်ပြီး ပြောင်းလဲလာသည့်နည်းပညာခေတ်တွင် ကလေးများအတွက် မမှားသင့်သောအမှားများမဖြစ်စေရန် ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရ၏။

ယင်းအစီအစဉ်တွင် အရွယ်ရောက်သူများ၏ မျိုးပွားခြင်းဆိုင်ရာ အကြောင်းအရာများ၊ အရွယ်ရောက်သည့်အချိန်တွင် ပြောင်းလဲလာသော ရုပ်ပိုင်းဆိုင်ရာအကြောင်းအရာများ၊ ရုပ်ပိုင်းဆိုင်ရာပြောင်းလဲခြင်းများကြောင့် ဖြစ်ပေါ်လာသည့် စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှုများ၊ အာဟာရဆိုင်ရာ ပြောင်းလဲမှုများနှင့် မတော်တဆထိခိုက်ဒဏ်ရာရမှုကြောင့် အနာတရဖြစ်ခြင်းများ စသည့်အကြောင်းအရာများကို ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို မေးခွန်းမေးမြန်းခြင်း၊ ဆွေးနွေးစေခြင်းတို့ကို ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရပါသည်။

ဖော်ပြပါအစီအစဉ်သည် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အထူးလိုအပ်နေသည့်အစီအစဉ်ပင်ဖြစ်သည်။ အကြောင်းမှာ မြန်မာမိန်းကလေးများသည် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ခုဖြစ်နေသည့် အရှက်အကြောက်ကြီးခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ အချိန်တန်အရွယ်ရောက်သော်လည်း သိသင့်သိထိုက်သည့် တစ်ကိုယ်ရေသန့်ရှင်းရေးမှအစ ကျန်းမာရေးအသိနည်းပါးနေ၏။ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲခြင်း၊ မျိုးပွားခြင်းဆိုင်ရာ အသိပညာများတွင်မူ အထူးပင် သိုသိပ်လွန်းလှပါသည်။

ယခုကဲ့သို့သော ၂၁ ရာစု အိုင်တီခေတ်တွင် နည်းပညာဖွံ့ဖြိုးမှုကြောင့် လူငယ်လူရွယ် အမျိုးသားအမျိုးသမီးတိုင်း အိုင်တီနည်းပညာများနှင့် အကျွမ်းတဝင်ရှိလှ၏။ အထူးသဖြင့် အင်တာနက်၊ အီးမေးလ်နှင့် လူမှုကွန်ရက် စသည်တို့မှတစ်ဆင့် အသိပညာစုံလင်စွာရနိုင်ပါသည်။ ဤနေရာတွင် **"တံခါးဖွင့်လိုက်လျှင် လေကောင်းလေသန့်ရရှိနိုင်သကဲ့သို့ မလိုလားအပ်သည့် အမှိုက်သရိုက်များလည်း ဝင်လာနိုင်သည်ကို"** သတိပြုမိဖို့လိုသည်။ သုံးစွဲသူတို့၏အသိဉာဏ်ပညာပေါ်တွင် များစွာတည်မှီနေပါသည်။ အသိဉာဏ်ပညာနည်းပါးလျှင် လမ်းလွဲသို့ရောက်သွားနိုင်ပါသည်။ သို့ပါ၍ အရွယ်ရောက်သည်နှင့် သိသင့်သိအပ်သည့် ကျား-မ သဘာဝ၊ စောင့်ထိန်းအပ်သည့် ကိုယ်ကျင့်တရား၊ အရွယ်အလိုက်ဖွံ့ဖြိုးမှုအနေအထား၊ စိတ်ခံစားချက် ပြောင်းလဲခြင်း စသည်တို့ကို အသိပညာပေးနိုင်ဖို့ လိုအပ်ပါသည်။

စင်စစ်အရွယ်မရောက်သေးသူနှင့် အရွယ်ရောက်စကလေးအများစုမှာ အခြေခံပညာကျောင်းများတွင် အလွယ်တကူတွေ့ရှိနိုင်ပါသည်။ လက်ရှိကျောင်းများတွင် သင်ကြားနေသည့် ပန်းချီ၊ ကွန်ပျူတာ၊ အားကစား စသည်တို့ကဲ့သို့ ကျန်းမာရေးအသိပညာပေး အစီအစဉ်တစ်ရပ်အဖြစ် ထည့်သွင်းနိုင်လျှင် ပို၍ပင်သင့်တော်လှပါသည်။

ကျောင်းနေအရွယ်ကလေးများ၏ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာတို့မှာ အလွန်ပင် နူးညံ့ပျော့ပျောင်းလွန်းလှပါသေးသည်။ ပုံသွင်းသူတို့၏အပေါ်တွင်သာ အခရာကျပါသည်။ သိသင့်သိထိုက်သည့် အသိပညာမရရှိခဲ့ပါက လွယ်လွယ်ကူကူပင် အတုခိုးမှားတတ်ကြပါသည်။ လွဲမှားသည့် အယူအဆများအပေါ် အထင်ကြီးအားကျသွားနိုင်ပါသည်။

ယခုအခါ ပျိုရွယ်သူတို့၏ ကျန်းမာရေးအစီအစဉ်များ ဆောင်ရွက်ပေးလာခြင်းသည် လိုအပ်နေသော ကွက်လပ်အား ဖြည့်ဆည်းပေးလိုက်ခြင်းပင်ဖြစ်သည်။ မိမိတို့၏ ကျန်းမာရေးအသိပညာများ ပွင့်လင်းလွတ်လပ်စွာ ဆွေးနွေးခြင်း၊ အပြန်အလှန်မေးမြန်းဖြေဆိုခြင်းဖြင့် မှန်ကန်သည့်အသိအမြင်များ တိုးပွားရရှိနိုင်ပါသည်။

ကြုံကြိုက်၍ပြောရလျှင် ပျိုရွယ်သူမိန်းကလေးများအား ခြိမ်းခြောက်နေသည့် ရောဂါများထဲတွင် သားအိမ်ခေါင်းကင်ဆာ၊ ရင်သားကင်ဆာတို့သည် ထိပ်ဆုံးကဖြစ်၏။ ယင်းတို့နှင့်ပတ်သက်၍ ပြောဆိုပြသရန် ရှက်ကြောက်ခြင်း၊ အသိမပေးလိုခြင်း၊ တစ်ကိုယ်ရေကျန်းမာရေးအသိ နည်းပါးခြင်းတို့ အပြင် မည်သို့ပြုမူနေထိုင်ရမည်ကိုပါ မသိသောကြောင့် ရောဂါအန္တရာယ် ပိုမိုကြီးမားသွားနိုင်ပါသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ယင်းရောဂါများနှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခြင်း၊ အခမဲ့ စမ်းသပ်ပေးနေခြင်းများကိုပင် လူတိုင်းမသိကြသေးပေ။

ထို့ကြောင့် ကျန်းမာရေးအသိပညာပေးအဖြစ် ပျိုရွယ်သူတို့၏ ကျန်းမာရေးအစီအစဉ်ကို မဖြစ်မနေ တိုးချဲ့ဆောင်ရွက်သွားကြရမည်ဖြစ်၏။ အခြေခံပညာကျောင်းများတွင် ယင်းသို့သော ပညာပေးအစီအစဉ်များ ဆောင်ရွက်သွားခြင်းဖြင့် ယင်းကလေးများ တက္ကသိုလ်၊ ကောလိပ်များသို့ ရောက်ရှိသွားချိန်တွင် ကျန်းမာရေးအသိပညာပါသွားပြီး ဖြစ်ပေလိမ့်မည်။ ယင်းသို့တိုးချဲ့ဆောင်ရွက်သွားခြင်းဖြင့် နောင်တစ်ချိန်တွင် တက္ကသိုလ်၊ ကောလိပ်အဆင့်အထိ လိုအပ်မည်မဟုတ်တော့ပေ။ တိုးချဲ့ဖွင့်လှစ်လာသည့် ပုဂ္ဂလိကအထက်တန်းကျောင်းများကိုလည်း အသိပညာဖြန့်ဝေပေးခြင်းဖြင့် ပူးပေါင်းပါဝင်လာစေသင့်ပါသည်။

သို့ပါ၍ တစ်မျိုးသားလုံး၏ ကျန်းမာကြံ့ခိုင်ရေးကို တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီအားဖြည့်ပေးနေသည့် ပျိုရွယ်သူတို့၏ ကျန်းမာရေးအစီအစဉ်အား အခြေခံပညာကျောင်းတိုင်းတွင် စီမံချက်ဖြင့် ပို၍တိုးချဲ့ဆောင်ရွက်နိုင်ပါရန် ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

## တစ်ပိုင်တစ်နိုင် သပြေပင်စိုက်ပျိုးသူများ အဆင်ပြေ

**နေပြည်တော် ဇူလိုင် ၁၂**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် သာဂလကျေးရွာတွင် နေထိုင်သည့်တောင်သူများသည် အခြားတောင်ယာလုပ်ငန်းများလုပ်ကိုင်နေသည့်အပြင် တခြားဝင်ငွေရရှိစေရန်အတွက် မိမိတို့ အိမ်ခြံရှိ နေရာကွက်လပ်များတွင် သပြေပင်များစိုက်ပျိုးလျက်ရှိသည်။

အဆိုပါ ကျေးရွာတွင် တစ်ပိုင်တစ်နိုင်စီးပွားရေးအရ အာဆီယံသပြေနှင့် အောင်သပြေဟူ၍ နှစ်မျိုးစိုက်ပျိုးကြပြီး မျိုးပျိုးပင်များကို မန္တလေးမှ ဝယ်ယူစိုက်ပျိုးကြသည်။ စိုက်ပျိုးမှုကာလကြာမြင့်ချိန် သုံးလကျော်ပြုစုပျိုးထောင်ရပြီး ယခုလို မိုးရာသီကာလတွင် အညွန့်များလှိုင်လှိုင်ထွက်ရှိကာ ဈေးကွက်အတွင်း ရောင်းချဝယ်ယူသူများပြားနေသောကြောင့် မိသားစုစားဝတ်နေရေးအဆင်ပြေ နေ့စဉ်ဝင်ငွေရရှိလျက်ရှိကြောင်းသိရသည်။

**ဥတ္တရခရိုင်ပြန်/ဆက်**



## ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ စုပေါင်းသန့်ရှင်းရေးပြုလုပ်


**နေပြည်တော် ဇူလိုင် ၁၂**

၂၀၁၅-၂၀၁၆ ပညာသင်နှစ် ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အား မြန်မာတစ်နိုင်ငံလုံးရှိ စာသင်ကျောင်းများတွင် ပြုလုပ်လျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အထက (ကျည်တောင်ကန်)ကျောင်းတွင်လည်း ယနေ့နံနက် ၈ နာရီက ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။**(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းဌေးဦးစီး၍ ဆရာ ဆရာမများ၊ ကျောင်းဝန်ထမ်းများနှင့် ပဉ္စမတန်းမှ နဝမတန်းထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၀၀ ကျော်တို့က ကျောင်းဝင်းအတွင်းရှိ ချုံနွယ်များနှင့် အမှိုက်သရိုက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များမီးရှို့ခြင်းနှင့် အုန်းပွားပင်၊ ငှက်ပျောပင်၊ ပန်းအလှပင်၊ သရက်ပင်နှင့် ရေတမာပင် စုစုပေါင်း ပျိုးပင် ၁၅၀ ကျော်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အလားတူ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများ၊ အလယ်တန်းကျောင်းများနှင့် မူလတန်းကျောင်းများတွင်လည်း ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ဆောင်ရွက်နေမှုများအား ဥတ္တရခရိုင် ပညာရေးမှူး ဦးဘထွန်း၊ ပုဗ္ဗသီရိမြို့နယ် ပညာရေးမှူး ဒေါ်ခင်ဖြူဝင်းနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ကြောင်းသိရသည်။

**ရွှေရဲရင့်**




## မိုးရာသီကာလ ချင်းတောင်တက်ကားများ သတိထားမောင်းနှင်ရန်လို

**ကလေး ဇူလိုင် ၁၂**

ယခုနှစ်အတွင်း ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသော လမ်းပိုင်းနေရာများတွင် တောင်များဖြိုချကာလမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကြောင့် လမ်းများပေါ်တွင် မြေစာများကျပြီး မိုးရွာပါက လမ်းချော်မှုများ ဖြစ်ပေါ်နေခြင်းကြောင့် ချင်းတောင်တက်ကားများ သတိထားမောင်းနှင်ရန် လိုအပ်ကြောင်း ချင်းတောင်တက်ကားအသင်းထံမှ သိရသည်။

"ကလေး-တီးတိန်-ရိဒ်ခေါ်ရ်ဒါ လမ်းပိုင်းနဲ့ သိုင်းငင်း-ဖလမ်း-ဟားခါး လမ်းပိုင်းတွေမှာ လမ်းတွေပြင်နေပါတယ်။ လမ်းတွေကတော့ ကျယ်တာကောင်းပါတယ်။ ဒါပေမယ့် မိုးရာသီဆိုတော့ လမ်းချဲ့လိုက်တဲ့မြေစာတွေက လမ်းပေါ်တွေကျနေတော့ မိုးကျလာရင် လမ်းချော်ပါတယ်။ အဓိကဖြစ်တဲ့နေရာတွေကတော့ သိုင်းငင်းအောက်ဘက်တွေမှာ ပိုဆိုးပါတယ်။ နောက်ပြီး ကလေး -တီးတိန်လမ်းပိုင်းကနေ ဒီတောင်ခြေရင်းတွေမှာ လမ်းချော်မှုတွေက ပိုဆိုးပါတယ်"ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

ချင်းတောင်ပေါ်ရှိ လမ်းများသည် ယခင်က မြေသားလမ်းအဆင့်နှင့် ကတ္တရာလမ်း ဖြစ်သည်။ ယခုနောက်ပိုင်းတွင် နိုင်ငံတော်အစိုးရက လမ်း၊ တံတားများအား ဦးစားပေးလုပ်ကိုင် ဆောင်ရွက်လာခဲ့သော်လည်း မိုးတွင်းကာလ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းမြေသားများ နိမ့်ဆင်းခြင်း၊ တောင်ပြိုခြင်းများ မကြာခဏ ဖြစ်ပွားနေသည်။

"ချင်းတောင်လမ်းတွေက ဘယ်လောက်ပဲ မီးထိုးမောင်းမောင်း ရှေ့ပေ ၁၀၀ ဆိုရင် ဘာမှမမြင်ရဘူး။ ကားကောင်းရတယ်။ ကားဆရာ ကျွမ်းကျင်ရတယ်။ ကားဟွန်းတီးတာကို မပျင်းရဘူး။ နောက်ပြီး အတက်/အဆင်း တစ်စီးနဲ့တစ်စီး တွေ့ပြီဆိုရင် နားလည်မှုပေးရတယ်။ ဒါမှ ယာဉ်အန္တရာယ်ကင်းရှင်းမယ်" ဟု ချင်းတောင်တက်ယာဉ်မောင်းကိုထွေးက ပြောသည် ။

"ချင်းတောင်တက်ကားလိုင်းတွေ တစ်နှစ်ထက်တစ်နှစ်များ လာတယ်။ မှန်လုံရှိသလို Micro Bus လေးတွေ ရှိတယ်။ အော်ဒါဌားချင်တယ်ဆိုရင်လည်း ပါဂျဲရိုးကားတွေကအစ ငှားပြီးသွားလို့ရတယ်။ အပြိုင်အဆိုင်ပြေးဆွဲမှုတွေရှိလာလို့ ယာဉ်စီးခဈေးနှုန်းတွေ သက်သာလာတယ်" ဟု တီးတိန်မြို့မှ ခရီးသည်တစ်ဦးက ပြောသည်။

**လင်းလက်ကြယ်စင်**

## ဒစ်ဂျစ်တယ်စာကြည့်တိုက်စနစ် တပ်ဆင်

**ဆီဆိုင် ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်ခန်းမ၌ ဝိုင်ဖိုင်မှတစ်ဆင့် ဖုန်းနှင့်တက်ဘလက်များဖြင့် စာအုပ်များအလွယ်တကူရယူဖတ်ရှုနိုင်မည့် Public Digital Library ကို တပ်ဆင်ထားပေးပြီးဖြစ်ရာ ဇူလိုင် ၇ ရက်မှ စတင်ပြီး ဆီဆိုင်မြို့ပေါ် နေပြည်သူများ စာပေအလွယ်တကူ ဖတ်ရှုလေ့လာနိုင်ပြီဖြစ်ကြောင်းသိရသည်။

**မြို့နယ်ပြန်/ဆက်**

## ဘားကမ့် ပြည် ၂၀၁၅ နှစ်ရက်တိုင်တိုင် ကျင်းပ

**ပြည် ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ကွန်ပျူတာလုပ်ငန်းရှင်များအသင်းတို့ ကြီးမှူးကျင်းပသော ဘားကမ့်ပြည် ၂၀၁၅ ဖွင့်ပွဲအခမ်းအနားကို ပြည်မြို့ အထက(၁)၌ ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီက ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တက်ရောက်ဆွေးနွေးမည့် နည်းပညာရှင်များ၊ မြို့မိမြို့ဖများ၊ သတင်းနှင့် စာရေးဆရာအသင်းများ၊ ဘားကမ့်ပြည် ၂၀၁၅ အဓိကပံ့ပိုးသူ Telenor မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ စာရေးဆရာ သရဖူ(ပြည်)၊ ဦးအေးကျော် (MHR) Telenor မှ တာဝန်ရှိသူများက လူငယ်များအတွက် အမှာစကားပြောကြားပြီး တက်ရောက်လာသူများက မိမိနှစ်သက်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးကြသည်။

ပြည်ဘားကမ့် ၂၀၁၅ အား (၄)ကြိမ်မြောက်ပြုလုပ်ခြင်းဖြစ်ပြီး ဇူလိုင် ၁၁ ရက်မှ ၁၂ ရက် အထိ နှစ်ရက်တိုင်တိုင်ကျင်းပရာ ဒေသခံလူငယ်များအတွက် နည်းပညာများ၊ အသိပညာများ၊ အတွေ့အကြုံများ အပြန်အလှန်ဖလှယ်နိုင်သည့် အခွင့်အလမ်းများရရှိခဲ့ကြောင်း သိရသည်။

**အောင်(ဓာတုဗေဒ)**

## အင်္ဂလိပ်ခေတ်လက်ရာ ဝန်ထမ်းအိမ်ရာများ ဒီဇိုင်းကို မြစ်ငယ်တွင် ယနေ့တိုင်လေ့လာနိုင်



**မြစ်ငယ် ဇူလိုင် ၁၂**

နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်သော အဆောက်အအုံများနှင့် ရှေးခေတ်ဒီဇိုင်းများသည် စိတ်ဝင်စားဖွယ်တစ်ခုအဖြစ် တည်ရှိနေသည်။ ခေတ်ဟောင်းနှင့်ခေတ်သစ် အင်ဂျင်နီယာပညာများကို နှိုင်းယှဉ်လေ့လာနိုင်သလို ရှေးခေတ်လူနေမှု အခြေအနေနှင့် လုပ်ကိုင်ဆောင်ရွက်ခဲ့မှု သမိုင်းများကိုလည်း ပြောပြနေသလိုရှိနေသည်။

မြန်မာနိုင်ငံတွင် အင်္ဂလိပ်ခေတ်အင်ဂျင်နီယာလက်ရာဖြင့် တည်ဆောက်ခဲ့သော အဆောက်အအုံများကို မြစ်ငယ်ဒေသတွင် ယနေ့တိုင် တွေ့မြင်နိုင်သည်။ ထိုအိမ်ရာများမှာ နှစ်တစ်ရာပြည့် မြစ်ငယ်မီးရထားတွဲပြင်နှင့် တွဲတည်ဆောက်သည့်စက်ရုံကို အခြေခံထားသည့်ဝန်ထမ်းအိမ်ရာများပင် ဖြစ်သည်။

မြစ်ငယ်မီးရထားတွဲပြင်စက်ရုံ လူစီးတွဲနှင့် ကုန်တွဲစက်ရုံကို ၁၉၀၅ ခုနှစ်တွင်တည်ဆောက်ကာ ၁၉၁၁ ခုနှစ်တွင် ပြီးစီးသည်။ ၁၉၁၂ ခုနှစ်တွင် စက်ရုံစတင်လည်ပတ်ကြောင်း သိရသည်။ စက်ရုံစတင်တည်ဆောက်ချိန်မှစ၍ ဝန်ထမ်းအိမ်ရာများကိုပါ တည်ဆောက်ခဲ့သဖြင့် မြစ်ငယ်မီးရထားတွဲပြင်စက်ရုံသည် နှစ်ပေါင်းတစ်ရာကျော်ခဲ့ပြီဖြစ်ရာ ဝန်ထမ်းအိမ်ရာများစွာသည်လည်း နှစ်ပေါင်းတစ်ရာကျော်အိမ်များအဖြစ် တည်ရှိနေသည်။

မြစ်ငယ်မြို့ကိုလေ့လာသမျှ၌ ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့ပြအင်ဂျင်နီယာစနစ်ကောင်းမွန်ခဲ့ပုံကို အတုယူနိုင်သည်ဟု ညွှန်းဆိုနိုင်သည်။ ရှေ့မီနောက်မီ အသက်(၉၀)အရွယ် မီးရထားအငြိမ်းစားကြီးများ၏ လက်ဆင့်ကမ်း ပြောပြမှုအရ အလုပ်ခန့်ပုံ၊ စမ်းသပ်ပုံ၊ ထိုခေတ်လစာနှင့် လစာပေးပုံစနစ်၊ လူမျိုးစုံ၊ ဘာသာပေါင်းစုံ ရှေးယခင်မှစ၍ ယခုအထိ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကာ ပျော်ပွဲရွှင်ပွဲများအတူတကွ ဆင်နွှဲခဲ့သည့် ကောင်းမွန်သော ဆက်ဆံရေးကို သိရသည်။ ဘာသာပေါင်းစုံ ဘုရားကျောင်းများ ယခုတိုင်တည်ရှိနေသည်။

အလုပ်သမားလိုင်း၏သန့်ရှင်းမှုကို အထူးအလေးထားဆောင်ရွက်ခဲ့ပုံနှင့် ကျန်းမာရေးအတွက် သောက်သုံးရေသန့်စင်ပုံ၊ ရေပေးဝေရေးနည်းစနစ်များကိုပါ သိရသည်။ လေးခန်းတွဲ အိမ်သာများတည်ရှိပုံ၊ မိလ္လာပုံးထိုးစနစ် ကျင့်သုံးပုံ၊ ဝန်ထမ်းလိုင်းများတွင် ၂၄ နာရီ ရေလွှတ်ထားပုံများပါသိရသည်။ လက်ရှိကာလတွင် ဝန်ထမ်းတိုးချဲ့အိမ်ရာသစ်များဖြင့် တိုးတက်စည်ပင်နေသည်။

ယခင်က မြို့အင်္ဂါရပ်နှင့်အညီ ဘောလုံးကွင်း၊ တင်းနစ်ကွင်းနှင့် ရပ်ကွက်တိုင်း မီးသတ်ငုတ်ထားပုံ၊ မီးသတ်ရေတိုင်၊ မီးသတ်သေတ္တာ၊ ရေပိုက်ထည့်ထားပုံနှင့် သော့ယူပုံတို့မှအစ စနစ်တကျတည်ရှိခဲ့ပြီး အတုယူစရာ မြို့ပြစနစ်ဖြင့် တည်ဆောက်ခဲ့သော သမိုင်းဝင်မြို့ကလေးဖြစ်ခဲ့ပြီး အင်္ဂလိပ်ခေတ် ဝန်ထမ်းအိမ်ရာ ဒီဇိုင်းများကို ယနေ့တိုင် လေ့လာနိုင်ကြောင်း သိရသည်။

**(တိမ်တမန်)**

## ရွှေစက်တော် (၃)မိုင်လမ်းနှင့် ပတ်ဝန်းကျင်အား ပြုပြင်ရန်လို

**မကွေး ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ရှေးဟောင်းတန်ခိုးကြီးစေတီတစ်ဆူဖြစ်သော မန်းရွှေစက်တော်ဘုရားသွား (၃)မိုင်လမ်း နှစ်လမ်းသွားကတ္တရာလမ်းနှင့် အခြားကမ်းပါးပြိုခြင်း၊ မြေပြိုခြင်းများကို အချိန်မီ မပြုပြင်ပါက နောင်လာမည့်မိုးရွာသွန်းမှုများတွင် ဆိုးရွားမှုများနှင့် ကြုံတွေ့နိုင်ကြောင်း ဒေသခံများက ပြောပြသည်။

အဆိုပါ (၃)မိုင်လမ်း နှစ်လမ်းသွားလမ်းအား ယခုနှစ်တွင် ပြုပြင်ဖောက်လုပ်ခဲ့ပြီး မိုင်တိုင်(၁)အတွင်း ကတ္တရာလမ်းထူးပေါက်ကျွံနေခြင်း၊ မိုင်တိုင် (၃) အနီးတွင် မြေနံရံပြိုကျနေခြင်း၊ သမင်ခြံအလွန်တွင် ကမ်းပါးပြိုမှုရှိနေခြင်းနှင့် ကားကြီးကွင်း တောင်ဘက်အစပ်တွင် ရေတိုက်စား၍ မြေပြိုနေခြင်းများ ဖြစ်ပေါ်နေသဖြင့် (၃) မိုင်လမ်းတစ်လျှောက်အား ရေမြောင်းဖော်၍ ရေထွက်ပေါက်ပြုလုပ်ရန် အရေးပေါ်လိုအပ်လျက်ရှိကြောင်း သိရသည်။

"မနှစ်က အောက်ခြေတော်ရာကို ဖန်အုပ်ဆောင်းအုပ်ထားတော့ ရွှေစက်တော်ဘုရားကို ရာသီမရွေးလာဖူးကြတယ်။ ကမ်းပါးပြိုမှုတွေ၊ လမ်းပျက်မှုတွေကြုံရင် ဘုရားဖူးတွေအတွက် အန္တရာယ်ရှိတာပေါ့"ဟု ဒေသခံတစ်ဦးက ပြောသည်။

**ငြိမ်းလှိုင်(စေတုတ္တရာ)**

## မန္တလေးတွင် ဗဟိုရေဆိုးစက်ရုံ တည်ဆောက်မည်

**မန္တလေး ဇူလိုင် ၁၂**

ထိုင်းနိုင်ငံ Hydrotek Supreme Mandalay Co.,Ltdနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းလုပ်ဆောင်သွားမည့် ဗဟိုရေဆိုးစက်ရုံ ဆောက်လုပ်ရန် လက်မှတ်ရေးထိုးပွဲကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးမြို့တော် စည်ပင်သာယာရေးဝန်ကြီး၊ မန္တလေးမြို့တော်ဝန်ဦးအောင်မောင်းနှင့် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ဌာနမှူးများ၊ Hydrotek Supreme Mandalay Co.,Ltd မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းနှင့် Hydrotek Supreme Mandalay Co.,Ltd မှ Managing Director Mr. Slib Soongswang တို့ စာချုပ်တွင် အပြန်အလှန် လက်မှတ်ရေးထိုးကြသည်။

အဆိုပါ ဗဟိုရေဆိုးစက်ရုံအား တောင်အင်း၊ မြောက်အင်းအနီး ငါးဧကနီးပါး အကျယ်အဝန်းရှိသော နေရာတွင် တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်ကာလမှာ နှစ်နှစ်ခန့် ကြာမြင့်မည်ဖြစ်သည်။

မန္တလေးစက်မှုဇုန်ရှိ စက်ရုံအသီးသီးမှ ထွက်ရှိသော စွန့်ပစ်ရေဆိုးများကို ၎င်းစက်ရုံမှ လက်ခံရယူပြီး နိုင်ငံတကာစံချိန် စံညွှန်းအတိုင်း ရေဆိုးများကို သန့်စင်ပေးသွားမည်ဖြစ်သောကြောင့် လက်ရှိရင်ဆိုင်နေရသည့် ရေဆိုးပြဿနာများ ကင်းရှင်းသွားမည်ဖြစ်သည်။ BOT စနစ်ဖြင့် တည်ဆောက်သွားမည်ဖြစ်၍ စက်ရုံများမှ ထွက်ရှိသော ရေဆိုးပြင်းအားနှင့် ပမာဏအပေါ် အခြေခံ၍ ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ပြည်ပကြိုက် မကွေးဒေသထွက် ပေါ်ဦးပေါ်စဖန်ခါးသီး ဈေးကောင်းနေ

**မကွေး ဇူလိုင် ၁၂**

အညာဒေသမကွေးမြို့တွင် ဖန်ခါးသီးသည် လူသိများ၍ လူကြိုက်လည်းများသဖြင့် ဖန်ခါးသီးပေါ်ချိန်ရာသီရောက်လျှင် ဒေသလက်ဆောင်အဖြစ် နီးစပ်ရာ မြို့နယ်ဒေသများရှိမိတ်ဆွေ၊ ဆွေမျိုးများထံ ပေးပို့လေ့ရှိကြသည်။ မကွေးမြို့၏အရှေ့ဘက် ဘုရားပြိုကျေးရွာမှထွက်ရှိသော ဖန်ခါးသီးမှာ အစေ့မပါ အသားထူပြီး အခါးပြည့်ဝကာ တိုင်းရင်းဆေးဖော်စပ်ရာတွင် ဆေးစွမ်းထက်၍ ဝယ်ယူမှုများပြားကြောင်း ဒေသခံ ဖန်ခါးသီးရောင်းချသူက ပြောသည်။

ယခုရက်ပိုင်းတွင် ဖန်ခါးသီးပေါ်ဦးပေါ်စမို့ ဈေးကြီးနေခြင်းဖြစ်ပြီး ဒုတိယဝါဆိုလောက်တွင် လှိုင်လှိုင်ပေါ်မည်ဖြစ်၍ လက်ရှိဈေးကွက်ထက် လျော့နည်းသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။



ဖန်ခါးသီး၏ အာနိသင်မှာ သကြားနှင့်စားပါက သည်းခြေကိုနိုင်သည်။ ကြံသကာနှင့်စားပါက အနာအလုံးစုံကိုနိုင်၏။ ထောပတ်နှင့်စားပါက လေကိုနိုင်စေကြောင်း သိရသည်။

လက်ရှိမကွေးဒေသဈေးကွက်တွင် ဘုရားပြိုဖန်ခါးသီး တစ်ပြည်ကို ငွေကျပ် ၃၅၀၀ ဝန်းကျင်ဈေးပေါက်ပြီး မြို့နယ်နှင့် အခြားဒေသထွက် ဖန်ခါးသီးများမှာ ငွေကျပ် ၂၅၀၀ ဝန်းကျင်ရှိကြောင်း၊ မကွေးဖန်ခါးသီး လှိုင်လှိုင်ပေါ်လျှင် ရန်ကုန်-မန္တလေး-နေပြည်တော် အထိ ကားလမ်း-ရထားလမ်းများမှတစ်ဆင့် တင်ပို့ရောင်းချရကြောင်း၊ ယခင်နှစ်က တရုတ်ဝယ်လက်အဆွဲများ၍ ဈေးမြင့်ခဲ့ကြောင်း၊ မကြာမီ တရုတ်ဝယ်လက်များဝင်လာမည်ဖြစ်ကြောင်း သိရသည်။

**(ကျော်ဇေယျ)**

## ချင်းတွင်းမြစ်အတွင်းပြေးဆွဲနေသော ရေယာဉ်လိုင်းများအားစစ်ဆေး

**ကလေးဝ ဇူလိုင် ၁၂**

ကလေးဝမြို့၏စိုးရိမ်ရေမှတ်သည် စင်တီမီတာ ၁၅၅၀ ဖြစ်ပြီး ယခုအခါ ချင်းတွင်းမြစ်ရေသည် ၁၂၂၄ စင်တီမီတာသို့ရောက်ရှိလာပြီဖြစ်သဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ကလေးဝမြို့နှင့် ကျေးရွာများသို့ ပြေးဆွဲနေသော ရေယာဉ်လိုင်းမော်တော်များ ဂရုစိုက်မောင်းနှင်ရန်နှင့် ရေယာဉ်တိုင်းတွင် အသက်ကယ်ဘောကွင်းများ၊ အသက်ကယ်အင်္ကျီများ လုံလောက်စွာထားရှိကြရန် ရေယာဉ်ပိုင်ရှင်များနှင့် မောင်းနှင်သူများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့်အဖွဲ့က ဇူလိုင် ၁၀ ရက်က စစ်ဆေးမှာကြားခဲ့ကြောင်း သိရသည်။

**(ချင်းတွင်းသား)**

## မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပျဉ်းမနား ဇူလိုင် ၁၂**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၁၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(၁၃) ဝင်းအတွင်း ဇူလိုင် ၈ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ ဥတ္တရခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစွန်ထွေး၊ ပုဗ္ဗသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုး၊ သစ်တောဦးစီးအရာရှိ ဦးတင်အောင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၃၀၀ ကျော်ဖြင့် ကျွန်း၊ မဲဇလီ၊ ကုက္ကို၊ စိန်ပန်း၊ ခရေပင်များကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဦးကျော်(ပျဉ်းမနား)**

❖ ❖ ❖

## The Hunger Games ဇာတ်ကားသစ်မှ ဓာတ်ပုံကိုထုတ်ဖော်ပြသ



ပြီးခဲ့သည့်သီတင်းပတ်က The Hunger Games: Mockingjayအပိုင်းနှစ်တွင် ပါဝင်သရုပ်ဆောင်ထားသည့်ဇာတ်ကောင်များ၏ ဓာတ်ပုံပိုစတာများကို ထုတ်ဖော်ပြသခဲ့ပြီးနောက် ယခုတစ်ကြိမ်တွင်ဇာတ်ကားသစ်မှ ဇာတ်ဝင်ခန်းတစ်ခန်း၏ ဓာတ်ပုံကိုထုတ်ဖော်ပြသခဲ့သည်။

အဆိုပါဓာတ်ပုံအရ (၁၃)ခရိုင်မှ စစ်တပ်သည် အဖြူရောင်ဝတ်စုံများကို ဝတ်ဆင်ထားပြီး တော်လှန်ရေးတစ်ခုကို စတင်တိုက်ခိုက်ရန်အဆင်သင့်ဖြစ်နေသည်။ မင်းသမီး ဂျနီဖာလောရန့်စ်က လည်း အနီရောင်ဝတ်စုံကို ဝတ်ဆင်ထားကာ တော်လှန်ရေး၏ခေါင်းဆောင်ဖြစ်ဟန်တူသည်။

ယင်းဓာတ်ပုံကြောင့် ဇာတ်ကားသစ်ကို ပရိသတ်များ ပိုမိုစိတ်ဝင်စားလျက်ရှိပြီး နိုဝင်ဘာ ၂၀ ၌ စတင်ရုံတင်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။



## လီဒေါင်ဂန်နှင့် ချစ်သူဖြစ်နေကြောင်း ဂျီယွန်အတည်ပြုပြောကြား

တောင်ကိုရီးယားမင်းသားလီဒေါင်ဂန်နှင့် ကေပေါ့ပ်အဖွဲ့ တီအားရာမှ ဂျီယွန်တို့ချစ်သူဖြစ်နေကြောင်း သတင်းများထွက်ခဲ့ပြီးနောက် ဂျီယွန်က မိမိတို့နှစ်ဦးမှာ အမှန်တကယ်ပင်ချစ်သူများဖြစ်ကြောင်း ပထမဦးဆုံးအကြိမ် အတည်ပြုပြောကြားခဲ့သည်။

ဂျီယွန်သည် အဆိုပါသတင်းကို ဇူလိုင် ၇ ရက်က ပြုလုပ်ခဲ့သည့် SBSရုပ်သံလိုင်း၏ ဂီတဖျော်ဖြေပွဲတစ်ခုဖြစ်သော The Show Season 4 အစီအစဉ်တွင် ပြောကြားခဲ့ခြင်းဖြစ်ကာ သူ၏ပရိသတ်များကိုလည်း ချစ်သူရရှိသွားသည့်အတွက် အချစ်လျော့မသွားဘဲ ဆက်လက်အားပေးစေလိုကြောင်းနှင့် မိမိအနေဖြင့် ဆတက်ထမ်းပိုးကြိုးစားသွားမည်ဖြစ်ကြောင်းလည်း ဆိုခဲ့သည်။

## ရက်ပ်အဆိုတော် ကာပို သေနတ်ဒဏ်ရာဖြင့်သေဆုံး



နာမည်ကျော်ရက်ပ်အဆိုတော် တစ်ဦးဖြစ်သည့် ကာပိုသည် သေနတ်ဒဏ်ရာဖြင့် သွေးအိုင်အတွင်း လဲကျ သေဆုံးနေသည်ကို ဇွန် ၁၁ ရက်က ချီကာဂို တောင်ပိုင်းတွင် တွေ့ရှိခဲ့ရကြောင်း သိရသည်။

ချီကာဂိုရဲများ၏ ပြောကြားချက်အရ ကာပိုသည် အဆိုပါနေ့ မွန်းလွဲ ၂ နာရီခန့်က အသက်ဆုံးရှုံးသွားခဲ့ရခြင်းဖြစ်ကာ ကျောကုန်းနှင့်ပေါင်တို့တွင် သေနတ်ဒဏ်ရာများတွေ့ရှိရကြောင်းသိရသည်။ အသက်(၂၂)နှစ်အရွယ် အဆိုတော်၏ အလောင်းကို ချီကာဂိုဆေးရုံသို့ သယ်ယူခဲ့ပြီး စုံစမ်းစစ်ဆေးမှုများစတင်လုပ်ဆောင်နေပြီဖြစ်သည်။

ကာပိုသေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရပြီး မိနစ်ပိုင်းအတွင်း၌ပင် သူသွေးအိုင်အတွင်းလဲကျသေဆုံးနေသည့် ဗီဒီယိုသည် အင်တာနက်စာမျက်နှာများ ပေါ်တွင်ပျံ့နှံ့နေခဲ့သည်။ ထိုသို့ပြုလုပ်ခဲ့သည့်တရားခံများကို စုံစမ်းဖော်ထုတ်နေပြီး လတ်တလောတွင် သံသယရှိသူနှစ်ဦးကို စစ်ဆေးလျက်ရှိကြောင်း တီအမ်အက်စ်ဒေ့ါကွန်းတွင် ဖော်ပြထားသည်။

## ကမ္ဘာ့ဖလားချန်ပီယံများနှင့် တေလာဆွစ်

အမေရိကန်ပေါ့ပ် အဆိုတော် တေလာဆွစ်သည် မေလက စတင်ခဲ့သော ၎င်း၏"၁၉၈၉"တေးစီးရီး နယ်လှည့်ဖျော်ဖြေရေး ခရီးစဉ်အတွင်း နာမည်ကျော်အနုပညာရှင်များကို ဖိတ်ခေါ်ဖျော်ဖြေခဲ့ရာ ယခု ၂၀၁၅ ဖီဖာအမျိုးသမီး ကမ္ဘာ့ဖလားပွဲစဉ်တွင် ဖလားပိုက်ခွင့်ရခဲ့သော အမေရိကန်အမျိုးသမီးဘောလုံးအသင်းကို ဖျော်ဖြေရေးစင်မြင့်ပေါ် ဖိတ်ခေါ်ခဲ့ကာ ပရိသတ်များနှင့် မိတ်ဆက်ပေးခဲ့သည်။



တေလာသည် ပြီးခဲ့သည့်သောကြာနေ့က နယူးဂျာစီပြည်နယ် အရှေ့ရက်သာဖို့ဒ်ရှိ မက်ထ်လိုက်ဖ်ဘောလုံးကွင်းတွင် ပြုလုပ်ခဲ့သောဖျော်ဖြေပွဲတွင် အဆိုပါချန်ပီယံအသင်း၏အဖွဲ့ဝင်များနှင့် နယူးဂျာစီပရိသတ်ကို မိတ်ဆက်ပေးခဲ့ခြင်းဖြစ်သည်။

သူ၏အင်စတာဂရမ်စာမျက်နှာပေါ်တွင်လည်း တေလာက "အမျိုးသမီးဘောလုံးချန်ပီယံတွေရဲ့ ဖလားပိုက်ပြီးပြန်လာတဲ့ အိမ်အပြန်ခရီးကို ကြိုဆိုနှုတ်ဆက်လိုက်ပါပြီ။ ကျွန်မသူတို့ကို အလွန်သဘောကျပါတယ်။ တကယ့်ကိုတော်တဲ့သူတွေပါပဲ"ဟု ရေးသားဖော်ပြခဲ့သည်။

တေလာသည် ဖျော်ဖြေရေးခရီးစဉ်တစ်လျှောက် နာမည်ကြီးမော်ဒယ်ဟိုင်ဒီခလမ်၊ "Bad Blood"တေးဗီဒီယိုတွင် အတူပါဝင်သရုပ်ဆောင်ကြသော လီနာဒန်ဟမ်၊ ဟေးလီစတိန်းဖဖီးဒ်၊ ဂစ်ဂီဟာဒီနှင့် လီလီအောဒရစ်ချ်တို့ကို ဖိတ်ခေါ် ဖျော်ဖြေခဲ့သည်။

**အေးပြည့် - စုစည်းသည်။**

## ရုပ်မြင်သံကြားအစီအစဉ်များ

၁၃ - ၇ -၂၀၁၅ (တနင်္လာနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ အဖွင့် ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ် တေးအရသာ ဂီတရိပ်သာ (အပိုင်း-၉၃)
- ၆း၂၀ ပြည်သူ့နီတိ "အပိုအလုပ်တွေ"
- ၆း၄၀ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ
- ၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၆၁)
- ၇း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၉)
- ၈း၄၅ တေးဂီတအစီအစဉ်
- ၉း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "သားရှင်" (ပထမပိုင်း) (မိုးအောင်ရင်၊ ရဲအောင်၊ စိုးမြတ်သူဇာ၊ သဥ္ဇာဝင့်ကျော်) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
- ၁၀း၀၀ ABU Radio Song Festival
- ၁၀း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "ထိချက်က ပြင်းလွန်းတယ်" (ခန့်စည်သူ၊ ပြေဇင်၊ ခိုင်နှင်းဝေ၊ မိုးဟေကို) (ဒါရိုက်တာ-ဒေါနု)
- ၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ (၆)နာရီစာ (၄) ကြိမ်ပြသပါမည်။**

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၀ ခမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ ရွှေးဟောင်းသုတ
- ၈း၂၀ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
- ၉း၁၀ သူနှင့်သူ၏သီချင်းများ
- ၄း၂၀ စိုက်ပျိုးသုတ
- ၄း၃၀ ရင်မှာစွဲလန်းတော်ဝင်ပန်း
- ၄း၃၅ ဇာတ်လမ်းတို
- ၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ဓဝင်မြောက်အမုန်း (အပိုင်း-၃၆)
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပန်းခူးသူဆူးစူးပါစေ အပိုင်း(၆၁) - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် - မေးမြန်းစူးစမ်း -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မှော်ဝင်စီးချင်း (အပိုင်း-၂၂)

### MRTV - 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်၊ အာဋ္ဌာနာဋိယသုတ်
- ၅း၄၀ "ရနိုင်ခဲသောတရားများ" တရားတော် ( စွာရွှေစည်ဆရာတော် အရှင်ဥတ္တမ )
- ၈း၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
- ၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၂၁)
- ၉း၄၅ အနုပညာမိုးကောင်းကင်
- ၁၀း၁၀ ခေတ်သစ်ပျိုမေ
- ၁၀း၅၅ ကျားခင်စိန်နှင့်တွေ့ဆုံခြင်း
- ၁၁း၀၅ သွားမယ်စားမယ် (Feel Café) (Part-2)
- ၁၁း၃၀ Forever Music Tribute Saw Bhawe Mhue Live Show (အပိုင်း-၁) (ပထမပိုင်း)
- ၁၂း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၄)
- ၁၂း၃၀ ရန်ကုန်မြင်ကွင်းကျယ် (တတိယအကြိမ်ဆေးဝါး ကုန်စည်ပြပွဲ)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဟာသကျေးရွာ"
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၆၉)
- ၃း၄၀ မလေးရှားနိုင်ငံMHTCအဖွဲ့ဝင်ဆေးရုံများအား သွားရောက်လေ့လာခြင်းခရီးစဉ် (အပိုင်း-၂)
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၇၀)
- ၈း၁၅ Drive It
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း" (အပိုင်း-၂၂)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့ သမိုင်းမှတ်တမ်း" (အပိုင်း-၅)
- ၃း၀၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၃း၄၅ World Of Knowledge (Master of Disaster : Blast Force)
- ၄း၃၅ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ (ကျိုက်လတ်မြို့မှ တန်ခိုးကြီးမား ဘုရားစေတီပုထိုးများ)

အားကစား

# အာရှသက်ငယ်တန်း နပန်းပြိုင်ပွဲ ဆက်လက်ကျင်းပ



**နေပြည်တော် ဇူလိုင် ၁၂**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အာရှနပန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ်တို့ ပူးပေါင်းကာ မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာရှသက်ငယ်တန်းနပန်းပြိုင်ပွဲ (Asian Junior Wrestling Championship) တတိယနေ့ပွဲစဉ်ကို ဇူလိုင် ၁၂ ရက်က နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(C)၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း တက်ရောက်အားပေးပြီး ဆုများချီးမြှင့်ပေးခဲ့သည်။

အဆိုပါ အာရှသက်ငယ်တန်းနပန်းပြိုင်ပွဲ တတိယနေ့ပွဲစဉ်ယှဉ်ပြိုင်မှုများကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ အာရှနပန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ၁၉ နိုင်ငံမှ အားကစားသမားများ၊ အားကစားဝါသနာရှင်ပရိသတ်များ ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ Free Style (Juniors Women) 55 Kg ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိကြသူများအား ကမ္ဘာ့နပန်းအဖွဲ့မှ တာဝန်ရှိသူမှ လည်းကောင်း၊ Free Style (Juniors) 60 Kg ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိကြသူများအား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်မှလည်းကောင်း၊ Free Style (Juniors Men) 55 Kg ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ ပူးတွဲတတိယဆုရရှိကြသူများအား ကမ္ဘာ့နပမ်းအဖွဲ့ချုပ်မှ လည်းကောင်း ဆုများအသီးသီးချီးမြှင့်ပေးခဲ့သည်။

အဆိုပါ ၂၀၁၅ ခုနှစ် အာရှသက်ငယ်တန်းနပန်းပြိုင်ပွဲကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံစုစုပေါင်း ၁၉ နိုင်ငံဖြင့် ဇူလိုင် ၉ ရက်နေ့မှ ၁၂ ရက်နေ့အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ(C)တွင် ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

**(အပေါ်ဝဲပုံ)**

**(အား/ကာ)**

### အာရှသက်ငယ်တန်း နပန်းပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | အီရန် | ၆ | ၁ | ၂ | ၉ |
| ၂။ | ဂျပန် | ၅ | ၄ | ၆ | ၁၅ |
| ၃။ | ကာဇက်စတန် | ၄ | ၅ | ၉ | ၁၈ |
| ၄။ | အိန္ဒိယ | ၃ | ၄ | ၉ | ၁၆ |
| ၅။ | တရုတ် | ၃ | ၂ | ၄ | ၉ |
| ၆။ | ဥဇဘက်ကစ္စတန် | ၁ | ၂ | ၂ | ၅ |
| ၇။ | ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ | ၁ | ၂ | ၂ | ၅ |
| ၈။ | ဗီယက်နမ် | ၁ | ၁ | - | ၂ |
| ၉။ | ကာဂျစ်စတန် | - | ၂ | ၂ | ၄ |
| ၁၀။ | မွန်ဂိုလီးယား | - | ၁ | ၅ | ၆ |
| ၁၁။ | ကိုရီးယားသမ္မတနိုင်ငံ | - | - | ၃ | ၃ |
| ၁၂။ | တာ့ခ်မင်နစ္စတန် | - | - | ၂ | ၂ |
| ၁၃။ | တရုတ်(တိုင်ပေ) | - | - | ၁ | ၁ |
| ၁၄။ | တာဂျစ်ကစ္စတန် | - | - | ၁ | ၁ |
| ၁၅။ | မြန်မာ | - | - | - | - |
| ၁၆။ | ထိုင်း | - | - | - | - |
| ၁၇။ | ဆီးရီးယား | - | - | - | - |
| ၁၈။ | အင်ဒိုနီးရှား | - | - | - | - |
| | စုစုပေါင်း | ၂၄ | ၂၄ | ၄၈ | ၉၆ |

# ကမ္ဘာ့ကရာတေးချန်ပီယံ လာရောက်သင်တန်းပို့ချ

**မန္တလေး ဇူလိုင် ၁၂**

Japan Karate Association၏ သုံးကြိမ်ဆက်တိုက် Kata+ Kumi Grand Champion ဖြစ်သော Takura Taniyama Sensei (7th Dan) သည် မန္တလေးတိုင်းဒေသကြီး ကရာတေးဆပ်ကော်မတီနှင့် ပူးပေါင်း၍မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ကရာတေးသင်တန်းနည်းပြဆရာများ၊ သင်တန်းသား ၁၅၀ တို့ကို ဇူလိုင် ၉ ရက်က အထက်မြန်မာပြည်အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကရာတေးဒိုခန်းမတွင် လည်းကောင်း၊ မန္တလေးမြို့ မနော်ဟာရီလမ်းပေါ်ရှိ Shotokan Combact Karate Clubတွင် လည်းကောင်း၊ ၅၈လမ်း×၂၆လမ်းထောင့်ရှိ J.K.A Mandalay T.T Karate Clubတွင် ဇူလိုင်၁၀ရက်တွင် လည်းကောင်း ကရာတေးပြိုင်ပွဲဝင် နည်းစနစ်များ သင်ကြားပို့ချပေးခြင်း၊ ခါးစည်းနက် Danအဆင့် စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ကမ္ဘာ့ကရာတေးချန်ပီယံသည် ကယားပြည်နယ် လွိုင်ကော်မြို့နှင့် ရန်ကုန်မြို့များသို့ သွားရောက်၍ ကရာတေးသင်တန်းနည်းပြ ဆရာများ၊ သင်တန်းသားများကို ခါးစည်းနက် Danအဆင့် စစ်ဆေးခြင်း၊ ပြိုင်ပွဲဝင် ကရာတေးအားကစားနည်းစနစ်များ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် ၎င်း၏မြန်မာနိုင်ငံခရီးစဉ်အား ဂျပန်နိုင်ငံ၏ အကြီးဆုံး Advertising ကုမ္ပဏီကြီးတစ်ခုဖြစ်သော NAGATA Co.,Ltd မှ ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရီးယဲလ်ဂိုးသမား ကာဆီးလက် ပေါ်တိုသို့ ပြောင်းရွှေ့ရန် သဘောတူညီ

ပေါ်တူဂီကလပ် ပေါ်တိုအသင်းသည် ရီးယဲလ်မက်ဒရစ်အသင်းမှ စပိန်ဂိုးသမား ကာဆီးလက်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်သည်။

အသက်(၃၄)နှစ်အရွယ်ရှိ ဂိုးသမားကာဆီးလက်သည် ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား သုံးကြိမ်နှင့် လာလီဂါဖလားငါးကြိမ်ဆွတ်ခူးပေးနိုင်ခဲ့ပြီးနောက် လက်ရှိတစ်နှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ကျန်ရှိနေသေးသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာရန်ပြင်ဆင်နေခဲ့သူဖြစ်သည်။




ဂိုးသမား ကာဆီးလက်သည် စပိန်လက်ရွေးစင်အသင်းနှင့်အတူ ပွဲပေါင်း ၁၆၂ ပွဲအထိ စံချိန်တင်ပါဝင်ကစား ပေးခဲ့ပြီး ဥရောပချန်ပီယံရှစ်ဖလားနှစ်ကြိမ်နှင့် ကမ္ဘာ့ဖလားတစ်ကြိမ်ဆွတ်ခူးပေးနိုင်ခဲ့သည်။ ဂိုးသမားကာဆီးလက်သည် အသင်းမှ ထွက်ခွာတော့မည်ဖြစ်သောကြောင့် အသက်(၂၄)နှစ်အရွယ်ရှိမန်ယူဂိုးသမားဒီဂီယာသည်လည်း ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကာဆီးလက်သည် ရီးယဲလ်မက်ဒရစ်လူငယ်အကယ်ဒမီသို့ ၁၉၉၀ ခုနှစ်တွင် ရောက်ရှိလာခဲ့သူဖြစ်ပြီး ရီးယဲလ်မက်ဒရစ်ပထမအသင်းတွင် ၁၉၉၉ ခုနှစ်၌ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့သည်။ ကာဆီးလက်၏ ရီးယဲလ်မက်ဒရစ်ကစားသမားဘဝတစ်လျှောက်တွင် နည်းပြမော်ရင်ဟိုကိုင်တွယ်ခဲ့သည့် ၂၀၁၂-၂၀၁၃ ဘောလုံးရာသီက မော်ရင်ဟိုအနေဖြင့် ဒီယေဂိုလိုပက်ဇ်ကို ဦးစားပေးပွဲထွက်ကစားစေခဲ့ခြင်းကြောင့်သာ ပုံမှန်ပွဲထွက်ကစားခွင့် ဆုံးရှုံးခဲ့ရသည်မှလွဲ၍ အခြားဘောလုံးရာသီများတွင် ပထမဦးစားပေးဂိုးသမားအဖြစ် ပွဲထွက်ကစားခွင့်ရရှိခဲ့သည်။

နည်းပြ အန်ဆယ်လော့တီကိုင်တွယ်ခဲ့သည့် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်ရော စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင်ပါ ဂိုးသမားကာဆီးလက်ကိုသာ ပွဲထွက်ကစားခွင့်ပေးခဲ့ပြီး အဆိုပါဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်း (၁၀)ကြိမ်မြောက်ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီက ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ကာဆီးလက်အား ပုံမှန် ပွဲထွက်ကစားခွင့်ပြုခဲ့သော်လည်း လက်ရှိတွင် မန်ယူဂိုးသမား ဒီဂီယာအား ရီးယဲလ်မက်ဒရစ်အသင်းနှင့် စပိန်လက်ရွေးစင်အသင်းတို့၏ ပထမဦးစားပေးကစားသမားအဖြစ် ရွေးချယ်ခေါ်ယူရန်စီစဉ်ထားခဲ့ကြောင်းသိရသည်။

**(ငွေကြယ်)**

# အလွတ်တန်း ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**အင်းတော် ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ ခေတ်ကြေးမုံစာကြည့်တိုက်မှ ကျင်းပသော မြန်မာနိုင်ငံအလွတ်တန်း ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်က အင်းတော်မြို့ မြအင်းသာခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင်လူငယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လက်ရွေးစင်လူငယ်များ၊ အင်းတော်မြို့အတွင်းမှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ဆုကြေးအဖြစ် ပထမ ကျပ်ငါးသိန်း၊ ဒုတိယ ကျပ်သုံးသိန်း၊ တတိယ ကျပ်နှစ်သိန်း ချီးမြှင့်သွားမည်ဖြစ်သည်။

ထို့နောက် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌက ခြင်းလုံးအား ပစ်မြှောက်ပေးကာ ပြိုင်ပွဲအား စတင်ကျင်းပသည်။ အဆိုပါဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားသမားများ၊ ဝါသနာရှင်ပရိသတ်များတက်ရောက် အားပေးခဲ့ကြသည်။

**(ကျော်သီဟ)**

# သံလွင်မြန်မာဖလား အားကာသိပ္ပံ မန္တလေးအသင်းဗိုလ်စွဲ

**မန္တလေး ဇူလိုင် ၁၂**

၂၀၁၅ ခုနှစ် သံလွင်မြန်မာဖလား အမျိုးသားလူသစ်တန်းကလပ်အသင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၉ ရက်က မန္တလေးမြို့ ဗထူးအားကစားကွင်း၌ အားကာသိပ္ပံမန္တလေးအသင်းနှင့် Star-45 အသင်းတို့ယှဉ်ပြိုင်ကစားကြရာ အားကာသိပ္ပံမန္တလေးအသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပထမဗိုလ်စွဲသွားသည့် အားကာသိပ္ပံမန္တလေးကို ပြိုင်ပွဲအဓိက အလှူရှင် သံလွင်မြန်မာထရေးဒင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်မေမြတ်နွယ်က သံလွင်မြန်မာပထမတံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုတို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မြို့နယ်အုပ်ချုပ်ရေးမှူးဖလား အားကစားပြိုင်ပွဲကျင်းပ

**ဖျာပုံ ဇူလိုင် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် အားကစားဝန်ကြီးဌာန၏ TSDP အစီအစဉ်အရ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား မီနီမာရသွန်၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၁ ရက်က ဖျာပုံမြို့ ပြည်သူ့အားကစားကွင်းကြီးရှေ့နှင့် မိုးလုံလေလုံအားကစားကွင်းခန်းမကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ရိုးရာသိုင်းအဖွဲ့က သိုင်းစွမ်းရည်များသရုပ်ပြကြပြီး ဖွင့်ပွဲ ပွဲစဉ်အဖြစ် ဖျာပုံသားပိုက်ကျော်ခြင်းနှင့် ဘိုကလေးပိုက်ကျော်ခြင်းအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြသည်။

**ချမ်းသာ(ဖျာပုံ)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင့်မှုးယစ်ဆေး**

# ပိုက်ဆံအိတ်လုယူထွက်ပြေးသူအား ဖမ်းဆီးအရေးယူ

**မန္တလေး ဇူလိုင် ၁၂**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၆၂)လမ်း နိုင်ငံခြားဘာသာ တက္ကသိုလ်ရှေ့တွင် ဇူလိုင်၁၀ရက်က ပိုက်ဆံအိတ်လုယူမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ၂ နာရီခွဲက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မဟာဇေယျာဘုံရပ်ကွက်နေသူ ဒေါ်မြမြလွင်စီးလာသော စက်ဘီးရှေ့ခြင်းအတွင်း ထည့်ထားသည့် လက်ကိုင် ဖုန်းနှစ်လုံး၊ ငွေကျပ်၂၆၅၀၀ပါ ပိုက်ဆံအိတ်အား နောက်မှဆိုင်ကယ်ဖြင့်လိုက်လာသည့် အမျိုးသားတစ်ဦးက ဆွဲယူထွက်ပြေးသဖြင့် ပတ်ဝန်းကျင်အား အကူအညီတောင်းရာ (၁၉)လမ်းနှင့် (၆၆)လမ်းဆုံတွင် တာဝန်ကျယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပြည်သူများက ဝိုင်းဝန်း ဖမ်းဆီးရာ လုယူထွက်ပြေးသူအား သက်သေခံပစ္စည်းနှင့်အတူ ဖမ်းဆီးရမိ ခဲ့သည်။

ဖမ်းဆီးရမိသူမှာ မင်းသူ (၁၉)နှစ် ပြည်ကြီးရန်လုံရပ်ကွက် အောင်မြေသာစံမြို့နယ်နေသူဖြစ်ပြီး အမှတ်(၁)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ပြည်သူ (မန္တလေး)**

# ကျောက်ဆည်တွင် ယာဉ်တိုက်မှုဖြစ်၊ ဆိုင်ကယ်စီးသူနှစ်ဦး ဒဏ်ရာများရရှိ



**ကျောက်ဆည် ဇူလိုင် ၁၂**

ကျောက်ဆည်မြို့ ဗိုလ်ချုပ်လမ်းတွင် ဇူလိုင် ၁၁ ရက်က ကုန်တင်ယာဉ်နှင့် ဆိုင်ကယ်တို့ ခေါင်းချင်းဆိုင် တိုက်မှု ဖြစ်ပွားခဲ့ရာ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက်ပိုင်းက ယာဉ်မောင်းအံ့မောင်(ခ) အောင်သူဇင် မောင်းနှင်သည့် ၉ခ/----- လိမ္မော်ရောင် မက်ဆူဘီရှီ(ကင်တာ) အမျိုးအစား ကုန်တင်ယာဉ်နှင့် ဦးဘဂျမ်း(ခ) ဦးစိုးမြင့် (၅၀)နှစ်သည် ဇနီးဖြစ်သူဒေါ်ခင်အေးကို တင်ဆောင်လျက် ယာဉ်ကြောတူမှ မောင်းနှင်လာသည့် HONDA Wave-S 125 ဆိုင်ကယ်တို့ တိုက်မိပြီး ဦးဘဂျမ်းတွင် ဦးခေါင်းဒဏ်ရာ၊ နှာခေါင်းကျိုးဒဏ်ရာများရရှိကာ ဇနီးဖြစ်သူတွင် ခြေ၊ လက်ပေါက်ပြဲပွန်းရှ ခါးရိုးနာကျင်ဒဏ်ရာများ ရရှိသဖြင့် ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် ကုသမှုခံယူလျက်ရှိသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မဆင်မခြင် မောင်းနှင်သူ အံ့မောင်(ခ) အောင်သူဇင်အား ကျောက်ဆည်မြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကျော်စိုး (IPRD)**

# စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ပင်လောင်း ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသအတွင်း သံလွင်စစ်ဆင်ရေး စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၉ ရက်က မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်းလောင်း-တုန်ဟုန်း သွားကားလမ်း မိုင်တိုင်အမှတ် (၅၅) အနီးတွင် တုန်ဟုန်းမှ ပင်လောင်းသို့ မောင်ငွေ မောင်းနှင်ပြီး မောင်ဘဲလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀ ကို လည်းကောင်း၊ အလားတူ နမ့်စန်မြို့မှ လွိုင်လင်မြို့သို့ စိုင်းစွမ်းလီမိုး (ခ) စိုင်းမိုး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း၊ ထို့အတူ မူးယစ်တပ်ဖွဲ့စု(၄၁)ရန်ကုန် (အရှေ့)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် (၆)လမ်း ငါးလွှာ အခန်းအမှတ် (၃၆၉/ဘီ)နေ ထက်နေဝင်း၏ နေအိမ် အိပ်ခန်းကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀ ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



**မောင်ငွေနှင့် မောင်ဘဲတို့ နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# လိုက်ထရပ်ယာဉ်နှင့် ဆိုင်ကယ်တိုက်မိ ဆိုင်ကယ်စီးသူသေဆုံး

**မော်လမြိုင် ဇူလိုင် ၁၂**

မော်လမြိုင်မြို့ ကမ်းနားလမ်း ဘုရင့်ရုံရှေ့တွင် ဇူလိုင် ၁၁ ရက်က လိုက်ထရပ်ယာဉ်နှင့် ဆိုင်ကယ်တို့ တိုက်မိရာ ဆိုင်ကယ်စီးသူသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်က ဈေးကြီးမှ သံလွင်ဈေးသို့ စနေ(ခ) မင်းလတ် (၂၄)နှစ်မောင်းနှင်သော လိုက်ထရပ် အဖြူရောင်ယာဉ် 8D /----နှင့် မျက်နှာချင်းဆိုင် သံလွင်ဈေးမှ ဈေးကြီးသို့ မခင်စန်းနွယ် (၃၂)နှစ် စီးလာသည့် ဒရင်း 125 အစိမ်းရောင် ဆိုင်ကယ်တို့ တိုက်မိရာ ဆိုင်ကယ်မောင်းသူ မခင်စန်းနွယ်မှာ ညာချိုစောင်းဖူးရောင်၊ နှာခေါင်းသွေးထွက်ဒဏ်ရာများရရှိပြီး မော်လမြိုင်ပြည်သူ့ဆေးရုံ၌ ဆေးကုသခံစဉ် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းနှင်သူ စနေ(ခ)မင်းလတ်အား မော်လမြိုင်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဆက်နေမင်းအောင်**

# နှစ်လုံးထီလောင်းကစားပြုလုပ်သူများအား အရေးယူ

**ရေစကြို ဇူလိုင် ၁၂**

ပခန်းကြီးနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် တောရကုန်း ကျေးရွာနေ မအေးကြည်(၄၅)နှစ်၏ နေအိမ်အားရှာဖွေရာ နှစ်လုံးထီလောင်း ကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေး ငွေကျပ် ၁၆၈၅၀ တို့နှင့်အတူ တွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

အလားတူ မကွေးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ယင်းနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်က မကွေးတိုင်းဒေသကြီး မကွေးမြို့ သိင်္ဂါရပ်ကွက်နေ သန်းအေး(၃၈)နှစ်၏ နေအိမ်အား ရှာဖွေရာ နှစ်လုံးထီလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၅၉၅၅၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် မကွေးမြို့မရဲစခန်းက အမှုဖွင့်အရေး ယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# ဖားကန့်မြို့နယ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ဖားကန့် ဇူလိုင် ၁၂**

မူးယစ်တပ်ဖွဲ့စု (၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဂေါက်ကွင်းအနီး လုံးခင်းသချိုင်းရှေ့ လမ်းမပေါ်တွင် ဇူလိုင် ၈ ရက်က လုံးခင်းကျေးရွာမှ မှော်စီစာကျေးရွာသို့ မာတန်(ခ)တန်ဂွန်းမောင်းနှင်သည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့က တန့်ယန်းမြို့ တန့်ယန်း-မိုင်းကောင် ကျေးရွာသွားလမ်းမပေါ်တွင် မိုင်းကောင်ကျေးရွာမှ တန့်ယန်းသို့ အိုက်တောင်းစီးလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀ တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



# ချောင်းဦးမြို့၌ ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိ

**မုံရွာ ဇူလိုင် ၁၂**

သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းဇော်နှင့်အဖွဲ့၊ မြို့မရဲစခန်းမှ စခန်းမှူးဒုတိယရဲမှူး သိန်းဆွေမြင့်နှင့် ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၁ရက်က ချောင်းဦးမြို့ မုံရွာ-မန္တလေးကားလမ်း ဘေး ဓမ္မိကာရာမ ဘုန်းကြီးကျောင်းရှေ့ ကားလမ်းမပေါ်တွင် မုံရွာမှ မောင်ဇေယျာဝင်း(၃၀)နှစ် ဂန့်ဂေါမြို့ အမှတ်(၄)ရပ်ကွက်နေသူ မောင်းနှင်သော MDY 3J/----စူပါကာစတန်ခဲရောင်ယာဉ်အား စစ်ဆေးရာ ယာဉ်ပေါ်တွင် လွှစာများထည့်ထားသည့် အိတ်များဖုံးလျက် တရားမဝင် ကျွန်းခွဲသား ၃၇ချောင်း(သုည ဒသမ ၅တန်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(၆၂၄)**

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ကန်ရိပ်သာလမ်းသိုလှောင်ရုံပြင်ဆင်ရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းပိုင် ကန်ရိပ်သာလမ်းရှိ စက္ကူသိုလှောင်ရုံများ အသေးစားပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသော ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဈေးနှုန်းလွှာများ တင်သွင်းကြပါရန် ဖိတ်ကြားအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါများကို ၁၃-၇-၂၀၁၅ရက်နေ့မှ ၂၄-၇-၂၀၁၅ရက် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၅-၇-၂၀၁၅ရက်တွင် ၉နာရီမှ ၁၅နာရီအတွင်း အောက်ပါလိပ်စာသို့ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အောက်ပါအတိုင်း စုံစမ်းနိုင်ပါသည်။
တင်ဒါပုံစံများထုတ်ယူရန်နှင့်တင်ဒါတင်သွင်းရန်လိပ်စာ-
ကန်ရိပ်သာလမ်းဂိုဒေါင်ပြင်ဆင်ရေးကော်မတီ
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်ရုံး)
အမှတ်(၂၁၂)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း- ၀၁-၂၀၀၈၁၂၊ ၀၁-၂၀၁၁၉၂

**ဦးအောင်ဟိန်းကျော်**
ရေး၊ပြော၊ဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ
**အင်္ဂလိပ်စာရေးနည်း**
**အင်္ဂလိပ်စကားပြော** သင်တန်း
■ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre.,Vol:1,2,3)
**ဆရာဖြစ်အင်္ဂလိပ်စာ** (Ceritificate/Diploma)
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်
■ 392468
09517184l

**ကျန်းမာရေးဝန်ကြီးဌာန**
**မကွေးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ခရိုင်/ မြို့နယ်များတွင် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများ ဆောက်လုပ်မည် ဖြစ်ပါသည်။
၂။ အဆိုပါလုပ်ငန်းများအား ဆောင်ရွက်လိုသော လိုင်စင်ရကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း- ၀၆၃-၂၃၅၇၆၊ ၀၆၃-၂၃၆၈၅များသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
၃။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက်- ၉-၇-၂၀၁၅ ရက် (ကြာသပတေးနေ့)
တင်ဒါပိတ်မည့်ရက်- ၇-၈-၂၀၁၅ ရက် (သောကြာနေ့)
တင်ဒါပိတ်မည့်အချိန်- ၁၆း၀၀နာရီ

တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ

# နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

**နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၇ ခုနှစ်၊ လ ရက်**
**(၂၀၁၅ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂ တွင်
(က) ပုဒ်မခွဲ(ခ)တွင်ပါရှိသော "နိုင်ငံခြားငွေသား"ဆိုသည့်စကားရပ်ကို "နိုင်ငံခြားငွေ ငွေသား"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မခွဲ(ဂ)၊ပုဒ်မခွဲငယ်(၁)တွင်ပါရှိသော"နိုင်ငံခြားငွေ ငွေသား" ဆိုသည့် စကားရပ်ကို "နိုင်ငံခြားငွေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။
(ဂ) ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)အား ပယ်ဖျက်ရမည်။
(ဃ) ပုဒ်မခွဲ(ဂ)၏ နောက်၌ ပုဒ်မခွဲ(ဂ-၁)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
"ဂ-၁။ "ရွှေ"ဆိုသည်မှာ နိုင်ငံပိုင် နိုင်ငံခြားသုံး သီးသန့်ငွေရှိရွှေချောင်း၊ ရွှေတုံးနှင့် ရွှေဒင်္ဂါးများ၊ အပြည်ပြည်ဆိုင်ရာ အပေးအယူပြုလုပ်မှု၌ သတ်မှတ်အသုံးပြုသည့် စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများနှင့် ပြည်တွင်း၌ နေထိုင်သူများ၏ ပြည်ပရှိဘဏ်များတွင် အပ်နှံထားသည့် ရွှေ များကိုဆိုသည်။"

၃။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-
"ပုဒ်မ ၁၇။ နိုင်ငံတော်နှင့်ပြည်ပနိုင်ငံများအကြား ငွေသားဖြင့် လက်ရောက်လွှဲပြောင်းမှု၊ ပေးချေမှုနှင့် အခြားပေးချေမှုများ အပါအဝင် ကျပ်ငွေဖြင့် နိုင်ငံတကာပေးချေမှုများနှင့် လွှဲပြောင်းမှုများအား သတ်မှတ်ချက်များနှင့်အညီသာ ဆောင်ရွက်ရမည်။"

၄။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၏ ပုဒ်မ ၁၈ ပုဒ်မခွဲ(ခ)တွင် ပါရှိသည့် "တရားမဝင်သော နည်းလမ်းဖြင့် ရရှိသော ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ"ဆိုသည့် စကားရပ်ကို "ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် ပုဒ်မ ၁၈ ၏နောက်၌ ပုဒ်မ ၁၈-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
"၁၈-က။ နိုင်ငံခြားသုံးငွေများရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းလိုင်စင်ရရှိသူသည်-
(က) ပြည်တွင်း၌ နေထိုင်သူ၏ နိုင်ငံခြားသုံးငွေဖြင့် ပို့ကုန်ရငွေကို သတ်မှတ်ကာလအတွင်း ယင်း၏ ဘဏ်ငွေစာရင်းသို့ ဝင်ရောက်ခြင်း ရှိ-မရှိ စိစစ်ရမည်။
(ခ) ပုဒ်မခွဲ(က)အရ စိစစ်ရာတွင် ပြည်တွင်း၌ နေထိုင်သူ၏ဘဏ်စာရင်းသို့ သတ်မှတ်ကာလအတွင်းယင်း၏ ပို့ကုန်ရငွေဝင်ရောက်ခြင်းမရှိကြောင်း တွေ့ရှိပါက သုံးသပ်ချက်နှင့်အတူ ဗဟိုဘဏ်သို့ ဆောလျင်စွာ အစီရင်ခံ တင်ပြရမည်။"

၆။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် အခန်း ၇ ၏ခေါင်းစဉ်၌ ပါရှိသော "နိုင်ငံခြားသုံးငွေနှင့် လက်ဝတ်ရတနာများ"ဆိုသည့်စကားရပ်ကို "ရွှေ၊ နိုင်ငံခြားသုံးငွေနှင့် လက်ဝတ်ရတနာများ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-
"၂၃။ ပြည်တွင်း၌နေထိုင်သူနှင့် ပြည်ပ၌နေထိုင်သူများသည် ရွှေ၊ နိုင်ငံခြားသုံးငွေနှင့် လက်ဝတ်ရတနာများကို ပြည်တွင်းမှ ပြည်ပသို့ ယူဆောင်သွားခြင်း၊ ပြည်ပမှ ပြည်တွင်းသို့ ယူဆောင်လာခြင်းတို့ကို ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန်သည့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။"

၈။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-
"၂၉။ ပြည်တွင်း၌ နေထိုင်သူသည်-
(က) ပြည်ပနိုင်ငံတစ်ခုခုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် ရင်းနှီးမြှုပ်နှံလိုပါက သတ်မှတ်ချက်များနှင့်အညီသာ ဆောင်ရွက်ရမည်။
(ခ) ပုဒ်မခွဲ(က)အရ ရင်းနှီးမြှုပ်နှံမှုမှရရှိသော အမြတ်ခွဲဝေမှုများနှင့် ပြန်လည်ထုတ်ယူနိုင်သော မတည်ငွေရင်းများကို နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းလိုင်စင်ရရှိသူမှတစ်ဆင့် ပြည်တွင်းသို့ ပြန်လည် လွှဲပြောင်းပေးပို့ရမည်။"

၉။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် ပုဒ်မ ၂၉၏နောက်၌ "၂၉-က" အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
"၂၉-က။ ပြည်တွင်း၌ နေထိုင်သူသည် ပြည်ပမှ ချေးငွေရယူရာ၌ ငွေသားဖြင့် ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ ချေးယူခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။"

၁၀။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၄ တွင် ပါရှိသော "နိုင်ငံခြားသုံးငွေလုပ်ငန်းလိုင်စင်" ဆိုသည့်စကားရပ်ကို "နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်"ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ၃၄၊ ပုဒ်မခွဲ(င)၌ ပါရှိသော "ငွေကြေးခဝါချမှု"ဆိုသည့် စကားရပ်၏နောက်၌ "အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ၃၈ ၏နောက်၌ ပုဒ်မ ၃၈-က၊ ပုဒ်မ ၃၈-ခ၊ ပုဒ်မ ၃၈-ဂ နှင့် ပုဒ်မ ၃၈-ဃ တို့အဖြစ် အောက်ပါအတိုင်း အသီးသီးဖြည့်စွက်ရမည်-
"၃၈-က။ မည်သူမျှ ရွှေနိုင်ငံခြားသုံးငွေနှင့် လက်ဝတ်ရတနာများကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ နိုင်ငံတော်အတွင်းသို့ ယူဆောင်လာခြင်း သို့မဟုတ် ပြည်ပသို့ ယူဆောင်သွားခြင်းမပြုရ။
၃၈-ခ။ မည်သူမျှ ပြည်ပတွင်ရရှိသော နိုင်ငံခြားသုံးငွေဖြင့် ပို့ကုန်ရငွေကို သတ်မှတ်ကာလအတွင်း ယင်း၏ဘဏ်ငွေစာရင်းသို့ ထည့်သွင်းရန် ပျက်ကွက်ခြင်း မရှိစေရ။
၃၈-ဂ။ မည်သူမျှ ပြည်ပနိုင်ငံတစ်ခုတွင် တိုက်ရိုက်ဖြစ်စေ ၊သွယ်ဝိုက်၍ ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေလုံးငွေရင်းလွှဲပြောင်းမှုများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ။
၃၈-ဃ။ မည်သူမျှ သတ်မှတ်ချက်နှင့်အညီမဟုတ်ဘဲ ပြည်ပမှ ငွေ သို့မဟုတ် ပစ္စည်းကို ချေးယူခြင်းနှင့် ပြည်ပမှချေးငွေရယူရန် အလို့ငှာ ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်း မပြုရ။"

၁၃။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် ပုဒ်မ ၄၀၌ ပါရှိသော "ဤဥပဒေပါ ပုဒ်မ ၂၀အရ" ဆိုသည့် စကားရပ်ကို "ဤဥပဒေပါ ပုဒ်မ ၃၃အရ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် ပုဒ်မ ၄၂ ၌ပါရှိသော "ပုဒ်မ ၃၈ ပါ တားမြစ်ချက်များ" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၃၈နှင့် ပုဒ်မ ၃၈-က တို့ပါ တားမြစ်ချက်များ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် ပုဒ်မ ၄၂ ၏နောက်၌ ပုဒ်မ ၄၂-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-
"၄၂-က။ မည်သူမဆို ပုဒ်မ ၃၈-ခ၊ ပုဒ်မ ၃၈-ဂ နှင့် ပုဒ်မ ၃၈-ဃ တို့ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။"

# ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကြမ်း

## ( ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။)

**ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကြမ်း**
**(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် /၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ လ ရက်**
**(၂၀၁၅ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်**

၁။ ဤဥပဒေကို **ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -
(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။
(ဂ) **ဝန်ကြီး**ဆိုသည်မှာ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။
(ဃ) **ဘဏ္ဍာရေးဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။
(င) **ပြည်ထောင်စုဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။
(စ) **ဗဟိုဘဏ်**ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ဆိုသည်။
(ဆ) **ဘဏ္ဍာရေးနှစ်**ဆိုသည်မှာ ဧပြီလ ၁ ရက်တွင် စ၍ နောက်နှစ် မတ်လ ၃၁ ရက်တွင် ပြီးဆုံးသောကာလအပိုင်းအခြားကို ဆိုသည်။
(ဇ) နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေစာရင်းဆိုသည်မှာ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်း၊ အစိုးရအပ်ငွေစာရင်းနှင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစနစ်တွင်ပါဝင်သော အစိုးရက ထိန်းသိမ်းဆောင်ရွက်ရသည့် အခြားရန်ပုံငွေစာရင်းများ အားလုံးပါဝင်သည့် ရန်ပုံငွေစာရင်းကိုဆိုသည်။
(ဈ) **အစိုးရငွေချေးသက်သေခံလက်မှတ်များ**ဆိုသည်မှာ အစိုးရငွေတိုက်လက်မှတ်များ၊ အစိုးရငွေတိုက်စာချုပ်များ၊ နိုင်ငံတကာငွေတိုက်စာချုပ်များနှင့် ပေးချေရန် ကတိပြုချက်တို့ကို ဆိုသည်။
(ည) **အစိုးရကြွေးမြီ**ဆိုသည်မှာ အစိုးရအဖွဲ့က ငွေချေးယူမှုကြောင့် ဖြစ်ပေါ်လာသည့် ငွေရေးကြေးရေးဆိုင်ရာပေးရန်တာဝန်များ အားလုံးကို ဆိုသည်။
(ဋ) **ပြည်သူ့ကြွေးမြီ**ဆိုသည်မှာ အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ငွေချေးယူမှုကြောင့် ဖြစ်ပေါ်လာသော ငွေရေးကြေးရေးဆိုင်ရာပေးရန်တာဝန်များ၊ နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများသို့ နိုင်ငံတော်က အဖွဲ့ဝင်ထားခြင်းအတွက် ပေးရန်တာဝန်များအားလုံးကို ဆိုသည်။
(ဌ) **နိုင်ငံတော်၏အာမခံချက်ရှိသည့်ကြွေးမြီ**ဆိုသည်မှာ မည်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် စီမံကိန်းကိုမဆို နိုင်ငံတော်က ချေးငွေအတွက် အာမခံချက်များနှင့် အခြားသော အာမခံပုံစံများ ထုတ်ပေးခြင်းကြောင့် ဖြစ်ပေါ်လာသော ငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များအားလုံးကို ဆိုသည်။
(ဍ) **ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု**ဆိုသည်မှာ ပြည်သူ့ကြွေးမြီနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ အစိုးရငွေချေးသက်သေခံလက်မှတ်များနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ နိုင်ငံတော်၏ အာမခံချက်ရှိသည့် ကြွေးမြီများနှင့်စပ်လျဉ်း၍သော်လည်းကောင်း ဤဥပဒေနှင့်အညီ စီမံခန့်ခွဲမှုကို ဆိုသည်။
(ဎ) **ငွေချေးယူခြင်း**ဆိုသည်မှာ အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ချေးငွေစာချုပ်ချုပ်ဆို၍ဖြစ်စေ အစိုးရငွေချေး သက်သေခံလက်မှတ်များထုတ်ဝေရောင်းချ၍ဖြစ်စေ တောင်းခံလျှင် ပြန်ပေးရန် တာဝန်ရှိသည့် အစိုးရအဖွဲ့၏ အာမခံချက်များ ထုတ်ပေး၍ဖြစ်စေ ချေးငွေရယူခြင်းကို ဆိုသည်။
(ဏ) **ကိုယ်စားလှယ်**ဆိုသည်မှာ ဥပဒေအရဖြစ်စေ၊ ကိုယ်စားလှယ်လွှဲအပ်ခြင်း သဘောတူစာချုပ်အရဖြစ်စေ သတ်မှတ်ထားသော လုပ်ငန်းများကို ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား တာဝန်ယူဆောင်ရွက်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်တွင်း သို့မဟုတ် ပြည်ပမှ **ငွေရေးကြေးရေးအဖွဲ့အစည်း**နှင့် ပြည်တွင်း သို့မဟုတ် ပြည်ပမှ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီကို ဆိုသည်။
(တ) **ငွေရေးကြေးရေးအဖွဲ့အစည်းများ**ဆိုသည်မှာ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေတွင် အကျုံးဝင်ပါဝင်သော အဖွဲ့အစည်းများကို ဆိုသည်။
(ထ) **တစ်ဆင့်ခံရောင်းချသူများ**ဆိုသည်မှာ ငွေရေးကြေးရေးဈေးကွက်တွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်းနှင့် ရောင်းချခြင်းတို့အား စီမံဆောင်ရွက်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အစိုးရငွေချေး သက်သေခံလက်မှတ်များ ရောင်းဝယ်ရေးကုမ္ပဏီများကို ဆိုသည်။
(ဒ) **ကြွေးမြီပေးဆပ်ခြင်း**ဆိုသည်မှာ ကြွေးမြီအပေါ် ပေးချေရန်စေ့ရောက်သည့် အတိုးနှင့်အရင်းအပါအဝင် ကြွေးမြီဆိုင်ရာစည်းကမ်းချက်များအရ ကျခံရမည့် ကုန်ကျစရိတ်များအတွက် ပေးချေမှုများအားလုံး ဆောင်ရွက်ခြင်းကို ဆိုသည်။
(ဓ) **နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ** ဆိုသည်မှာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော စီးပွားရေးအဖွဲ့အစည်းများကို ဆိုသည်။
(န) **စည်ပင်သာယာရေးအဖွဲ့**ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဖွဲ့စည်းသောအဖွဲ့ကိုဆိုသည်။

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

## အခန်း(၂)
## အခွင့်အာဏာအပ်နှင်းခြင်းနှင့် ငွေချေးယူခြင်း

၃။ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၏ ငွေချေးယူခြင်း အခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးသည် နိုင်ငံတော်ကိုယ်စား ချေးငွေစာချုပ်များ ချုပ်ဆိုခြင်း၊ အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်း သို့မဟုတ် အခြားသော ချေးငွေစာချုပ်များတွင် ပါဝင် ဆောင်ရွက်ခြင်းနှင့် အစိုးရအာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့် ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ဒေသသုံးငွေကြေးဖြင့်သော်လည်းကောင်း၊ နိုင်ငံခြားငွေကြေးဖြင့်သော်လည်းကောင်း ငွေချေးယူနိုင်ရန် တစ်ဦးတည်းသော အခွင့်အာဏာရှိသူဖြစ်သည်။ ထိုသို့ချေးယူခြင်းသည် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းထားသော မည်သည့်ကန့်သတ်ချက်နှင့်မဆို ညီညွတ်မှုရှိရမည်။

၄။ ဝန်ကြီးသည် ရသုံးခန့်မှန်းခြေငွေစာရင်းပါ လျာထားချက်အတွင်း ငွေချေးယူရန်နှင့် အဆိုပါချေးငွေများ ပြန်လည်ပေးဆပ်ရေးတာဝန်တို့ကို ပြည့်မီရန် အခြားပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ယင်းဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးတစ်ဦးဦးသို့ အခွင့်အာဏာလွှဲအပ်နိုင်သည်။ ယင်းသို့ အခွင့်အာဏာလွှဲပြောင်းပေးခြင်းသည် ဝန်ကြီး၏တာဝန်ရှိမှုကို ပျက်ပြယ်ခြင်း မရှိစေရ။

၅။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ တာဝန်ဝတ္တရားအချို့ကို ဆောင်ရွက်ရန် ကိုယ်စားလှယ် သဘောတူစာချုပ်ချုပ်ဆို၍ ကိုယ်စားလှယ်ခန့်အပ်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၆။ အစိုးရအဖွဲ့သည် နိုင်ငံတော်ကိုယ်စား အောက်ပါကိစ္စရပ်များအတွက် ငွေချေးယူနိုင်သည်-

(က) နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်း၏လိုငွေကို ဖြည့်ဆည်းရန်၊

(ခ) စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ရန်ပုံငွေဖြည့်ဆည်းပေးရန်၊

(ဂ) နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေစာရင်းရှိ မြီရှင်လက်ကျန်ပမာဏ (Credit Balance) ကို ဝန်ကြီးက သတ်မှတ်ထားသောပမာဏအတွင်း ထိန်းသိမ်းထားရှိရန်၊

(ဃ) ကြွေးမြီလက်ကျန်များကို ပြန်လည်ပေးဆပ်ရန် သို့မဟုတ် ပေးချေရမည့်ရက်မတိုင်မီ ကြိုတင်ပေးဆပ်ရန်၊

(င) ဗဟိုဘဏ်ကထိန်းသိမ်းထားရှိသော နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေကို ပြန်လည်ဖြည့်တင်းရန်၊

(စ) အစိုးရအာမခံစာချုပ်လက်ကျန်များအရ ပေးရန်တာဝန်များကို ဖြည့်ဆည်းရန်၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသို့ ပြည်ထောင်စုလွှတ်တော် အတည်ပြုချက်နှင့်အညီ အစိုးရချေးငွေများပံ့ပိုးရန်၊

(ဇ) သဘာဝ သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ် သို့မဟုတ် အခြားသောနိုင်ငံတော်၏ မည်သည့်အရေးပေါ် အခြေအနေများကြောင့်မဆို ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုများကို မဆိုင်းမတွအကာအကွယ်ပေးရေး၊ လျှော့ချရေး သို့မဟုတ် တိုက်ဖျက်ရေးတို့ကို ဆောင်ရွက်နိုင်ရန်၊

(ဈ) ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းထားပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော လိုအပ်သည့် ရန်ပုံငွေဖြည့်ဆည်းရန်။

၇။ ပုဒ်မ ၆ ပါ ကိစ္စရပ်များအတွက် ငွေချေးယူခြင်းနှင့်စပ်လျဉ်း၍ အောက်ပါနည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရမည်-

(က) ရရှိလာသောချေးငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းသို့ဖြစ်စေ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ငွေချေးယူရန် ရည်ရွယ်၍ ဖွင့်လှစ်ထားသော ငွေစာရင်းတစ်ခုထဲသို့ဖြစ်စေ ထည့်သွင်းရမည်။

(ခ) တတိယပုဂ္ဂိုလ်အား ချေးငွေစာချုပ်နှင့်အညီ သော်လည်းကောင်း၊ ၎င်းနှင့် ဆက်စပ်သောစာချုပ်နှင့်အညီသော်လည်းကောင်း၊ သဘောတူညီချက်နှင့်အညီ သော်လည်းကောင်း တိုက်ရိုက်ငွေပေးချေနိုင်သည်။

၈။ အစိုးရကြွေးမြီအပေါ် မြီရှင်များ၏ ငွေတောင်းခံလာမှုကို နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဦးစားပေး ပေးရန်တာဝန်အဖြစ် ခွဲဝေလျာထားရမည်။ အဆိုပါငွေတောင်းခံမှုများကို ချုပ်ဆိုပြီးစာချုပ်များ၊ ပူးတွဲဘဏ္ဍာငွေဖြည့်ဆည်းခြင်းဆိုင်ရာကတိကဝတ်များ၊ ချေးငွေစာချုပ်များ၊ အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများတွင် နိုင်ငံတော်က အဖွဲ့ဝင်ထားခြင်းအတွက် လိုက်နာရမည့်တာဝန်များအပေါ် အခြေခံ၍ ဆုံးဖြတ်ရမည်။

## အခန်း (၃)
## ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ရည်ရွယ်ချက်များနှင့် မဟာဗျူဟာ

၉။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု၏ ရည်ရွယ်ချက်များသည် အစိုးရ၏ဘဏ္ဍာငွေဖြည့်ဆည်းမှု လိုအပ်ချက်များနှင့် ၎င်း၏ ငွေပေးချေရန်တာဝန်များအား ကာလလတ်မှ ကာလရှည်အထိ လက်ခံနိုင်ဖွယ်ရှိသော ဆုံးရှုံးနိုင်ခြေအဆင့်နှင့်အတူ ကုန်ကျစရိတ်အနည်းဆုံးဖြစ်စေရန်နှင့် အစိုးရငွေချေးသက်သေခံလက်မှတ်များအတွက် ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးရေးအား မြှင့်တင်ပေးရန်တို့ဖြစ်သည်။

၁၀။ ကာလလတ်ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို အနည်းဆုံး နောက်ဘဏ္ဍာရေးနှစ်(၃)နှစ် ကာလအတွက် ဝန်ကြီးကနှစ်စဉ်ပုံမှန်ရေးဆွဲ၍ အစိုးရအဖွဲ့က အတည်ပြုရမည်။

၁၁။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာသည် ပုဒ်မ ၆ တွင် ဖော်ပြထားသော ကိစ္စရပ်များအပေါ် အခြေခံရမည်ဖြစ်ပြီး အောက်ပါကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရမည်-

(က) မက်ခရိုစီးပွားရေးမူဘောင်၊

(ခ) အစိုးရ၏ အနာဂတ်ငွေချေးယူမှု လိုအပ်ချက်၊

(ဂ) ဈေးကွက်အခြေအနေများ၊

(ဃ) မဟာဗျူဟာဖော်ထုတ်ရေးနှင့်ဆက်စပ်သည့် အခြားကိစ္စရပ်များ။

၁၂။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာတွင် အောက်ပါတို့ပါဝင်ရမည်-

(က) ပြည်သူ့ကြွေးမြီနှင့် ထုတ်ဝေရောင်းချမည့် အစိုးရငွေချေးသက်သေခံလက်မှတ်များ စုပေါင်းခြင်းအတွက် အဆိုပြုလမ်းညွှန်ချက်များနှင့် တိကျသောလျာထားချက်များ၊

(ခ) အစိုးရငွေချေးသက်သေခံလက်မှတ်များဆိုင်ရာ ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးမှုအားမြှင့်တင်ပေးရန် စီမံကိန်းရေးဆွဲထားသောလုပ်ငန်းများ၊

(ဂ) ငွေထုတ်ချေးခြင်း၊ ထပ်ဆင့်ငွေထုတ်ချေးခြင်းနှင့် အာမခံချက်များ ထုတ်ပေးခြင်းတို့အတွက် မူဝါဒများနှင့် လမ်းညွှန်ချက်များ။

၁၃။ ဝန်ကြီးက အဆိုပြုတင်သွင်းပြီး အစိုးရအဖွဲ့က အတည်ပြုသော ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို -

(က) လာမည့်ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ ရေးဆွဲကျင့်သုံးရမည်။

(ခ) အဆိုပါမဟာဗျူဟာကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အစထက် နောက်မကျစေဘဲ ထုတ်ပြန်ကြေညာရမည်။

(ဂ) ယင်းမဟာဗျူဟာအား အတည်ပြုပြီးချိန်မှစ၍ အစိုးရငွေချေးယူမှုနှင့် အခြားပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု လုပ်ဆောင်ချက်များအားလုံးကို ယင်းမဟာဗျူဟာနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၄)
## ငွေချေးယူခြင်းနှင့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု

၁၄။ ပြည်တွင်းဈေးကွက်တွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချ၍ ငွေချေးယူခြင်းကို ဆောင်ရွက်ရာတွင်-

(က) မြန်မာနိုင်ငံအတွင်း အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းဖြင့် ငွေချေးယူရန် အစိုးရအဖွဲ့မှ တင်ပြလာသည့်အခါ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရမည်။

(ခ) အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ အမျိုးအစားနှင့် အင်္ဂါရပ်များကို ဝန်ကြီးက ကြိုတင်ဆုံးဖြတ်ပြီးနောက် အစိုးရကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာန သို့မဟုတ် ကိုယ်စားလှယ် လွှဲအပ်ခြင်းသဘောတူစာချုပ်အရ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကိုယ်စားလှယ်က ထုတ်ဝေရောင်းချရမည်။

(ဂ) အစိုးရငွေချေးသက်သေခံလက်မှတ်များ လေလံတင်ရောင်းချခြင်း၊ အစုစပ် ထည့်ဝင်ခြင်း (Syndication) သို့မဟုတ် ဝန်ကြီးက အတည်ပြုထားသော အခြားနည်းလမ်းဖြင့် ရောင်းချခြင်းတို့ကို သတ်မှတ်ထားသည့် စာရင်းမှတ်တမ်းသွင်းသည့် ပုံစံဖြင့်သာ ထုတ်ဝေရောင်းချရမည်။

(ဃ) အစိုးရငွေချေးသက်သေခံလက်မှတ်များကို လေလံတင်ရောင်းချရာတွင် ဝန်ကြီးက အတည်ပြုထားသော ထုတ်ဝေမည့်အချိန်ဇယားနှင့်အညီ ပြုလုပ်ရမည်။

(င) ထုတ်ဝေမည့် အချိန်ဇယားကို ကြိုတင်ထုတ်ပြန်ရမည်ဖြစ်ပြီး ထုတ်ဝေရောင်းချမည့်နေ့ရက်၊ ငွေချေးသက်သေခံလက်မှတ်အမျိုးအစားနှင့် သက်တမ်း၊ ထုတ်ဝေရောင်းချမည့်အများဆုံးပမာဏတို့ ပါဝင်ရမည်။

၁၅။ (က) ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝန်ကြီးက အတည်ပြုထားသည့် အစိုးရငွေချေး သက်သေခံလက်မှတ်များကို လေလံတင်ရန်နှင့် လေလံတင်သွင်းလာသော ကမ်းလှမ်းမှုများကို အစိုးရကိုယ်စား လက်ခံရန် လုပ်ပိုင်ခွင့်အာဏာရှိသည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်။

(ခ) အစိုးရငွေချေးသက်သေခံလက်မှတ်များကို လေလံတင်ခြင်း မဟုတ်သော အခြားနည်းဖြင့် ထုတ်ဝေရောင်းချမည်ဆိုပါက ယင်းတို့အတွက် စည်းကမ်းချက်များကို ဝန်ကြီးက ကြိုတင်၍အတည်ပြုပေးရမည်။

၁၆။ အစိုးရငွေချေးသက်သေခံလက်မှတ်များအား ပြည်ပတွင် ထုတ်ဝေရောင်းချ၍ ငွေချေးယူခြင်းကို ဆောင်ရွက်ရာတွင်-

(က) အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းဖြင့် ပြည်ပမှ ငွေချေးယူရန် အစိုးရအဖွဲ့က တင်ပြလာသည့်အခါ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရမည်။

(ခ) ဈေးကွက်၊ အစိုးရငွေချေးသက်သေခံလက်မှတ်အမျိုးအစား၊ သက်တမ်း၊ ထုတ်ဝေရောင်းချမည့်ပမာဏ၊ လက်ခံနိုင်သောကုန်ကျစရိတ်နှင့် တစ်ဆင့်ခံရောင်းချသူများကို ခန့်အပ်ခြင်းတို့ပါဝင်သော ထုတ်ဝေရောင်းချမည့်နည်းလမ်းကို ဝန်ကြီးက အတည်ပြုပေးရမည်။

(ဂ) အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းအတွက် လိုအပ်သော ဘဏ္ဍာရေးနှင့်ငွေပေးချေရေး ကိုယ်စားလှယ်များ၊ ဥပဒေဆိုင်ရာ ကိုယ်စားလှယ်များနှင့် အခြားကိုယ်စားလှယ်အဖွဲ့များ ခန့်အပ်ခြင်းကို ဝန်ကြီးက အတည်ပြုပေးရမည်။

(ဃ) အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းနှင့် စပ်လျဉ်းသောစာချုပ်များကို လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဝန်ကြီးက ဆောင်ရွက်ရမည်။

၁၇။ မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ချေးငွေစာချုပ်များချုပ်ဆို၍ ငွေချေးယူခြင်းကို ဆောင်ရွက်ရာတွင်-

(က) ပြည်ထောင်စုလွှတ်တော်သည် အစိုးရအဖွဲ့က ချေးငွေစာချုပ်ချုပ်ဆိုခြင်းဖြင့် ငွေချေးယူနိုင်ရန် တင်ပြလာပါက အတည်ပြုပေးရမည်။

(ခ) အစိုးရအဖွဲ့ကိုယ်စား ဝန်ကြီးသည် ချေးငွေစာချုပ်ဆွေးနွေးညှိနှိုင်းခွင့်နှင့် လက်မှတ်ရေးထိုးခွင့်တို့အား သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနှင့် သင့်လျော်သော အရာထမ်းများသို့ တာဝန်ပေးအပ်နိုင်သည်။

(ဂ) အစိုးရနှင့် ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ပြည်ပအစိုးရ သို့မဟုတ် အခြားမြီရှင်တို့အကြား ချုပ်ဆိုမည့်ချေးငွေစာချုပ်သည် ၎င်း၏ချေးငွေဆိုင်ရာ စည်းကမ်းချက်များအရ အစိုးရအဖွဲ့က အတည်ပြုပြီးမှသာ စတင်ဆောင်ရွက်ရမည်။

(ဃ) ဝန်ကြီးသည် ချေးငွေစာချုပ်များနှင့်ဆက်စပ်သော စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၈။ ချေးငွေများနှင့်စပ်လျဉ်း၍ ငွေချေးပေးသူ၏ သဘောတူညီချက်နှင့်အညီ ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို ဝန်ကြီး၏ အတည်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) ချေးငွေကိုပေးဆပ်ရမည့်ရက်မတိုင်မီ ကြိုတင်ပေးဆပ်ခြင်း၊

(ခ) ချေးငွေစည်းကမ်းချက်များကို ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း၊

(ဂ) ချေးယူငွေများအား ချေးငွေပုံစံတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲခြင်း သို့မဟုတ်၊

(ဃ) ချေးငွေနှစ်ခု သို့မဟုတ် နှစ်ခုနှင့်အထက်ကို ချေးငွေတစ်ခုတည်းအဖြစ် ပေါင်းစည်းခြင်း။

၁၉။ ဝန်ကြီးသည် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု ရည်ရွယ်ချက်များနှင့် အတည်ပြုထားသော မဟာဗျူဟာတို့နှင့်အညီ ငွေချေးယူမှုစီမံခန့်ခွဲခြင်း လုပ်ငန်းစဉ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၅)
## ငွေထုတ်ချေးခြင်းနှင့်ထပ်ဆင့်ငွေထုတ်ချေးခြင်း

၂၀။ ဘဏ္ဍာရေးကော်မရှင်က ခွင့်ပြုသောချေးငွေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ ငွေထုတ်ချေးခြင်းနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ငွေထုတ်ချေးခြင်းတို့ပြုရာတွင်-

(က) ဝန်ကြီးသည် မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်တစ်ဦးအားဖြစ်စေ ချေးငွေနှင့် သက်ဆိုင်သောစာချုပ်ကို နိုင်ငံတော်ကိုယ်စား လက်မှတ်ရေးထိုးခြင်းပြုနိုင်သည်။

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ချေးငွေဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။

၂၁။ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေ၏ ပုဒ်မ ၁၇ နှင့်အညီ-

(က) ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်ကိုယ်စား ပြည်ပမှ ငွေချေးယူနိုင်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ ထပ်ဆင့်ထုတ်ချေးနိုင်သည်။

(ခ) ယင်းထပ်ဆင့်ချေးငွေဆိုင်ရာ စည်းကမ်းချက်များအား အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးကသတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) အရ ဝန်ကြီးသည် ထပ်ဆင့်ငွေထုတ်ချေးခြင်းနှင့် စပ်လျဉ်းသောစာချုပ်များ၊ စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၂၂။ ဤအခန်းအရ ချေးငွေကို ထုတ်ချေးခြင်းမပြုမီနှင့် ချေးငွေကို အပြည့်အဝပြန်လည်ပေးဆပ်ခြင်းမပြုမီကာလအတွင်း ယင်းချေးငွေကို နိုင်ငံတော်က ဆုံးရှုံးမှုမရှိစေရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူဆန်းစစ်ရမည်။

## အခန်း (၆)
## နိုင်ငံတော်၏ အာမခံချက်များ

၂၃။ (က) မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် စီမံကိန်းကိုမဆို ချေးငွေအတွက် အာမခံချက်များနှင့် အခြားသောအာမခံပုံစံများကို အစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးက ထုတ်ပေးနိုင်သည်။

(ခ) ဝန်ကြီးသည် နိုင်ငံတော်၏ အာမခံချက်နှင့်စပ်လျဉ်းသည့် သဘောတူညီချက်များကို လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၂၄။ ဤအခန်းအရ နိုင်ငံတော်၏ အာမခံချက်ကို ထုတ်ပေးခြင်းမပြုမီနှင့် အာမခံချက် လက်ကျန်ကာလတစ်လျှောက် ထိုအာမခံချက်ထုတ်ပေးခြင်းကြောင့် အစိုးရ၏ ဆုံးရှုံးနိုင်ခြေကို ဘဏ္ဍာရေးဝန်ကြီးဌာနက ဆန်းစစ်ရမည်။ နိုင်ငံခြားငွေဖြင့် အာမခံချက်ပေးရန် လိုအပ်ပါက မြန်မာနိုင်ငံ၏ အရန်နိုင်ငံခြားငွေအပေါ် အကျိုးသက်ရောက်နိုင်ခြေရှိသောကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သဘောတူညီမှုကို ရယူရမည်။

၂၅။ နိုင်ငံတော်၏အာမခံချက်ဖြင့် ချေးငွေရယူသူသည် ပြည်ထောင်စုလွှတ်တော်က သီးခြားသတ်မှတ်ချက်မရှိလျှင် အဆိုပါအာမခံအတွက် ဝန်ကြီးက သတ်မှတ်သော အာမခံကြေးကို အစိုးရထံပေးသွင်းရမည်။

၂၆။ ဝန်ကြီးသည် နိုင်ငံတော်၏ အာမခံချက်ဖြင့် ချေးငွေရယူသူထံမှ ချေးငွေပြန်လည်ထုတ်ယူရန် သို့မဟုတ် ငွေပေးချေမှုကို စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

တောင်းခံရန် အခွင့်အာဏာ ရှိသည်-

(က) အာမခံချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အစိုးရက ကျခံထားသည့် ငွေကြေးအားလုံး၊

(ခ) အာမခံချက်နှင့်စပ်လျဉ်း၍ အစိုးရက ကျခံခဲ့သော အသုံးစရိတ်များအားလုံး၊

(ဂ) အာမခံချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အစိုးရက ကျခံသုံးစွဲခဲ့သည့် ငွေကြေးအားလုံးအပေါ် အတိုး။

## အခန်း (၇)
## ပြည်ထောင်စုဝန်ကြီးဌာနများက ငွေချေးယူခြင်း

၂၇။ ပုဒ်မ ၄ နှင့်အညီ ဝန်ကြီး၏အခွင့်အာဏာအပ်နှင်းမှုဖြင့် ပြည်ထောင်စုဝန်ကြီးဌာနသည် မိမိအဖွဲ့အစည်းအတွက်ဖြစ်စေ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အရ ငွေချေးယူနိုင်သည်။

၂၈။ ပြည်ထောင်စုဝန်ကြီးဌာနများသည် ချေးငွေစာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက် ဝန်ကြီးဌာနသို့ မိတ္တူမှန်တစ်စုံပေးပို့ရမည်။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုဝန်ကြီးဌာနများမှ စာချုပ်ချုပ်ဆို၍ ငွေချေးယူမှုများအားလုံးကို ပုဒ်မ ၄၁ ပုဒ်မခွဲ (ဌ)၊ (ဏ)၊ (တ) တို့တွင် ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်ရမည်။

## အခန်း (၈)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက ငွေချေးယူခြင်း

၂၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသော သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအရ ငွေချေးယူနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ငွေချေးယူမှုအားလုံးသည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အပြီးသတ် အတည်ပြုချက်တို့ကို ရယူရမည်။

၃၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ၎င်းတို့၏ ကြွေးမြီလက်ကျန်အခြေအနေ၊ ချေးငွေအသစ်ရယူမှုအခြေအနေများကို သုံးလပတ်တစ်ကြိမ်ကုန်ဆုံးပြီးနောက် တစ်လအတွင်း ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ကြွေးမြီဆိုင်ရာ အခြားသတင်းအချက်အလက်များကို ဝန်ကြီးကိုယ်စား စာဖြင့် ရေးသားတောင်းခံနိုင်သည်။

## အခန်း (၉)
## စည်ပင်သာယာရေးအဖွဲ့များက ငွေချေးယူခြင်း

၃၁။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စည်ပင်သာယာရေးအဖွဲ့ဆိုင်ရာ အခြားဥပဒေများ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ငွေချေးယူနိုင်သည်။ စည်ပင်သာယာရေးအဖွဲ့များ၏ ငွေချေးယူမှု အားလုံးသည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အပြီးသတ် အတည်ပြုချက်တို့ကို ရယူရမည်။

၃၂။ စည်ပင်သာယာရေးအဖွဲ့များသည် ၎င်းတို့၏ ကြွေးမြီလက်ကျန်အခြေအနေနှင့် ချေးငွေအသစ်ရယူမှုအခြေအနေများကို ဘဏ္ဍာရေးနှစ် သုံးလပတ်တစ်ကြိမ် ကုန်ဆုံးတိုင်း တစ်လအတွင်း ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် စည်ပင်သာယာရေးအဖွဲ့များ၏ ကြွေးမြီဆိုင်ရာအခြားသတင်းအချက်အလက်များကို ဝန်ကြီးကိုယ်စား စာဖြင့်ရေးသားတောင်းခံနိုင်သည်။

## အခန်း (၁၀)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက ချေးယူခြင်း

၃၃။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ငန်းများအား ဆောင်ရွက်ရန် ကိုယ်ပိုင်ရန်ပုံငွေဖြင့် မလုံလောက်ပါက မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များထံမှ ငွေချေးယူနိုင်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေချေးယူမှုအားလုံးသည် နှစ်စဉ်ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ အကောင်အထည်ဖော်ရမည်။

(ဂ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေချေးယူမှုအားလုံးသည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အပြီးသတ် အတည်ပြုချက်နှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ကြွေးမြီလက်ကျန်အခြေအနေနှင့် ချေးငွေအသစ်ရယူမှုအခြေအနေများကို ဘဏ္ဍာရေးနှစ် သုံးလပတ်တစ်ကြိမ် ကုန်ဆုံးတိုင်း တစ်လအတွင်း ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ပြည်သူ့ကြွေးမြီဆိုင်ရာ အခြားသတင်းအချက်အလက်များကို ဝန်ကြီးကိုယ်စား စာဖြင့်ရေးသားတောင်းခံနိုင်သည်။

## အခန်း (၁၁)
## စာရင်းပြုစုခြင်း၊ ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းနှင့် အစီရင်ခံတင်ပြခြင်း

၃၅။ ဘဏ္ဍာရေးဝန်ကြီးဌာနသည်-

(က) ပြည်သူ့ကြွေးမြီများ၊ ငွေထုတ်ချေးခြင်းများ၊ ထပ်ဆင့်ငွေထုတ်ချေးခြင်းများနှင့် နိုင်ငံတော်၏ အာမခံချက်ရှိသည့် ကြွေးမြီများနှင့် စပ်လျဉ်းသည့် ငွေပေးငွေယူဆောင်ရွက်ချက်အားလုံးကို ရသုံးခန့်မှန်းခြေငွေစာရင်းခေါင်းစဉ် အမျိုးအစားများနှင့် ငွေစာရင်းဇယားများ (Chart of Accounts) နှင့်အညီ မှတ်တမ်းတင်ထားရှိရမည်။ ပြည်သူ့ကြွေးမြီနှင့်သက်ဆိုင်သော ငွေပေးငွေယူ ဆောင်ရွက်ချက်အားလုံးအတွက် စာရင်းမှတ်တမ်းများအား သတ်မှတ်ချက်များနှင့်အညီ ဖော်ပြရမည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုအတွက် ငွေစာရင်းများထိန်းသိမ်းရာတွင် အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေးအစီရင်ခံတင်ပြမှု စံသတ်မှတ်ချက်များကို အတိအကျ လိုက်နာကျင့်သုံးရမည်။

၃၆။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ ကြွေးမြီများပေးဆပ်ခြင်းနှင့် ချေးငွေထုတ်ယူသုံးစွဲခြင်းအတွက် ခန့်မှန်းပြုစု၍ ရသုံးခန့်မှန်းခြေငွေစာရင်းညွှန်ကြားလွှာနှင့်အညီ လျာထားရမည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော် သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က အတည်ပြုထားသော လျာထားချက်ရှိရမည်။

၃၇။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်သူ့ကြွေးမြီပေးဆပ်မှု အသုံးစရိတ်ခန့်မှန်းခြေကို ပြင်ဆင်ပြုစုပြီး ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ထည့်သွင်းလျာထားရမည်ဖြစ်ပြီး လွှတ်တော်က အတည်ပြုထားသော ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားမှုတွင် မပါဝင်ခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်းတို့ဖြစ်ပါက နိုင်ငံတော်မှ ချေးယူငွေများနှင့် စပ်လျဉ်းသည့် အရင်း၊ အတိုးနှင့် ငွေချေးယူမှုကုန်ကျစရိတ်များကို အချိန်မီပေးဆပ်နိုင်ရေး ဆောင်ရွက်ရမည်။

၃၈။ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ခြောက်လထက် နောက်မကျစေဘဲ ဝန်ကြီးသည် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဆောင်ရွက်ချက်များ၊ အာမခံချက်များနှင့် ငွေထုတ်ချေးခြင်းနှင့် စပ်လျဉ်း၍ နှစ်ပတ်လည်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။ နှစ်ပတ်လည်အစီရင်ခံစာတွင် အောက်ပါတို့ကို ထည့်သွင်းဖော်ပြရမည်-

(က) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာဆိုင်ရာ သတင်းအချက်အလက်နှင့် ၎င်း၏ ရည်ရွယ်ချက်၊ ဘဏ္ဍာရေးနှစ်အတွင်း ယင်းမဟာဗျူဟာနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေ၊

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုရည်ရွယ်ချက်များ အောင်မြင်စေရန် ဆောင်ရွက်ရာတွင် ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ၌ပါဝင်သော သတင်းအချက်အလက်များနှင့် ကြွေးမြီစီမံခန့်ခွဲမှုဆောင်ရွက်ချက် အခြေအနေ၊

(ဂ) ဘဏ္ဍာရေးနှစ်အတွင်း ချုပ်ဆိုခဲ့သော ချေးငွေစာချုပ်အသစ်များအားလုံး၏ စည်းကမ်းသတ်မှတ်ချက်များ၊

(ဃ) အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက ချေးယူထားသော ကြွေးမြီလက်ကျန်စုစုပေါင်း၊

(င) ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နိုင်သည့်အခြေအနေများအရ ချေးငွေအမျိုးအစားခွဲခြားခြင်းအပါအဝင် ထုတ်ချေးငွေနှင့်ထပ်ဆင့်ချေးငွေ၏ လက်ကျန်စာရင်း၊

(စ) ငွေတောင်းဆိုလာနိုင်ခြေရှိသော အာမခံအမျိုးအစားပါဝင်သည့် နိုင်ငံတော်က ထုတ်ပေးထားသော အာမခံချက်များအားလုံးစာရင်း။

၃၉။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည်-

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ ပြည်သူ့ကြွေးမြီနှင့် စပ်လျဉ်းသော စီမံခန့်ခွဲမှုဆိုင်ရာဆောင်ရွက်ချက်များ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို နှစ်စဉ်စစ်ဆေးရမည်။

(ခ) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ စစ်ဆေးထားသည့် စာရင်းစစ်အစီရင်ခံစာများနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတသို့ တင်ပြသည်နှင့်တစ်ပြိုင်နက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

(ဂ) အစိုးရကြွေးမြီနှင့်စပ်လျဉ်းသော စီမံခန့်ခွဲမှုလုပ်ဆောင်ချက်များ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို အနည်းဆုံး (၃) နှစ် တစ်ကြိမ် စစ်ဆေးရမည်။

## အခန်း (၁၂)
## ဘဏ္ဍာရေးဝန်ကြီးဌာန၏တာဝန်များ

၄၀။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်သူ့ကြွေးမြီ၊ နိုင်ငံတော်၏ အာမခံချက်ရှိသည့်ကြွေးမြီ စာရင်းမှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည့် ကြွေးမြီစီမံခန့်ခွဲမှုကို ဆောင်ရွက်ရန် တာဝန်ရှိသည်။

၄၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ငွေချေးယူရေးအစီအစဉ်တို့ကို ပြုစု၍ ဘဏ္ဍာရေးဝန်ကြီးဌာန အင်တာနက်စာမျက်နှာတွင် ဖော်ပြရန်၊

(ခ) အစိုးရကြွေးမြီနှင့်စပ်လျဉ်းသော စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ၊ အာမခံချက်များ၊ ထုတ်ချေးငွေများနှင့်သက်ဆိုင်သည့် နှစ်ပတ်လည်အစီရင်ခံစာကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြရန်၊

(ဂ) ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့ကြွေးမြီနှင့် အများပြည်သူနှင့် သက်ဆိုင်သော အာမခံဖြင့်ရယူထားသည့် ကြွေးမြီဆိုင်ရာသတင်းအချက်အလက်များ၊ စာအုပ်စာတမ်းစာစောင်များ ထုတ်ဝေဖြန့်ချိရန်၊

(ဃ) ဤဥပဒေနှင့် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာတို့နှင့်အညီ အစိုးရကြွေးမြီကို စီမံခန့်ခွဲရန်၊

(င) မြန်မာနိုင်ငံတွင် ထုတ်ဝေရောင်းချမည့် ငွေချေးသက်သေခံ လက်မှတ်များအတွက် ထုတ်ဝေရောင်းချမည့် အချိန်ဇယားကို ရေးဆွဲပြင်ဆင်ရန်၊

(စ) လေလံရလဒ်များအတည်ပြုခြင်းအပါအဝင် ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းကို စီမံခန့်ခွဲရန်၊

(ဆ) မြီရှင်များနှင့် ညှိနှိုင်းဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ရန်နှင့် အစိုးရငွေချေးယူမှုများအားလုံးအတွက် ဝန်ကြီးအား အကြံပြုရန်၊

(ဇ) အစိုးရ၏အာမခံချက်များ ထုတ်ပေးရာတွင် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများကို ဆန်းစစ်၍ ဝန်ကြီးထံသို့ အစီရင်ခံစာပြုစုတင်ပြရန်၊

(ဈ) အာမခံချက်များအတွက် ဖြည့်ဆည်းပေးဆပ်နိုင်ရန် အစိုးရက ကျခံသုံးစွဲခဲ့သော အတိုးငွေနှင့် အခြားအသုံးစရိတ်များအပါအဝင် ပေးချေမှုများအားလုံးအတွက် ပြန်လည်ဖြည့်တင်းနိုင်ရေးဆောင်ရွက်ရန်၊

(ည) ထုတ်ချေးငွေများအတွက် ဆုံးရှုံးနိုင်ခြေကို ဆန်းစစ်၍ ဝန်ကြီးထံသို့ အစီရင်ခံစာပြုစုတင်ပြရန်၊

(ဋ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီဆိုင်ရာ အစီရင်ခံစာများပြုစုရန်နှင့် ကြွေးမြီအခြေအနေကို စောင့်ကြပ်ကြည့်ရှုရန်၊

(ဌ) ပြည်သူ့ကြွေးမြီလက်ကျန်များ၊ အာမခံချက်များနှင့် ထုတ်ချေးငွေများကို ကြွေးမြီမှတ်တမ်းတင်ခြင်းနှင့် စီမံခန့်ခွဲမှုစနစ်ဖြင့်အချိန်နှင့်တစ်ပြေးညီ စနစ်တကျရှင်းလင်းတိကျစွာ မှတ်တမ်းတင်ထားရှိရန်၊

(ဍ) ပြည်သူ့ကြွေးမြီပေးဆပ်ရန်တာဝန်များအားလုံးအတွက် အကြံပြုရန်၊

(ဎ) နှစ်စဉ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၏ အစိတ်အပိုင်းအဖြစ် ပြည်သူ့ကြွေးမြီပေးဆပ်မှုနှင့် ချေးငွေထုတ်ယူသုံးစွဲမှုခန့်မှန်းချက်များကို ပြုစုလျာထားပေးရန်၊

(ဏ) ချေးငွေစာချုပ်များအားလုံးနှင့် ကြွေးမြီစီမံခန့်ခွဲမှုမှတ်တမ်းများအားလုံးကို လုံခြုံစိတ်ချသောနေရာတွင် စနစ်တကျ သိမ်းဆည်းထားရှိရန်၊

(တ) ပြည်ထောင်စုဝန်ကြီးဌာနများမှ စာချုပ်ချုပ်ဆိုသော ချေးငွေများအားလုံးကို မှတ်တမ်းတင်ထားရှိရန်၊

(ထ) နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများထံ ထည့်ဝင်ရမည့် အစုရှယ်ယာ၊ ပေးချေခြင်းနှင့်စာရင်းထားရှိရန်၊

(ဒ) အစိုးရအဖွဲ့မှ ချေးငွေထုတ်ယူသုံးစွဲမှုများကို နှစ်ဖက်သဘောတူထားသော ချေးငွေထုတ်ယူသုံးစွဲရေးအချိန်ဇယားနှင့်အညီ ကြီးကြပ်ကွပ်ကဲရန်၊

(ဓ) ကြွေးကျန်များ သို့မဟုတ် အခြားပေးရန်တာဝန်များကို စိစစ်၍ ငွေပေးချေသည့်အခါတိုင်း လိုအပ်သည့်စိစစ်မှုများ ပြုလုပ်ရန်၊

(န) ဝန်ကြီးကပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်။

## အခန်း (၁၃)
## တားမြစ်ချက်များ

၄၂။ မည်သူမျှ အောက်ပါတို့ကို မပြုလုပ်ရ-

(က) ဘဏ္ဍာရေးဝန်ကြီး၏ ခွင့်ပြုချက်မရရှိဘဲ ငွေချေးယူခြင်း၊ ငွေချေးယူရန် အလို့ငှာ ညှိနှိုင်းခြင်း၊

(ခ) ပုဒ်မ ၆ တွင် ဖော်ပြထားသော ကိစ္စတစ်ရပ်ရပ်မှအပ အခြားကိစ္စရပ်အတွက် ငွေချေးယူခြင်း၊

(ဂ) ဤဥပဒေနှင့်အညီ ငွေချေးယူခြင်းအတွက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ခြင်း၊

(ဃ) ပုဒ်မ ၂၈၊ ၃၀၊ ၃၂ နှင့် ၃၄ တို့နှင့်အညီ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့ရမည့် သတင်းအချက်အလက်များတင်ပြရန် ပျက်ကွက်ခြင်း။

၄၃။ ပုဒ်မ ၄၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူ မည်သူမဆို နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ အရေးယူခြင်းခံရမည်။

## အခန်း (၁၄)
## အထွေထွေ

၄၄။ ပုဒ်မ ၁၄၊ ၁၅၊ ၁၆ တို့နှင့်အညီ မြန်မာနိုင်ငံတွင် ထုတ်ဝေရောင်းချသော အစိုးရ ငွေချေးသက်သေခံလက်မှတ်များအားလုံးအပေါ် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်များအတိုင်း အခွန်ကျသင့်စေရမည်။

၄၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဘဏ္ဍာရေးဝန်ကြီးဌာနက လိုအပ်သော အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၆။ The Government Securities Act (INDIA ACT X, 1920, Vol III) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

*ဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ဖြတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ်ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဖော်ပြပေးနေပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

" မောင် . . . မောင် . . . မောင် . . . "

ကျွန်တော်တို့ နှစ်ဦးလုံး ပြန်နစ်သွားကြပြန်သည်။ ငြိမ်းမောင်ကို ရေအောက်၌ တွန်းလွှတ်လိုက်ပြီး ရေပြင်ထက်တွင် ကျွန်တော်တစ်ဦးတည်းပေါ်ကာ အသက်ရှူလိုက်ရသည်။

ကျွန်တော့်ပါးပြင်ကို ခပ်ကြမ်းကြမ်း ရိုက်ပုတ်သည်ကို ခံစားရ၏။ ဖေဖေ့အသံကလည်း ပေါ်လာသည်။

"မောင် . . . ထစမ်း . . .။ မြန်မြန်ထစမ်း . . . "

ကျွန်တော်သည် အိပ်ရာမှ လူးလဲထလိုက်၏။

မီးရောင်ကြောင့် ရုတ်တရက် မျက်လုံးများ ကျိန်းသွားသည်။

မျက်လုံးများ ဖွင့်နိုင်သောအခါ ပထမဆုံး မြင်ရသည်မှာ စိုးရိမ်တကြီးနှင့် ငုံ့ကြည့်နေသော ဖေဖေ့ မျက်နှာကြီး ဖြစ်ပါ၏။ ခဏတွင်ပင် ထိတ်လန့်တုန်လှုပ်နေသော မေမေ၊ ဒေါ်လှယဉ်၊ ကြိုင်နှင့် လှိုင့်မျက်နှာများကို မြင်ရသည်။ ကျွန်တော်သည် လုံးဝအိပ်ချင်ပြေသွားသည်။

" ဘာလဲ . . . ဘာဖြစ်ကြလို့လဲ . . . "

ကျွန်တော့်အမေးကို လှိုင်က ဦးစွာဖြေသည်။

" မမခိုင် . . . မမခိုင် မရှိတော့ဘူး . . . "

ကျွန်တော်သည် ငေါက်ကနဲ ထထိုင်မိ၏။ ထိုအခိုက်တွင် အပြင်၌ မိုးသည်းထန်စွာ ရွာနေကြောင်းကျွန်တော် သတိပြုမိ၏။ ထိတ်လန့်စွာဖြင့် ကျွန်တော်က အော်သည်။

"ငြိမ်းမောင်ကော . . . ငြိမ်းမောင်ကော . . . ဟင် . . . "

ဖေဖေက ပြန်လည်တည်ငြိမ်လာပြီဖြစ်သော အသံနှင့် ဖြေသည်။

" ငြိမ်းမောင်လည်း မရှိဘူး။ ခိုင့်နောက်လိုက်သွားတယ် ထင်တယ်။ သူ လူတွေကို နှိုးသေးတယ်ထင်တာပဲ။ အသံလိုလိုတော့ ကြားမိတယ်ကွာ။ ဖေဖေ့အပြစ်ပဲ။ အားလုံးထဲမှာ ဖေဖေသတိထားဖို့ အကောင်းဆုံး။ ပင်ပန်းတာနဲ့ အိပ်ပျော်သွားတာ။ ကဲ လာ . . . လာ သွားကြရအောင် . . . "

ကျွန်တော်တို့အားလုံး အိမ်ပြင်သို့ ထွက်လာခဲ့ကြသည်။

မိုးက ပြင်းပြင်းထန်ထန်နှင့် သည်းသည်းမည်းမည်းပင် ရွာနေ၏။ အရေးထဲ တစ်အိမ်လုံးတွင် လက်နှိပ်ဓာတ်မီး နှစ်ခုသာရှိသည်။

ကျွန်တော်တို့က လူနှစ်စု ခွဲသည်။ သို့ရာတွင် ဘယ်ဆီလိုက်ရှာရမှန်း မသိ။ သတိကောင်းသော ဖေဖေက မြေပြင်ကို လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်စုံစမ်းသည်။

"မောင် . . . လာ၊ ဒီမှာကြည့်စမ်း ငြိမ်းမောင် ချိုင်းထောက်ရာတွေ မဟုတ်လား " ကျွန်တော်က ဖေဖေ ပြသည်ကို ကြည့်မိသည်။ မှန်သည်၊ မြေပျော့ရာ၌ ငြိမ်းမောင် ချိုင်းထောက်ရာများ ထင်ကျန်ရစ်သည်။

ဖေဖေနှင့် ကျွန်တော်သည် ချိုင်းထောက်ရာများအတိုင်း လိုက်ခဲ့သည်။

ကျွန်တော့်ခေါင်းဆီသို့ အသိဉာဏ်တစ်ရပ်သည် ချက်ချင်းဝင်လာ၏။ ကျွန်တော်သည် ဖေဖေ့လက်မှ လက်နှိပ်ဓာတ်မီးကို လုယူပြီး ဆိုမိ၏။

" ကျွန်တော် သိပြီ၊ ဖေဖေတို့ လိုက်ခဲ့ကြ "

ဤမျှသာဆိုပြီး ကျွန်တော်သည် လွမ်းစေတီဘက်သို့ အားသွန်ပြေးခဲ့သည်။

မိုးဒဏ်၊ လေဒဏ်ကြောင့် ထင်းရှူး၊ ပွင့်ယား၊ ပန်းတမာနှင့် ချယ်ရီပင်ကြီးများသည် လှုပ်ရှား ယိမ်းယိုင် ညည်းညူနေကြသည်။

မိုးထဲလေထဲတွင် ကျွန်တော် ပြေးသည်။ ခြေကုန်သုတ်၍ ပြေးသည်။ ပြေးရင်းလည်း လက်နှိပ်ဓာတ်မီးနှင့် ဟိုဟိုသည်သည် ထိုးကြည့်မိ၏။

ကမ္ဘောဇကောလိပ်ဘေးရှိ ရေအိုင်ပြွန်သည် ရေတံခွန်ပမာ တဟဲဟဲ စီးကျနေ၏။ ကျွန်တော်က မနားဘဲ ဆက်ပြေးသည်။ လွမ်းစေတီတောင်ခြေ ရောက်သည်အထိ ဆက်ပြေးသည်။

တောင်ခြေမှ တောင်ထိပ်သို့ ကျွန်တော်က လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။

တောင်ထိပ် မရောက်တရောက်၌ ငြိမ်းမောင်သည် ချိုင်းထောက်ကြီးကို အားပြုလျက် ခက်ခဲပင်ပန်းစွာ တက်နေ၏။

" ငြိမ်းမောင်ရေ ဆက်သွား . . . ဆက်သွား ငါလိုက်လာပြီ . . . "

ကျွန်တော်သည် နောက်ဆုံးရှိသမျှ အားကုန်သွန်၍ တောင်ထိပ်သို့ ပြေးတက်လာ၏။

ကျွန်တော် တောင်ထိပ်သို့ရောက်၍ ငုံ့ကြည့်လိုက် သောအခါ တစ်ဖက် တောင်ဆင်ခြေလျှောအတိုင်း ငြိမ်းမောင်သည် မယုံနိုင်ဖွယ် လျင်မြန်ခြင်းတို့ဖြင့် ဆင်းနေသည်။

ငြိမ်းမောင် ရှေ့ရှုသွားရာ တောင်ဆင်ခြေလျှောအဆုံး ကမ်းပါးစွန်း၌ ဖြူဖွေးသော သဏ္ဍာန်လေးတစ်ခုသည် လက်များကို ရှေ့တန်းလျက် ရပ်နေ၏။

ကျွန်တော်သည် အသံကုန်ဟစ်၍ အော်သည်။

" ခိုင် . . . ခိုင် . . . ခိုင်ရေ . . . မောင် လာပြီ၊ ခိုင့်မောင် လာပြီ "

သို့ရာတွင် ကျွန်တော့်အသံကို ထစ်ချုန်းပစ်ခွင်းလိုက်သော မိုးကြိုးသံက လွှမ်းသွား၏။ ဝင်းဝင်းလက်သွားသော လျှပ်စီးရောင်တွင် ကမ်းပါးစွန်း၌ လက်ကလေးနှစ်ဖက် ရှေ့တန်းကာ ရပ်နေသော ခိုင့်ကို နောက်ဆုံးမြင်လိုက်ရ၏။

ကျွန်တော်သည် တောင်ထိပ်မှ တစ်ဟုန်ထိုး ဆင်းပြေးသည်။ ကိုယ့်အရှိန် ကိုယ်မသတ်နိုင်သော ငြိမ်းမောင်ကို အချိန်မီ ဖမ်းမိပြီး မြေပေါ်အတူလုံ့ချလိုက်ရ၏။

ကျွန်တော်တို့နှစ်ဦးသည် လေးငါးပတ် လိမ့်သွားပြီး ကမ်းပါးစွန်းရှိ ကျောက်စွယ်တစ်ခုနှင့် ခံကာရပ်သွားသည်။ ကမ်းပါးစွန်း၌ ခိုင်မှ မရှိပြီ . . .။

ကျွန်တော်က လွင့်စင်သွားသော လက်နှိပ်ဓာတ်မီးကို အရေးတကြီး ရှာသည်။ ကံအားလျော်စွာ ကျွန်တော်တို့ မလှမ်းမကမ်း၌ သွားတွေ့၏။

ကျွန်တော်နှင့် ငြိမ်းမောင်သည် ကမ်းပါးစွန်း၌ တစ်ဦးကို တစ်ဦးဖက်ရင်း တုန်လှုပ်စွာရပ်နေကြသည်။ ကမ်းပါးစွန်းမှ ချောက်အခြေဆီသို့ ရေများ တဟောဟော စီးဆင်းကျနေသည်။ ကျွန်တော်က ချောက်အခြေဆီ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။

ဝေးလံသော အောက်ခြေတွင် ခွေခွေလေး လျောင်းလဲလျက်ရှိနေသော ခိုင့်ကို တွေ့ရပါသတည်း . . .။ တွေ့ခဲ့ရပါသတည်း။

စဝ်စံထွန်းဆေးရုံကြီးသို့ ရောက်ခဲ့ပြီးသည့် အချိန်မှစ၍ ကျွန်တော်သည် လူနာပေါင်းများစွာ၏ အသက်ကို ကယ်ခဲ့ဖူးသည်။ မရဏာမင်းနှင့် စစ်ခင်းပြိုင်ရာ၌ တစ်ကြိမ်မျှ ကျွန်တော်မရှုံးဖူးသေး။

ယခုမူ သူ့အလှည့်ရောက်၍ ကျွန်တော် လက်မြှောက်အရှုံးပေးရမည်ကဲ့သို့ ရှိနေပါသည်။

ကျွန်တော် အရှုံးပေး၍ သူ့လက်တွင်း အပ်နှင်းရဖွယ်ဖြစ်နေသော လူနာမှာ ကျွန်တော့် အချစ်ဆုံးသူတစ်ယောက်ဖြစ်နေသည့်အတွက်သာ အသည်းက နာလှပါ၏။

သတိပြန်လည်မလာသေးသော ခိုင့်ကို သွေးသွင်းပေးထားရ၏။ ဤသွေးတို့သည် ခိုင့်အသက်ကို ကယ်ယူရန် မလွယ်မှန်း ကျွန်တော်သာ အသိဆုံးဖြစ်ပါ၏။ အသိဆုံးဖြစ်၍ နှလုံးကြေလုရှိသည်။

ကျွန်တော်နှင့်အတူ ခိုင့်ဘေးတွင် ဖေဖေ ရှိသည်။ လှိုင်ရှိသည်။ ကျွန်တော်တို့အပေါ် ဖခင်ပမာကြင်နာသော ဆေးရုံအုပ်ကြီးကိုယ်တိုင်လည်း ရှိနေသည်။

ကျွန်တော်တို့အားလုံးသည် တစ်စတစ်စ အသက်ရှူမြန်လာကာ လှုပ်ရှားနေသော ခိုင့်ရင်ကို နောက်ဆုံးမျှော်လင့်ချက်အဖြစ် ကြည့်နေကြသည်။


ခိုင့်နှလုံးခုန်သံ မြန်လာသကဲ့သို့ ကျွန်တော်တို့ နှလုံးများကလည်း ခုန်နေကြသည်။ ခိုင့်အသက်ရှူသံပြင်းလာသကဲ့သို့ ကျွန်တော်တို့ အသက်ရှူသံများကလည်း ပြင်းလာကြသည်။ နှစ်၊ လ၊ ရက်ပမာ တွက်ဆရသော စက္ကန့်များ အဆုံး၌ ကျွန်တော်တို့၏ အနိမ့်ဆုံးမျှော်လင့်ချက်သည် ပြည့်ဝလာ၏။

ခိုင့်နှုတ်ခမ်းလေးများက လှုပ်လာ၏။ ခိုင့်မျက်တောင်ကော့များကလည်း ပင်ပန်းစွာ တစ်ချက်ပွင့်လာပြီး ပြန်မှိတ်သွား၏။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


Fully Light Travels & Tours
FULLY LIGHT GROUP
30-7-2015 To 4-8-2015
ဝါဆိုလပြည့်နေ့ အထူးခရီးစဉ်
(၁) စီးအန်းမြို့ရှိ ဗုဒ္ဓမြတ်ဘုရား၏ လက်ညှိုးတော်ဓါတ်တော်စစ်အားဖူးမြော်ခြင်း
(၂) ကမ္ဘာ့အံ့ဖွယ် Terracotta ရုပ်ထုလေ့လာခြင်းနှင့် အထင်ကရနေရာများ
01- 503815, 516985, 516964, 516932, 0933377719, 0933377783
B-801,Dagon Center(I),Bargayar Road, Sanchaung Township.


SHCHC မဟာခရီး ဗုဒ္ဓဂယာဘုရားဖူးအကျိုးဆောင်လုပ်ငန်း
ထိုင်း-ကမ္ဘောဒီးယား (၃) ရက်ခရီး (31 July ထွက်မည်) ၊ ဗုဒ္ဓဂယာ (၇) ရက်ခရီး ၊ (၁၄) ရက်ခရီးစာရင်းပေးသွင်းနိုင်ပါသည်။
သီရိလင်္ကာ-ကန္ဒီဗုဒ္ဓမြတ်စွယ်တော်-အနုရာဓပူရမူလစေတီပင်-ထူပါရာမ-မဟိယင်္ဂဏ
ပန်ကောက်-မြဘုရား၊ အယုဒ္ဓယ၊ နကွန်ပသွန်၊ ပတ္တယား၊ ချင်းမိုင်၊ မယ်ဆိုင်၊ ရွှေတြိဂံ
သီရိလင်္ကာ စွယ်တော်ပွဲ ဩဂုတ်လ (၁၁) ရက်



KMD Education Services
ISO · SQA · LCCI · City & Guilds · HUAWEI · Microsoft Official Learning Partner
နိုင်ငံတကာအသိအမှတ်ပြု IT Professional တစ်ယောက်ဖြစ်လိုလျှင် ကမ္ဘာ့အဆင့်ထူးချွန်ကျောင်းသား / သူများ နှစ်စဉ်မွေးထုတ်ပေးနေတဲ့ KMD မှ ကြိုဆိုလျက်ပါ။
အစိုးရဌာနများ၊ ကုမ္ပဏီများ၊ NGO အဖွဲ့အစည်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ အလုပ်ရှာဖွေရေး Agency များ၊ လူမှုရေးအသင်းအဖွဲ့များအတွက် သင်တန်းချိန် နှင့် သင်တန်း များကို လိုအပ်ချက်ပေါ်မူတည်၍ ညှိနှိုင်းသင်ကြားပေးပါသည်။
အပတ်စဉ်တန်းခွဲသစ်များနှင့် လစဉ် Seminar များ စီစဉ်ပေးထားပါသည်။





| (ပန်းဆိုးတန်း) | (မြေနီကုန်း) | (လှည်းတန်းလမ်း) | (သိမ်ကြီးဈေး) | (တာမွေ-၁/၂) | (လှည်းတန်း-၁/၂) | (ကမ္ဘာအေး) |
|---|---|---|---|---|---|---|
| ဖုန်း-၃၈၁၀၃၅၊ ၃၈၁၁၂၉ | ဖုန်း-၅၂၇၄၃၆၊ ၅၀၂၂၃၃ | ဖုန်း-၂၂၅၅၅၅၊ ၂၃၀၃၈၁ | ဖုန်း-၃၈၄၂၆၈၊ ၃၈၀၆၄၃ | ဖုန်း-၅၄၁၃၂၈/၅၄၆၆၀၀ | ဖုန်း-၅၂၄၄၀၀/၅၀၂၂၁၁ | ဖုန်း-၆၆၀၈၈၇ |



**အမျိုးသမီး အရောင်းဝန်ထမ်း အလိုရှိသည်**

နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။

နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါသွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။

မှတ်ချက်။ ။ ဆိုင်ခန်းတွင်သာ ခန့်ထားရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၇၂၃၄၀၊ ၀၉-၅၁၉၅၇၂၁

(ရုံးအချိန်အတွင်းသာ)



**အသိပေးကြေညာချက်**

ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MAKASSAR HIGHWAY V.155A သင်္ဘောသည် ၁၅-၇-၂၀၁၅ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက် ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ဖုန်း-၂၀၁၁၉၁၊ ၂၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



**ဝန်ထမ်းအလိုရှိသည်**

ဂျပန်စာ N2, N3 အောင်ပြီးသော အသက်(၃၀)ဝန်းကျင်ရှိသူများ လျှောက်ထားနိုင်သည်။

**PH**-၀၉-၇၃၀၆၆၅၉၀၊ ၀၉-၄၂၁၁၅၀၃၃၃



**နေလစံ** အဆီကျဗိုက်ချပ်လိုသူများအတွက်
ဗိုက်ချပ်လိမ်းဆေး၊ အဆီကျသောက်ဆေး၊ ယားနာလိမ်းဆေး
တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီ၊ အမြို့မြို့အနယ်နယ်မှ ဆေးမျိုးစုံဆိုင်တိုင်းတွင် ရနိုင်ပါသည်။
ပင်ရင်း- Ph: 01-200491, 09-5041238

# ဘန်းလမွတ်ကျေးရွာ ရွာလုံးကျွတ်မြေအငှားဂရန် ရရှိရေးညှိနှိုင်းဆွေးနွေး

**တနင်္သာရီ ဇူလိုင် ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ဘန်းလမွတ်ကျေးရွာ အုပ်စု ဘန်းလမွတ်ရွာအတွင်း နှစ်ပေါင်းများစွာကတည်းက အသက်မွေးဝမ်းကျောင်းပြုနေထိုင်ခဲ့ကြသည့် အိမ်ခြေ ၁၆၁ လုံးတို့အား မြို့နယ်အဖွဲ့မှ အဆင့်ဆင့် ထောက်ခံမှုအရ နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှုဖြင့် စံပြကျေးရွာအဆင့် ကျေးရွာလုံးကျွတ်မြေအငှားဂရန်(မြေငှားစာချုပ်)ရရှိရေး ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၈ ရက် မွန်းလွဲ ၂ နာရီက ဘန်းလမွတ်ကျေးရွာ ဇေယျသိဒ္ဓိမေ့ကျောင်း ဓမ္မာရုံအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လမ်းညွှန်ချက်နှင့်အညီ မြေယာကိစ္စများ ကင်းရှင်းသည့် ဘန်းလမွတ်ရွာအား(ပထမ)ဦးစားပေး စံပြကျေးရွာအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဒေသခံပြည်သူများ အိမ်ခြံမြေကွက်များအား မြေယာပိုင်ဆိုင်မှုလက်ဝယ်ရရှိစေရန် မြို့နယ်လုပ်ငန်းအဖွဲ့နှင့် ကျေးရွာလုပ်ငန်းအဖွဲ့တို့ပူးပေါင်း၍ အခမဲ့ကွင်းဆင်းတိုင်းတာဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးကျော်နိုင်ထက်က အောက်ခြေရှိ မြေအနေအထားအတိုင်း မှတ်တိုင်များ စိုက်ထူမည်ဖြစ်ပါသဖြင့် ဒေသခံများကလည်း ကူညီပေးကြပါရန်နှင့် မြို့နယ်(လဝက)ဒု-ဦးစီးမှူး ဦးတိုးဝင်းစိုးကလည်း မြေယာပိုင်ဆိုင်မှုတွင် မရှိမဖြစ်လိုအပ်သော နိုင်ငံသားစိစစ်ရေးကတ်များ၊ အမျိုးသားမှတ်ပုံတင်ကတ်နှင့် ၆၆/၆ အိမ်ထောင်စုစာရင်းကို ချက်ချင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ မြို့နယ်မြေစာရင်းဦးစီးဌာန မြေတိုင်းဝန်ထမ်းများက ၎င်းဘန်းလမွတ်ကျေးရွာအတွင်း အိမ်ခြေ ၁၆၁ အိမ်အား မြေအမျိုးအစားလိုက် တိုင်းထွာခြင်း၊ ဘေးပတ်ဝန်းကျင် အသိသက်သေများ သဘောထားမှတ်ချက်နှင့် သုံးဘက်မြင်ဓာတ်ပုံများဖြင့် အခမဲ့မြေအငှားဂရန်ရရှိရေးအတွက် စက်တင်ဘာလကုန်တွင်ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဒေသခံရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပူးပေါင်းကူညီကြရန် ညှိနှိုင်းဆွေးနွေးခဲ့သည်။ ဒေသခံများကလည်း မရှင်းလင်းသည့်များမေးမြန်း၍ သက်ဆိုင်ရာတို့က ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။ **ထိန်ဝင်း(ပြန်ဆက်)**



# လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိသုံးစွဲနိုင်ရေး ထရန်စဖော်မာ တိုးချဲ့တပ်ဆင်

**မတ္တရာ ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း မတ္တရာမြို့ ဓာတ်အားခွဲရုံမှ မတ္တရာမြို့ အမှတ်(၂)ရပ်ကွက် ရွှေဘုံသာရပ်ရှိပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာ ရရှိသုံးစွဲနိုင်ရေးအတွက် (၁၁/၀ ဒသမ ၄) ကေဗွီ (၂၀၀) ကေဗွီအေ ထရန်စဖော်မာ အသစ်တစ်လုံးကို ဇူလိုင် ၁၂ ရက်က တိုးချဲ့တပ်ဆင်ခဲ့ကြောင်း သိရသည်။

"မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက တာဝန်ရှိသူတွေရော ကုမ္ပဏီကိုရော ကျေးဇူးအများကြီးတင်ပါတယ်။ အရင်ကျွန်တော်တို့ရပ်ကွက်မှာ ညပိုင်းဆိုရင် ဗို့အားက ၁၂၀ လောက်ပဲရတော့ မီးအားမမီဘူး။ သုံးလို့လဲမရပါဘူး။ မကြာခဏ ဓာတ်အား ပြတ်တာတွေ၊ ဗို့အားကျတာတွေ ကြုံနေရတယ်။ အခု ရွှေဘုံသာရပ်ကွက်အတွက် သီးသန့် ထရန်စဖော်မာတစ်လုံး တပ်ဆင်ပေးလို့ မီးသုံးရတာတွေ ကောင်းသွားပါပြီ။ ဗို့အားလည်းပုံမှန် ၂၀၀ ဝန်းကျင်မှာရှိပါတယ်။ နောက်နှစ်တွေမှာလည်း ရပ်ကွက်အတွင်းမှာရှိနေတဲ့ ဟောင်းနွမ်း ၄၀၀ ဗို့ သစ်သားတိုင်တွေအစား ကွန်ကရစ်တိုင်တွေနဲ့ လဲပေးမယ်လို့ ကြားရတဲ့အတွက် ဝမ်းသာနေကြပါတယ်။ အခုသစ်သားတိုင်တွေက စိတ်မချရဘူး၊ လျှပ်စစ်အန္တရာယ်အတွက် စိုးရိမ်နေရတယ်။ လျှပ်စစ်အန္တရာယ်မဖြစ်ခင် လဲထားနိုင်ရင် အန္တရာယ်အကင်းဆုံးပါပဲ" ဟု အဆိုပါ ရပ်ကွက်နေသူတစ်ဦးက ပြောသည်။

မတ္တရာမြို့နေပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် အမှတ်(၂)ရပ်ကွက်တွင် (၄၀၀)ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ (၃၁၅) ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ (၂၀၀) ကေဗွီအေ ထရန်စဖော်မာနှစ်လုံး၊ အမှတ်(၃) ရပ်ကွက် တွင်(၃၁၅) ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ အမှတ်(၅)ရပ်ကွက်တွင် (၂၀၀)ကေဗွီအေ ထရန်စဖော်မာနှစ်လုံး တပ်ဆင်ခဲ့သည်။ **စိုးကျော်သူထွေး(မတ္တရာ)**

# ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် အခြေအနေအစီရင်ခံစာ တရားဝင်ထုတ်ပြန်

**မကွေး ဇူလိုင် ၁၂**

မကွေးခရိုင် မကွေးမြို့ ပြည်တော်သာရပ်ကွက် အ-ထ-က (၁)လမ်းရှိ အဆင့်မြင့် မြို့တော်ခန်းမတွင် ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် အခြေအနေအစီရင်ခံစာ တရားဝင်ထုတ်ပြန်ခြင်း အခမ်းအနားအား ဇူလိုင် ၉ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ဦးနေဝင်းမှ အဖွင့်အမှာစကား ပြောကြားပြီး UNDP အကြီးတန်းအရာရှိ ဦးအေးလွင်မှ ဒေသန္တရလုပ်ငန်းစဉ်လေ့လာမှုအကြောင်း မိတ်ဆက်တင်ပြခဲ့သည်။ မကွေးတိုင်းဒေသကြီးအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဆွေက အဓိကကျသော အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။ ဒေသန္တရအုပ်ချုပ်ရေး လုပ်ငန်းစဉ် အခြေအနေ အစီရင်ခံစာအား UNDP အကြီးတန်းအရာရှိ ဦးအေးလွင်ထံမှ လက်ခံဆောင်ရွက်ခြင်းတို့ ပြုလုပ်ကာ UNDP မှ ပြသသည့် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ရပ်ရွာလူထု ဆွေးနွေးပွဲ(ပြည်သူတို့ရဲ့အသံ) မှတ်တမ်းရုပ်ရှင်ဇာတ်ကားတို့အား ပြသခဲ့သည်။ ယင်းနောက် UNDP စီမံကိန်းအရာရှိ ဒေါ်မွန်မွန်သိန်းက မကွေးတိုင်းဒေသကြီး ဒေသန္တရ အုပ်ချုပ်ရေးလုပ်ငန်းစဉ်လေ့လာမှုမှ အဓိကတွေ့ရှိချက်များကို တင်ပြခဲ့သည်။ UNDP အကြီးတန်းအရာရှိက တက်ရောက်လာသူများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် မည်သို့လုပ်ဆောင်ကြမည်ကို အုပ်စု သုံးစုဖွဲ့၍ ဆွေးနွေးခဲ့သည်။

အခမ်းအနားတွင် တရားဝင် ထုတ်ပြန်ခဲ့သော ဒေသန္တရအုပ်ချုပ်ရေးလုပ်ငန်းစဉ် လေ့လာမှုကို မကွေးတိုင်းဒေသကြီး၌ ၂၀၁၄ခုနှစ်တွင်စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပြည်သူ ၃၀၀၊ ဝန်ဆောင်မှုပေးသူနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူ ၁၀၀ ခန့်တို့က ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့် ပြည်သူများပူးပေါင်းပါဝင်မှု၊ အခြေခံဝန်ဆောင်မှုများ (အထူးသဖြင့် မူလတန်းပညာရေး၊ အခြေခံကျန်းမာရေးဆောင်ရွက်ပေးမှုနှင့် သောက်သုံးရေ) ရရှိမှု၊ သတင်းအချက်အလက် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့နှင့် ပတ်သက်၍ ၎င်းတို့၏ အတွေ့အကြုံများနှင့် အမြင်များကို မျှဝေပေးခဲ့သည်။ မကွေးတိုင်းဒေသကြီး လေ့လာမှုသည် ပခုက္ကူ၊ ဂန့်ဂေါ၊ မင်းတုန်းမြို့နယ်များရှိ ပြည်သူများ၊ ဝန်ဆောင်မှုပေးသူများ၊ အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများအား ဒေသန္တရအုပ်ချုပ်ရေးနှင့် ဝန်ဆောင်မှုပေးခြင်းတို့နှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းမှုများကို လွှမ်းခြုံမိကြောင်း UNDP တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဇေယျတု(မကွေး)**

(၇)ကြိမ်မြောက်အလုပ်အကိုင်အခွင့်အလမ်းများပြပွဲ

အလုပ်ရှာနေသူများနှင့်ဝန်ထမ်းအလိုရှိသူများတိုက်ရိုက်တွေ့ဆုံပွဲ

Main Sponsor

အခွင့်အလမ်း ဂျာနယ်

Opportunity Journal

ကျင်းပမည့်နေ့ရက် – ၂၀၁၅ခုနှစ် – ဇူလိုင် (၂၄–၂၅–၂၆)

ကျင်းပမည့်အချိန် – နံနက်(၉:၀၀မှ၅:၀၀)

ကျင်းပမည့်နေရာ – တပ်မတော်ခန်းမ(ဦးဝိစာရလမ်း၊ရန်ကုန်)

CV များများယူလာခဲ့ဖို့မမေ့ပါနဲ့

ပြပွဲသို့လာရောက်ကြသူများအတွက် ထင်ရှားကျော်ကြားသော စီးပွားရေးလုပ်ငန်းရှင်များမှ ၎င်းတို့၏အတွေ့အကြုံများအား ဝေမျှပေးမည့်အစီအစဉ်များ၊ ဖုန်း(ဟန်းဆက်)ကံစမ်းမဲအစီအစဉ်များပါဝင်မည်ဖြစ်သည်။

အသေးစိတ်သိလိုပါက – ၀၉ – ၅၁၄၂၃၃၁၊ ၀၉ – ၇၃၁ ၂၁၇၅၄၊ ၀၉ – ၇၃၁၆၁၇၂ များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

NZM

နေဇင်မင်းကုန်စည်ပို့ဆောင်ရေး

www.nzm-logistics.com
info@nzm-logistics.com

ရန်ကုန် ⇄ မန္တလေး ⇄ မူဆယ်နှင့်မြန်မာပြည်အနှံ့သို့
ကုန်စည်ပို့ဆောင်ပေးခြင်း၊ ဂျူတီဝန်ဆောင်မှု
များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။



ရန်ကုန်ရုံး
အမှတ်(၇၉/၈၁)၊ အခန်း (၇၀၅/၇၀၆)၊ ၇လွှာ၊ စင်ထရယ်တာဝါ၊ အနော်ရထာလမ်း၊ ၃၉ လမ်းနှင့် ၄၀ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၀၅၀၈၅၈၊ ၀၉ ၄၃၁၁၇၇၁၅၊ ၀၉ ၅၀၄၂၂၃၇

မန္တလေးရုံး
တိုက်ခန်း အမှတ်(J-4)၊ ပြည်ကြီးမင်္ဂလာ ကုန်တင်ယာဉ်ရပ်နားစခန်းဝင်း၊ စွယ်တော်ဘုရားအရှေ့မြောက်ဘက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၂၅၄၂၄၉၁၉၇၊ ၀၉ ၄၃၁၁၇၇၁၈

ကျယ်ဂေါင်ရုံး
တိုက်နံပါတ် ၃၁၁၊ ကျယ်ဂေါင်ကားကြီးဝင်းပါတ်လမ်း၊ မန်ဝိန်းပေါက်အနီး၊ ကျယ်ဂေါင်မြို့။
ဖုန်း - ၀၉ ၂၅၄၂၄၉၁၉၇၊ ၀၉ ၂၅၈၈၃၈၂၉၇

# ကယားပြည်နယ်အတွင်း ကုန်းမြင့်လယ်ယာမြေများဖော်ထုတ်



**လွိုင်ကော် ဇူလိုင် ၁၂**

ကယားပြည်နယ်အတွင်း ရွှေ့ပြောင်းတောင်ယာစနစ်မှ အတည်တကျလုပ်ကိုင် ဆောင်ရွက်နိုင်သော လှေကားထစ်လယ်ယာမြေစနစ်သို့ ပြောင်းလဲကျင့်သုံးနိုင်ရန်၊ သစ်တောပြုန်းတီးမှုမှ ကာကွယ်နိုင်စေရန်နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ရာသီသီးနှံ၊ နှစ်ရှည်သီးနှံပင်များ တိုးချဲ့စိုက်ပျိုးပြီး ဝင်ငွေတိုးကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ဆောင်ဒူလာရွာသစ်ကျေးရွာအုပ်စုတွင် ကုန်းမြင့်လယ်ယာမြေ ၁၀၀ ဧကအား ဖော်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ကုန်မြင့်လယ်ယာမြေ ဖော်ထုတ်ခြင်းလုပ်ငန်းအား ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကယားပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် စက်မှုလယ်ယာဦးစီးဌာန၊ အထက်မြန်မာပြည် လယ်ယာမြေဖော်ထုတ်ရေးရုံး (နေပြည်တော်)မှ တာဝန်ယူ၍ မေလဒုတိယအပတ်မှ စတင်ကာ စက်ယန္တရားကြီးများဖြင့် ဖော်ထုတ်ပေးလျက်ရှိပြီး ယခုအခါ ၅၀၀ ဧကခန့် ဖော်ထုတ်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**လွိုင်ကော်ခရိုင်ပြန်/ဆက်**

## ညောင်ရွှေမြို့နယ်တွင် နွေစပါး စံကွက်ရိတ်သိမ်း တစ်ဧကပျမ်းမျှ တင်း ၃၀၀ ကျော်ထွက်ရှိ

**ညောင်ရွှေ ဇူလိုင် ၁၂**

၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါး စိုက်ပျိုးရာသီတွင် စပါးတစ်ဧက တင်း ၂၀၀ အထက် အထွက်နှုန်းယှဉ်ပြိုင် စံပြကွက် ၁၀ ဧက စံကွက်ရိတ်သိမ်းခြင်းကို ဇူလိုင် ၉ ရက်နံနက်ပိုင်းက ညောင်ရွှေမြို့နယ် မိုင်းပျိုးကျေးရွာအုပ်စု ကွင်းအမှတ်-၁၀၈၊ ဦးပိုင် ၂၀၈ ရှိ တောင်သူဦးနု၏ လယ်မြေတွင် ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

ယင်းစံပြရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မိုးသီတာထိုက်က အထူးအထွက်တိုး ပုလဲသွယ်စပါး တစ်ဧကပျမ်းမျှတင်း ၂၀၀ အထက် အထွက်နှုန်း ရရှိရေးဆောင်ရွက်မှုနှင့် ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များ ကျင့်သုံးရေးတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပုလဲသွယ် အထူးအထွက်တိုးစပါးကို ရိတ်သိမ်း၍ စံကွက်ယူခဲ့ရာ တစ်ဧက အစိုအထွက်နှုန်း ၃၃၀ ဒသမ ၅၀ တင်း၊ အခြောက်အထွက်နှုန်း ၃၀၀ ဒသမ ၇၆ တင်း ထွက်ရှိကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ဝင်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစဝ်စွမ်ဝိုင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**နေမျိုးသူရိန်**

## နိုင်ငံခြားသားဧည့်သည်များအား တရားဝင်ဧည့်လမ်းညွှန်ထားရှိရန် လို

**ပဲခူး ဇူလိုင် ၁၂**

ပဲခူးမြို့သည် သမိုင်းဝင်တန်ခိုးကြီးဘုရားများတည်ရှိရာရောက်ရှိလာသော နိုင်ငံခြားသားဧည့်သည်တစ်ချို့မှာ ဧည့်လမ်းညွှန်တစ်ပါတည်းပါလာခဲ့သော်လည်း တစ်ချို့နိုင်ငံခြားဧည့်များမှာတော့ ဧည့်လမ်းညွှန်ပါလာခြင်းမရှိဘဲ ပဲခူးမြို့သို့ ရောက်ရှိလာသည်ကိုတွေ့ရသည်။

"ဧည့်လမ်းညွှန်မပါဘဲ ရောက်လာတဲ့နိုင်ငံခြားသားဧည့်သည်တွေကိုပဲခူးမှာ တရားဝင်မဟုတ်ဘဲ လိုက်လံပြီး ရိုက်စားလမ်းညွှန်လုပ်နေတဲ့အဖွဲ့တွေလဲရှိနေကြတယ်။ တစ်ခါတစ်လေ ရိုက်စားလမ်းညွှန်အချင်းချင်း စကားများ ရန်ဖြစ်ကြ၊ အတင်းလု၊အတင်းဆွဲနဲ့ မြင်မကောင်းအောင်ဖြစ်နေကြလို့ မြန်မာတွေကို အထင်အမြင်သေး၊ ဂုဏ်သိက္ခာကျစရာတွေ ဖြစ်ချင်သလိုဖြစ်နေကြတာပါ"ဟု မြို့ခံတစ်ဦးက ပြောပြသည်။ ပဲခူးမြို့တွင်း တရားဝင်ဧည့် လမ်းညွှန်များထားရန် လိုအပ်နေပြီဖြစ်ကြောင်းဎင်းက ဆက်လက်ပြောကြားသည်။

**မျိုးသိန်း(ပဲခူး)**

## ရေလုပ်သားအဖြစ် လူကုန်ကူးခံရသူအား ထောက်ပံ့ငွေများပေးအပ်

